# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၉) ရက် ၊ အင်္ဂါနေ့ ၊ (1-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၈၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အာရှနှင့်သမုဒ္ဒရာဒေသရှိ သတင်းအချက်အလက်နည်းပညာဆိုင်ရာ အသင်းချုပ် ASOCIO က ချီးမြှင့်သည့် Digital Government Award ဆု လက်ခံရယူ







**နေပြည်တော် အောက်တိုဘာ ၃၁**

စင်ကာပူနိုင်ငံ Resorts World Sentosa Convention Centre ၌ အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပသည့်အာရှနှင့်သမုဒ္ဒရာဒေသရှိ သတင်းအချက်အလက်နည်းပညာဆိုင်ရာအသင်းချုပ် Asian-Oceanian Computing Industry Organization (ASOCIO) Digital Summit 2022 သို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်တစ်ဦးတို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် Digital Trust Forum ကို **စာမျက်နှာ ၂၁ ကော်လံ ၁ သို့**

## တက္ကသိုလ်နေ့သင်တန်း ပထမနှစ် (ပထမနှစ်ဝက်) ဝင်ခွင့်ရသူများစာရင်း ကြေညာထားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

၁။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် တက္ကသိုလ်နေ့သင်တန်း ပထမနှစ်(ပထမနှစ်ဝက်) ဝင်ခွင့်ရသူများစာရင်းကို နိုဝင်ဘာ ၃ ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များ၊ ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့်အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းများကို နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

## မန်းရတနာပုံလေကြောင်းလိုင်းက ရန်ကုန်-မန္တလေး - မြစ်ကြီးနား - မန္တလေး - ရန်ကုန် ခရီးစဉ်ကို နိုဝင်ဘာ ၁ ရက်မှ စတင်ပျံသန်းပြေးဆွဲပေးသွားမည်

စာမျက်နှာ - ၂၈

## ပြည်ပသို့ သကြားတိုးမြှင့်တင်ပို့ ရောင်းချပေးနိုင်ရန်အတွက် သကြားစက်ရုံ လေးရုံ တိုးချဲ့တည်ဆောက်နေ

စာမျက်နှာ - ၅






ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်

အယ်ဒီတာ့အာဘော်

# ကောင်းခြင်းမင်္ဂလာနှင့်ပေါ်ထွန်းလာသော ဆင်ဖြူတော်ရတနာ

တိုင်းပြည်အုပ်ချုပ်သော အစိုးရမင်းများမှာ မင်းကျင့်တရားဆယ်ပါးနှင့် ညီညွတ်ပြည့်စုံသည့် ကာလများတွင် ဆင်ဖြူတော်များပေါ်ထွန်းလာသည့် ရှေးအစဉ်အလာရှိပါသည်။ ဆင်ဖြူတော်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ ခေတ်တစ်ခေတ်၊ သမိုင်းတစ်ကွေ့မှာ ဖြစ်ထွန်းပေါ်ပေါက်ဖို့ အင်မတန်ခဲယဉ်းလှသည့် ရတနာတစ်ပါးဖြစ်ပါသည်။ ဆင်အရေအတွက်တစ်ထောင်မှာ ဆင်ဖြူတစ်စီးတွေ့ရခဲလှပါသည်။

ဆင်ဖြူတော်ကို ရှေးမြန်မာမင်းများ အစဉ်အဆက်နှစ်သက်မြတ်နိုးကြသည်။ ဆင်ဖြူတော်တစ်စီးသည် တိုင်းပြည်၏ ကောင်းမြတ်သောပုံရိပ်ကို ကိုယ်စားပြုဖော်ပြနိုင်သည်။ ဆင်ဖြူတော်သည် မိုးလေဝသမှန်ကန်ခြင်း၊ ကောက်ပဲသီးနှံတို့ အောင်မြင်ဖြစ်ထွန်းခြင်း၊ ခပ်သိမ်းသောလူအပေါင်း သီလစောင့်ခြင်း စသည့်ဂုဏ်အင်တို့လည်း ပြည့်စုံစေသည်ကို ဝေသန္တရာဇာတ်တော်လာ ဆင်ဖြူတော်အကြောင်းတွင် တွေ့နိုင်သည်။

ယခုနှစ် ဇူလိုင် ၂၃ ရက် မင်္ဂလာအချိန် နံနက် ၆ နာရီ မိနစ် ၃၀ တွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှက ဆင်ဖြူတော်(အထီး) ကလေးတစ်စီးကို ဖွားမြင်ခဲ့ပြီး ယခုအခါ နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိနေကာ မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိသည်မှာ ခပ်သိမ်းသောပြည်သူတို့ ကြည်ဖြူရွှင်လန်း၍ နှစ်ထောင်းအားရဖွယ်ဖြစ်ပေသည်။ ဆင်ဖြူတော်ကလေးကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၀ ရက် (မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်) တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် အမည်တော်ပေးမင်္ဂလာအခမ်းအနားကျင်းပခဲ့ပြီး ဆင်ဖြူတော်၏ဘွဲ့အမည်မှာ ရဋ္ဌနန္ဒက (ရဋ္ဌ-တိုင်းပြည်၊ နိုင်ငံ။ နန္ဒက-ချစ်ခင်မြတ်နိုးခြင်း၊ သာယာပျော်ရွှင်ခြင်း) (မြန်မာအဓိပ္ပာယ်အပြည့်အစုံမှာ- တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)ဖြစ်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပပေးခြင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးခြင်း၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားဆောင်ရွက်ခြင်း စသည်တို့အပြင် ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအောင် တည်ဆောက်လျက်ရှိနေသည်မှာ အထင်အရှားပင်ဖြစ်သည်။ ထိုသို့ နိုင်ငံတော်အတွက် ကောင်းသောအကြောင်းအရာများ စွမ်းဆောင်နေခြင်းကြောင့် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ဒသမမြောက် ဤရဋ္ဌနန္ဒကအမည်ရသော ယဉ်ကျေးပြီး ချစ်ဖွယ်ကောင်းသည့် ဆင်ဖြူတော်တစ်စီးပေါ်ထွန်းလာခြင်းဖြစ်သည်ဟု ကောက်ချက်ချနိုင်ပေသည်။

နိုင်ငံအတွက် အခြေအနေကောင်းများ ဖန်တီးပေးနေချိန်တွင် ဒသမမြောက်ဆင်ဖြူတော်ရတနာရဋ္ဌနန္ဒက ထူးခြားစွာပေါ်ထွန်းလာခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများ အောင်မြင်ပြီးမြောက်၍ တိုင်းပြည်သာယာဝပြောကာ စားရေရိက္ခာများ တိုးပွားစည်ပင်တော့မည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ငြိမ်းချမ်းသာယာပြီး ဘေးဆိုးကပ်ဆိုးရောဂါဆိုးများကွယ်ပျောက်၍ နိုင်ငံတော်၏ဂုဏ်သိက္ခာကျက်သရေမင်္ဂလာတို့ ပြည့်ဝလာတော့မည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မန္တလေးဆိပ်ကမ်းရှိ ရုပ်ပြေးအမြန်ရေယာဉ်များ ရေနည်းချိန်ကာလတွင် ကုန်တန်ချိန် ၁၀၀ ခန့်ထိသာ တင်ဆောင်သွားလာသင့်ဟုဆို



**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေးဆိပ်ကမ်းရှိ ရုပ်ပြေးအမြန်ရေယာဉ်များ ရေနည်းချိန်ကာလတွင် ကုန်တန်ချိန် ၁၀၀ ခန့်ထိသာ တင်ဆောင်သွားလာသင့်ကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

မကြာမီကာလတွင် ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလသို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ ထိုသို့ ရေနည်းချိန်ကာလရောက်ရှိလာပါက မန္တလေးဆိပ်ကမ်းမှ ဆန်၊ ကြက်သွန်၊ ဆီ၊ ဆား၊ ငရုတ် စသည့်ကုန်စည်အမျိုးမျိုးကို သပိတ်ကျင်း၊ ရွှေကူ၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့ တင်ပို့မည့် ရုပ်ပြေးအမြန်ရေယာဉ်များအနေဖြင့် ကုန်တန်ချိန်ကို ပိုမိုသယ်ဆောင်မှုများ မပြုလုပ်ကြရန်လိုအပ်ကြောင်း သိရသည်။

"ရေနည်းကာလရောက်ရင် မန္တလေးဆိပ်ကမ်းမှာ ရေယာဉ်ရဲ့ အရွယ်အစားနဲ့မချိန်ဘဲ တင်နိုင်သလောက် ကုန်တွေကိုတင်သွားရင် မြစ်အတွင်း ရေယာဉ်တွေ နစ်မြုပ်နိုင်ပြီး လူ့အသက်အန္တရာယ်တွေပါ ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် လာမဲ့ ရေနည်းချိန်ကာလမှာ ရုပ်ပြေးအမြန်ရေယာဉ်တွေအနေနဲ့ ကုန်တန်ချိန်တွေကို အနည်းဆုံးအနေအထားဖြစ်တဲ့ တန်ချိန် ၁၀၀ လောက်သာတင်ဆောင်သွားလာကြဖို့လိုပါတယ်"ဟု ဦးဝင်းမောင်က ဆက်လက်ပြောပြသည်။

ရေနည်းချိန်ကာလတွင် ဧရာဝတီမြစ်အတွင်း သွားလာနေကြသည့်ရေယာဉ်များ အထူးသဖြင့် ကုန်စည်၊ ကျောက်စရစ်တင်တဲ့ ရေယာဉ်ကြီးများ ရေစူးကန့်သတ်ချက်ထက် ကျော်လွန်တင်ဆောင်သွားလာမှုမပြုလုပ်ကြရန် လိုအပ်ကြောင်း၊ ရေယာဉ်များက ရေစူးကန့်သတ်ချက်ထက် ကျော်လွန်တင်ဆောင်သွားလာမှုကြောင့် ရေလမ်းကြောင်းများပျက်စီးခြင်း၊ ရေယာဉ်များ ဘေးအန္တရာယ်ကျရောက်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ရေစူးကန့်သတ်ချက်များကို လိုက်နာရန် လိုအပ်ကြောင်း သိရသည်။

မန္တလေးမြို့မှ အခြားမြို့များသို့ ပြေးဆွဲပေးနေသည့် ခရီးသည်တင်နှင့် ကုန်တင်သင်္ဘောအပါအဝင် ရုပ်ပြေးအမြန်ရေယာဉ် စုစုပေါင်း အစီးရေ ၆၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပဲကြီးနှင့် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာ

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပဲကြီးနှင့်စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ပဲကြီးနှင့်စားတော်ပဲများကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပကပါ အဝယ်လိုက်နေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အောက်တိုဘာ ၂၄ ရက်က မန္တလေး ဈေးကွက်အတွင်းမှာ ပဲကြီးသုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၂၃၀၀၀၀ ပဲပေါက်ဈေးရှိခဲ့တယ်။ ဒီနေ့ပေါက်ဈေးအရ ပဲကြီးသုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၂၃၅၀၀၀ ထိပေါက်ဈေးရှိနေတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာ၂၄ ရက်က စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါ အရောင်းအဝယ်ကောင်းမွန်လာမှုကြောင့် ယနေ့ပေါက်ဈေးအရ စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀ ရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ (TW) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀၊ ကုလားပဲ (929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀၊ ကုလားပဲ(V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၉၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

(၁၈၄)

# တရုတ်နိုင်ငံက ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်အတွင်း ပျားဖယောင်းများ ဈေးကောင်းရရှိနေ

**မန္တလေး အောက်တိုဘာ ၃၁**

တရုတ်နိုင်ငံက ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်အတွင်း ပျားဖယောင်းများ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

ယခုနှစ် ပျားရည်ထုတ်လုပ်သည့်ရာသီတွင် ပျားရည်ထုတ်လုပ်ရုံတင်မကဘဲ ကျန်ရှိသည့် ပျားသလက်မှ ပျားဖယောင်းထုတ်လုပ်ရောင်းချလျက်ရှိရာ လက်ရှိအချိန်တွင် တရုတ်နိုင်ငံက ဝယ်ယူမှုကြောင့် ပျားဖယောင်းတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ မှ ၁၀၀၀၀ ထိရရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ပျားအုံကနေ ပျားရည်ထုတ်လုပ်ပြီး စွန့်ပစ်ပစ္စည်းအနေနဲ့ ထားရှိခဲ့တဲ့ ပျားသလက်ကနေ ပျားဖယောင်း ထုတ်လုပ်တာဖြစ်ပါတယ်။ အဲဒီ ပျားဖယောင်းဈေးကွက်ဟာ အခုနှစ်ကစတင်ပြီး မန္တလေးဈေးကွက်အတွင်းမှာ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဒီနှစ်မှာ ပျားလုပ်သားတွေဟာ အပိုဝင်ငွေတွေ ရရှိနေကြပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ဘယ်နေရာမှာ အသုံးပြုကြတယ်ဆိုတာကို မသိရသေးပါဘူး။ တရုတ်နိုင်ငံအနေနဲ့ ပျားဖယောင်းကို အရင်နှစ်တွေက များများစားစား မဝယ်ကြပေမဲ့ အခုနှစ်မှာတော့ ရသလောက်ဝယ်ယူမှုတွေရှိနေပါတယ်။ ပြည်ပပို့ကုန်အမည်သစ်အနေနဲ့ သတ်သတ်မှတ်မှတ်ပို့လို့ရတဲ့ အနေအထားရှိပါတယ်"ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း သဘာဝပျားအုံမှ ထုတ်လုပ်သည့် ပျားဖယောင်းသည် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ရရှိပြီး မွေးမြူရေးပျားအုံမှထုတ်လုပ်သည့် ပျားဖယောင်းသည် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ရရှိကြောင်း၊ ဈေးကွက်အတွင်း၌ မွေးမြူရေးပျားဖယောင်းထက် သဘာဝပျားဖယောင်းက ပိုပြီးဈေးကောင်းရရှိကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နောင်ချိုမြို့နယ် လွယ်ပန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နောင်ချို အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လွယ်ပန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လွယ်ပန်းကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ၊ အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီသီအောင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် များနှင့် အသင်းသား၊ အသင်းသူ များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အေးသူ**

# ပေါက်ခေါင်းမြို့နယ် စိုင်ပစ်အင်းကျေးရွာ၌ မြေသားရေကန်တူးဖော်ပြီးစီးမှု စစ်ဆေး

**ပေါက်ခေါင်း အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်းရန်ပုံငွေဖြင့် စိုင်ပစ်အင်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စိုင်ပစ်အင်းကျေးရွာ၌ အလျားပေ ၁၂၀၊ အနံပေ ၁၀၀ ရှိ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

စိုင်ပစ်အင်းကျေးရွာ၌ မြေသား ရေကန် တူးဖော်ခြင်းလုပ်ငန်းကို Cash For Work စီမံကိန်းရန်ပုံငွေ ကျပ် သိန်း ၁၀၀ ဖြင့် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သုတ**

# ယခုနှစ် အောက်တိုဘာလအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၃ ခု ခွင့်ပြုပေးခဲ့



**နေပြည်တော် အောက်တိုဘာ ၃၁**

ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၃ ခု ခွင့်ပြုပေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အောက်တိုဘာလအတွင်း လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးလုပ်ငန်းကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ စသည့်ကဏ္ဍများတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ် ၁၃ ခု ခွင့်ပြုပေးခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၇၈ သန်းနှင့် ငွေကျပ် ၁၅၆ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံခဲ့ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်အတွင်းမှာမြန်မာနိုင်ငံကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံထိ ဝင်ရောက်လာဖို့ မျှော်မှန်းထားပြီး အခုလက်ရှိမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁ ဘီလီယံလောက်ထိ ဝင်ရောက်ထားလို့ မျှော်မှန်းထားတဲ့ပမာဏထက် ကျော်လွန်ပြီဖြစ်ပါတယ်။ အလားတူ အခုဘဏ္ဍာနှစ်အတွင်းမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏကို ငွေကျပ်ဘီလီယံ ၁၀၀၀ ထိ မျှော်မှန်းထားပြီး အခုလက်ရှိမှာ မျှော်မှန်းချက်ရဲ့ ၅၀ ရာခိုင်နှုန်းကျော်ဖြစ်တဲ့ ငွေကျပ် ၅၄၅ ဘီလီယံ လောက်ထိ ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောပြသည်။

ယခုဘဏ္ဍာနှစ်အတွင်း အောက်တိုဘာလကုန်ထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၅ ခု ခွင့်ပြုပေးနိုင်ခဲ့ပြီး အဆိုပါလုပ်ငန်းများ၌ စက်မှုကဏ္ဍတွင် ၂၉ ခု၊ ဝန်ဆောင်မှုကဏ္ဍတွင် နှစ်ခု၊ စိုက်ပျိုးရေးကဏ္ဍတွင် နှစ်ခု၊ လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် ၁၀ ခု၊ အိမ်ရာအဆောက်အအုံကဏ္ဍတွင် တစ်ခုနှင့် သတ္တုတူးဖော်ရေးကဏ္ဍတွင် တစ်ခုတို့ ပါဝင်ကြောင်း သိရသည်။

ထို့အတူ ယခုဘဏ္ဍာနှစ်အတွင်း အောက်တိုဘာလကုန်ထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၉ ခု ခွင့်ပြုပေးနိုင်ခဲ့ပြီး အဆိုပါလုပ်ငန်းများတွင် ဝန်ဆောင်မှုလုပ်ငန်း ရှစ်ခု၊ စက်မှုလုပ်ငန်းအခု ၂၀၊ လျှပ်စစ်စွမ်းအင်လုပ်ငန်းနှစ်ခု၊ မွေးမြူရေးလုပ်ငန်းတစ်ခု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း လေးခု၊ စိုက်ပျိုးရေးလုပ်ငန်းနှစ်ခု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတစ်ခုနှင့် အိမ်ရာအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတစ်ခုတို့ပါဝင်ကြောင်း သိရသည်။ **မိုးယံ(ဥက္ကလာ)**

# ဇလွန်မြို့နယ် စက်ကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

**ဇလွန် အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် စက်ကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စက်ကုန်းကျေးရွာ၌ အရှည်ပေ ၁၇၀၀၊ အကျယ် နှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

စက်ကုန်းကျေးရွာတွင် ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄၁ သိန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလဒုတိယပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းပြီးစီး ပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း များဆောင်ရွက်ပြီးစီးပါက စက်ကုန်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **မောင်နိုင်**

# လားရှိုးခရိုင် မြို့နယ် ငါးမြို့နယ်တွင် ဆီထွက်သီးနှံစုံ ၁၀၇၇၁ ဧက ရိတ်သိမ်းပြီးစီး

**လားရှိုး အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မြို့နယ် ငါးမြို့နယ်တွင် ဆီထွက်သီးနှံစုံ ၁၀၇၇၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

လားရှိုးခရိုင် လားရှိုးမြို့နယ်၊ သိန္နီမြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ ကွမ်းလုံမြို့နယ်တို့တွင် မိုးရာသီဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စုစုပေါင်းဧက ၉၃၀၀၀ ကျော်ကို အောက်တိုဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းလျက်ရှိရာ ယနေ့ထိ ဆီထွက်သီးနှံစုံ ၁၀၇၇၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"လားရှိုးခရိုင်မှာ မိုးရာသီဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာတွေကို ရိတ်သိမ်းနေပါတယ်။ လက်ရှိမှာတော့ ရိတ်သိမ်းဆဲဆီထွက်သီးနှံတွေကို ရာသီဥတု အခြေအနေပေါ်မူတည်ပြီး ပျက်စီးဆုံးရှုံးမှု မရှိစေဖို့၊ အချိန်မီပြီးစီးစေဖို့အတွက် သက်ဆိုင်ရာမြို့နယ်အလိုက် အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်နေပါတယ်။ ဒေသတွင်းစားသုံးဆီဖူလုံမှုရှိစေဖို့အတွက် ဆောင်းရာသီဆီထွက်သီးနှံတွေ အချိန်မီစိုက်ပျိုးနိုင်စေဖို့၊ လိုအပ်တဲ့မျိုးစေ့တွေ၊ သွင်းအားစုတွေ အချိန်မီရရှိစေဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မြို့နယ်အလိုက် ဆီထွက်သီးနှံစိုက်ပျိုးကြမဲ့ တောင်သူတွေအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) ချေးငွေတွေကို ထုတ်ချေးပေးနေပါတယ်"ဟု ရှမ်းပြည်နယ် (မြောက်ပိုင်း)စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

လားရှိုးခရိုင်အတွင်း မြို့နယ်အလိုက် ဆီထွက်သီးနှံများ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် လားရှိုးမြို့နယ်တွင် မြေပဲ ၁၉၆၆ ဧက၊ နှမ်း ၆၂ ဧက၊ နေကြာ ၈၂ ဧက၊ သိန္နီမြို့နယ်တွင် မြေပဲ ၅၈ ဧက၊ နှမ်းဧက ၂၀၊ နေကြာ ၈၂ ဧက၊ တန့်ယန်းမြို့နယ်တွင် မြေပဲဧက ၅၀၉၀၊ မိုင်းရယ်မြို့နယ်တွင် မြေပဲ ဧက ၃၃၅၀၊ နှမ်း ၁၃ ဧက၊ ကွမ်းလုံမြို့နယ် တွင် နှမ်း ၄၈ ဧကတို့ဖြစ်ကြောင်း ရှမ်းပြည် နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်စောဦး(မောရှမ်းမြေ)**



# အနှစ် ၂၀ စီမံကိန်းကာလ၏မြန်မာ့စက်မှုလုပ်ငန်းများ (အပိုင်း-၁၄)

ပါမောက္ခကိုကိုအောင်




**အနှစ် ၂၀ စီးပွားရေးစီမံကိန်းကာလအတွင်းက ခုတ်မောင်းပြေးဆွဲခဲ့သော ခေတ်မီဒီဇယ်ရထားတွဲ။**

မြန်မာနိုင်ငံတွင် နှစ်တိုနှစ်ရှည် အနှစ် ၂၀ စီမံကိန်းကာလအတွင်း စက်ရုံသစ်များကို တည်ထောင်အကောင်အထည်ဖော်ပြီး စက်မှုကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားစေရေးဆောင်ရွက်ခဲ့ရာ၌ ကျွမ်းကျင်လုပ်သားရရှိရေးအတွက် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။ ပြည်သူပိုင်စက်ရုံများ တည်ထောင်ရန်၊ စက်များတပ်ဆင်ရန်၊ စက်များကိုင်တွယ်အသုံးပြုရန်နှင့် ပြုပြင်ထိန်းသိမ်းရန်တို့အတွက် နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များကို ခေါ်ယူခဲ့ရသည်။ ထိုပညာရှင်များက မြန်မာနိုင်ငံ၌ နှစ်ရှည်လများနေထိုင်ပြီးလုပ်ငန်းဆောင်ရွက်ကြသည်မဟုတ်ဘဲ လုပ်ငန်းပြီးဆုံးသည့်အခါ သို့တည်းမဟုတ် ကန်ထရိုက်စာချုပ်ကာလပြီးဆုံးသည့်အခါ သက်ဆိုင်ရာနေရပ်အသီးသီးသို့ပြန်ကြသည့်အတွက် စက်ကြီး၊ စက်ငယ်များကိုကျွမ်းကျင်စွာမောင်းနှင်ရန်၊ ကုန်ပစ္စည်းထုတ်လုပ်နှုန်းကိုထိန်းသိမ်းရန်နှင့် ပြုပြင်ရန် စသည်တို့မှာ မြန်မာနိုင်ငံသား စက်မှုလုပ်သားများ၏ စွမ်းဆောင်ရည်အပေါ်၌ များစွာမူတည်နေခဲ့သည်။ မခေါ်မဖြစ်အကြောင်းများကြောင့်သာ နိုင်ငံရပ်ခြားမှ ကျွမ်းကျင်ပညာရှင်များကို ငွေကုန်ကြေးကျခံ၍ ခေါ်ယူရသော်လည်း စက်ရုံအလုပ်ရုံများအတွင်း အောက်ခြေမှစ၍ စက်ပြင်လုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း၊ အင်ဂျင်နီယာလုပ်ငန်း စသည်တို့အတွက် လုပ်သားကောင်းများကို ပြည်တွင်း၌သာ မွေးထုတ်ပေးရမည်ဖြစ်သည်။ ထိုကဲ့သို့ မွေးထုတ်ပေးမှသာလျှင် စက်များအားလုံး စွမ်းအားပြည့်လည်ပတ်နိုင်ပြီး ကုန်ပစ္စည်းထုတ်လုပ်ရေးကို အရှိန်အဟုန်ကောင်းစွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အဆိုပါလိုအပ်ချက်ကို ပြည့်ဆည်းပေးနိုင်ရန်အတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာနအနေဖြင့် စတုတ္ထလေးနှစ်စီမံကိန်းကာလအတွင်းက စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ရေးကို ကြိုးပမ်းဆောင်ရွက်သည်။ အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဖွင့်လှစ်သော စက်မှုသင်တန်းကျောင်း အမှတ်(၁)(သန်လျင်)သည် ဦးစီးဌာနများ၊ ကော်ပိုရေးရှင်းများနှင့် စက်ရုံလုပ်သားများ၏ လုပ်ငန်းကျွမ်းကျင်ရေး၊ စက်မှုကုန်ထုတ်စွမ်းအား ခေတ်မီတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ ခေတ်မီနည်းပညာများကို လေ့လာဆည်းပူးနိုင်စေရေးတို့အတွက် ဦးတည်ဆောင်ရွက်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

စက်မှုသင်တန်းကျောင်းအမှတ်(၁) (သန်လျင်)စီမံကိန်းကို ၁၉၈၀-၁၉၈၁ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့သည်။ ၁၉၈၁-၁၉၈၂ ခုနှစ်တွင် အဆောက်အအုံတချို့ကို တည်ဆောက်ပြီးစီးခဲ့သဖြင့် အရည်အချင်းမြင့် မွမ်းမံသင်တန်းများကို စတုတ္ထလေးနှစ် စီမံကိန်းကာလ၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၈၅-၁၉၈၆ ခုနှစ်တွင် လေးကြိမ်ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့သည်။

စက်မှုသင်တန်းကျောင်းအမှတ်(၁)(သန်လျင်)တွင် ပထမအဆင့်အနေဖြင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ကျွမ်းကျင်မှုအကူအညီပေးရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ကျွမ်းကျင်ကြံ့ခိုင်ရေးလုပ်သား (Skilled Maintenance Workers)များ စုဆောင်းလေ့ကျင့်သင်ကြားပေးရေးကို စတင်ဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ လေ့ကျင့်သင်ကြားပေးရေး သင်တန်းသားအသစ်များ ခေါ်ယူသည့်အစီအစဉ်ဖြင့် တစ်နှစ်လျှင် တစ်ကြိမ်ကျပြုပြင်ထိန်းသိမ်းရေး ကျွမ်းကျင်သင်တန်းသား(Maintenance Fitters) ဦးရေ ၄၀ နှင့် လျှပ်စစ်ပြုပြင်ထိန်းသိမ်းရေး ကျွမ်းကျင်သင်တန်းသား (Maintenance Electrician) ဦးရေ ၂၀ ဖြင့် စုစုပေါင်း တစ်နှစ်လျှင် သင်တန်းသားဦးရေ ၆၀ ကို လက်ခံသင်ကြားပေးခဲ့ပြီး သင်တန်းကာလမှာ သုံးနှစ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

စက်မှုသင်တန်းကျောင်းအမှတ်(၁)(သန်လျင်)သည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံအစိုးရ၏ အကူအညီဖြင့် အရည်အချင်းမြင့် ရက်သတ္တ ၁၂ ပတ်ကြာ ကာလတို သင်တန်းများ(Short Term Upgrading Courses)ကို ဆက်လက်ဖွင့်လှစ်သွားရန် စီမံချက်များရှိခဲ့ပြီး ၎င်းအစီအစဉ်များမှာ ပဉ္စမ လေးနှစ်စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်မည့် လုပ်ငန်းများဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ အလားတူပင် ပဉ္စမလေးနှစ်စီမံကိန်းကာလတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်၌ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံအစိုးရ၏ အကူအညီဖြင့် စက်မှုသင်တန်းကျောင်း အမှတ်(၂)ကို ဖွင့်လှစ်၍ အထည်အလိပ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်လုပ်သားများ(Skilled Textile Workers)ကို မွေးထုတ်ရန် ရည်ရွယ်ထားခဲ့သည်။ ထိုသင်တန်းကျောင်းတွင် ချည်မျှင်စက်များဆိုင်ရာ ကျွမ်းကျင်စက်မောင်းနှင့် ချည်မျှင်စက်များဆိုင်ရာ ကျွမ်းကျင်စက်ပြင် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရန် ရည်ရွယ်ထားခဲ့ရာ စတုတ္ထလေးနှစ်စီမံကိန်းကာလ၏နောက်ဆုံးနှစ်ဖြစ်သော ၁၉၈၅-၁၉၈၆ ခုနှစ်တွင် စက်မှုသင်တန်းကျောင်းအမှတ်(၂)(ပုသိမ်ကြီး)၌ ကြီးကြပ်ရေးမှူးအဆင့်ရှိ ဝန်ထမ်းများကို အရည်အချင်းမြင့်မွမ်းမံသင်တန်း နှစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

စီးပွားရေး အနှစ် ၂၀ စီမံကိန်းကာလအတွင်း စက်မှုကဏ္ဍ၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ ဓာတ်သတ္တုရှာဖွေတူးဖော်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းများကလည်း ကြိုးပမ်းထောက်ကူပေးခဲ့ကြသည်ကို လေ့လာတွေ့ရှိရသည်။

စက်မှုလုပ်ငန်းများကို တိုးချဲ့လာသည်နှင့်အမျှ ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားကို ပြည့်ပြည့်ဝဝဖြင့် လွယ်လင့်တကူရရှိရန် လိုအပ်သည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားကို လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းနှင့် နိုင်ငံတော်၏ အခြားအဖွဲ့အစည်းများက ရေအား၊ ရေနွေးငွေ့အား၊ သဘာဝဓာတ်ငွေ့သုံးစက်၊ ဒီဇယ်သုံးစက်တို့ဖြင့် ထုတ်လုပ်ပေးခဲ့ကြသည်။ ၁၉၇၄-၁၉၇၅ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား စုစုပေါင်းထုတ်လုပ်မှုအနေဖြင့် ကီလိုဝပ် ထောင်ပေါင်း ၃၈၆ ဒသမ ၂၈ ရှိခဲ့ရာ ထိုနှစ်အတွင်း စက်ရုံများက လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီထောင်ပေါင်း ၂၆၆၃၈၂ ကိုသုံးစွဲခဲ့သည်။ ၁၉၇၅-၁၉၇၆ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားစုစုပေါင်း ကီလိုဝပ်ထောင်ပေါင်း ၄၃၆ ဒသမ ၈၄ ထုတ်လုပ်ပေးခဲ့ရာ စက်ရုံများက လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီထောင်ပေါင်း ၂၉၃၃၇၂ ကို သုံးစွဲခဲ့ကြသည်။

အိမ်သုံး၊ ရုံးသုံး၊ ကျောင်းသုံးနှင့် ဆေးရုံသုံး၊ အထွေထွေသုံးနှင့် စက်ရုံသုံး လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးတက်စေရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာ စူးစမ်းလေ့လာမှုများကိုလည်း ပြုလုပ်ခဲ့သည်။

**❖ မခေါ်မဖြစ် အကြောင်းများကြောင့်သာ နိုင်ငံရပ်ခြားမှ ကျွမ်းကျင်ပညာရှင်များကို ငွေကုန်ကြေးကျခံ၍ ခေါ်ယူရသော်လည်း စက်ရုံအလုပ်ရုံများအတွင်း အောက်ခြေမှစ၍ စက်ပြင်လုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း၊ အင်ဂျင်နီယာလုပ်ငန်း စသည်တို့အတွက် လုပ်သားကောင်းများကို ပြည်တွင်း၌သာ မွေးထုတ်ပေးရမည်ဖြစ်သည်။ ထိုကဲ့သို့ မွေးထုတ်ပေးမှသာလျှင် စက်များအားလုံး စွမ်းအားပြည့်လည်ပတ်နိုင်ပြီး ကုန်ပစ္စည်းထုတ်လုပ်ရေးကို အရှိန်အဟုန်ကောင်းစွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ❖**

တတိယလေးနှစ်စီမံကိန်းကာလအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ရည်မှန်းချက်ထက် ကျော်လွန်အောင်မြင်ကာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၇၇-၁၉၇၈ ခုနှစ်က တပ်ဆင်ထားသော လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်အင်အားမှာ ၅၀၄ မဂ္ဂါဝပ်ရှိခဲ့ရာမှ ၁၉၈၁-၁၉၈၂ ခုနှစ်တွင် စက်အင်အားကို ၆၉၅ မဂ္ဂါဝပ်ထိ တိုးမြှင့်တပ်ဆင်ခဲ့သည်။ ထိုကဲ့သို့ တိုးမြှင့်တပ်ဆင်ရာ၌ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဘက်တွင် ပိုမိုအလေးသာခဲ့သည်။

သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ရေနံမြေဝန်းကျင်ဒေသတွင်လည်းကောင်း၊ ပြည်မြို့၊ မန်းသံပုရာကန်နှင့် အင်းစိန်ရွာမ စသည်တို့တွင်လည်းကောင်း တိုးချဲ့တည်ဆောက်ခဲ့သဖြင့် ၁၉၇၇-၁၉၇၈ ခုနှစ်က သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်အင်အားမှာ ၁၀၄ မဂ္ဂါဝပ်သာရှိခဲ့ရာမှ ၁၉၈၁-၁၉၈၂ ခုနှစ်တွင် ၂၁၄ မဂ္ဂါဝပ်ထိ တိုးတက်ခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရသည်။

ဤသို့ဖြင့် တတိယလေးနှစ်စီမံကိန်းကာလတွင် တစ်နိုင်ငံလုံး၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ပမာဏမှာ ၁၉၇၈-၁၉၇၉ ခုနှစ်က ကီလိုဝပ် ၅ ဒသမ ၂၉ သိန်းရှိရာမှ ၁၉၇၉-၁၉၈၀ ပြည့်နှစ်တွင် ကီလိုဝပ် ၆ ဒသမ ၄၂ သိန်းထိရှိလာခဲ့သည်။ အဆိုပါဓာတ်အားပမာဏအနက် ကီလိုဝပ် ၄ ဒသမ ၆ သိန်းမှာ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းမှထုတ်လုပ်သော လျှပ်စစ်ဓာတ်အားပမာဏဖြစ်သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတိုးတက်နှုန်းက ၁၉၇၈-၁၉၇၉ ခုနှစ်တွင် လေးရာခိုင်နှုန်း၊ ၁၉၇၉-၁၉၈၀ ပြည့်နှစ်တွင် ၉ ဒသမ ၉ ရာခိုင်နှုန်း၊ ၁၉၈၀-၁၉၈၁ ခုနှစ်တွင် ၁၃ ဒသမ ၇ ရာခိုင်နှုန်း၊ ၁၉၈၁-၁၉၈၂ ခုနှစ်တွင် ၂၅ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးရှိသဖြင့် တတိယလေးနှစ်စီမံကိန်းကာလအတွင်း တစ်နှစ်ပျမ်းမျှ ၁၃ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းတွင် တပ်ဆင်ထားသော လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်အင်အားက တတိယလေးနှစ်စီမံကိန်းကာလတွင် မဂ္ဂါဝပ် ၃၉၀ မှ ၅၂၆ မဂ္ဂါဝပ်ထိ တိုးတက်လာခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို အိမ်၊ ကျောင်း၊ ရုံး၊ ဆေးရုံ၊ အထွေထွေနှင့် စက်ရုံများက ခွဲဝေသုံးစွဲကြရာ၌ စက်ရုံသုံးက အများဆုံးဖြစ်ခဲ့သည်။ ၁၉၇၈-၁၉၇၉ ခုနှစ်အတွင်း စက်ရုံများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုက ကီလိုဝပ်နာရီသန်းပေါင်း ၆၉၁ ရှိခဲ့ရာမှ ၁၉၇၉-၁၉၈၀ ပြည့်နှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၇၆၂ ထိ ရှိလာခဲ့ရာ လျှပ်စစ်ဓာတ်အားကို တိုးတက်ထုတ်လုပ်နိုင်သည်နှင့်အမျှ စက်ရုံသုံးကလည်း ပိုမိုတိုးမြင့်လာခဲ့သည်။

စတုတ္ထလေးနှစ်စီမံကိန်းကာလအတွင်းတွင်လည်း တစ်နိုင်ငံလုံး၌ တပ်ဆင်ထားသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်အင်အားကို တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့တပ်ဆင်ခဲ့ရာ ၁၉၈၁-၁၉၈၂ ခုနှစ်က တပ်ဆင်ထားသော စုစုပေါင်းစက်အင်အားမှာ ၆၉၂ မဂ္ဂါဝပ်သာရှိခဲ့ရာမှ ၁၉၈၅-၁၉၈၆ ခုနှစ်တွင် ၉၁၅ မဂ္ဂါဝပ်ထိ တိုးတက်ခဲ့သည်။ ထိုကဲ့သို့တိုးချဲ့တပ်ဆင်ရာ၌ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းက တိုးချဲ့တပ်ဆင်ခဲ့သော စက်အင်အားက ၁၉၈၁-၁၉၈၂ ခုနှစ်တွင် ၅၂၆ မဂ္ဂါဝပ် ရှိခဲ့ပြီး ၁၉၈၅-၁၉၈၆ ခုနှစ်တွင်မူ ၇၀၄ မဂ္ဂါဝပ်ထိ ရှိခဲ့သည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကြီးမြတ်တန်ဖိုး

- မိတ်ကောင်းလျှင် အကျိုးများ
တန်ခိုးထွား ကိုယ့်ဂုဏ်ရောင်၊
မကောင်းတာ ဉာဏ်နှိုင်းလို့
ပိုင်းခြားလို့ရှောင်၊
ကလျာဏ မိတ္တဆောင်
စိတ္တအောင် အေးချမ်းအတိ၊
လောကုတ်လောကီ ကောင်းကျိုးရ
ဗုဒ္ဓဟော၏။

- အဖြူရောင် မေတ္တာအကြည့်နှင့်
သစ္စာကတိ မဖောက်သူ၊
ကိုယ့်ကျိုးကို ဘယ်မတွက်
ဆောင်ရွက်သောလူ၊
ကာယဉာဏ ဖေးကူ
ဖွေးဖြူတဲ့ မြတ်စိတ်ထား၊
အမြင့်တင် ပရလမ်း
ကြိုးပမ်းပြုအား။

- ရှိတာကို ဝေခြမ်းစားလို့
ခြေလှမ်းသွား တိုးတက်ရာ၊
ဘဝကို အောက်မကျ
တောက်ပဝေဖြာ၊
သူငယ်ချင်းကောင်း ဆိုသည်မှာ
ရတနာ ဂုဏ်မျိုး၊
တန်ခိုးလျှံပါတဲ့
အဖိုးတန် တစ်နည်းမှတ်
ကြီးမြတ်တန်ဖိုး။ ။

ခေတ်သစ်(ကြေးပုံ)

# ပြည်ပသို့ သကြားတိုးမြှင့်တင်ပို့ရောင်းချပေးနိုင်ရန်အတွက် သကြားစက်ရုံ လေးရုံတိုးချဲ့တည်ဆောက်နေ

**ရန်ကုန် အောက်တိုဘာ ၃၁**

ပြည်ပသို့ သကြားတိုးမြှင့်တင်ပို့ရောင်းချပေးနိုင်ရေးအတွက် သကြားစက်ရုံ လေးရုံတိုးချဲ့တည်ဆောက်နေကြောင်း သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း၏ သတင်းများအရ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် သကြားကို ပြည်ပသို့ တင်ပို့ရောင်းချနေသကဲ့သို့ ပြည်ပမှ တင်သွင်းကာ Re-export စနစ်ဖြင့် ပြန်လည်တင်ပို့မှုများလည်း ရှိနေကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံမှ သကြားများကို ဝယ်ယူရန် ကမ်းလှမ်းမှုများလည်းရှိနေရာ တရုတ်နိုင်ငံ ဟဲပေပြည်နယ်အခြေစိုက် တရုတ်အထွေထွေ ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီက မြန်မာနိုင်ငံမှ သန့်စင်ပြီးသားဖြစ်သည့် သကြား၊ သကြားရည်၊ သကြားဖြူ၊ သကြားညို စသည်များကို နှစ်စဉ်တန်ချိန် သုံးသောင်းမှ ငါးသောင်းထိ ဝယ်ယူလိုပြီး လစဉ်တန်ချိန် သုံးထောင်ခန့် ဝယ်ယူတင်သွင်းရန် ကမ်းလှမ်းမှုများရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးဧက လေးသိန်းကျော်ထိရှိနေပြီး နှစ်စဉ်သကြားတန်ချိန်ပေါင်း လေးသိန်းမှ ငါးသိန်းထိ ထုတ်လုပ်မှုရှိနေကြောင်း၊ ထို့ကြောင့် လာမည့် ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ သုံးနှစ်တာ ကာလတွင် သကြားတန်ချိန်တစ်သန်းထိ ထုတ်လုပ်နိုင်ရေး လျာထားဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ သုံးနှစ်အတွင်းသကြားတန်ချိန်တစ်သန်းထိ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် လက်ရှိတွင် ကြံစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်နေသည့်အပြင် သကြားစက်ရုံအသစ်များကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

လက်ရှိမြန်မာနိုင်ငံတွင်ခေတ်မီ သကြားစက်ရုံကြီး ၂၃ ရုံ၊ အသေးစား၊ အလတ်စားသကြားစက်ရုံ ၁၂၉ ရုံရှိကြောင်း၊ ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် သကြားစက်ရုံအသစ် နှစ်ရုံနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများတွင် သကြားစက်ရုံအသစ်နှစ်ရုံ တိုးချဲ့တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

(၁၃၆)



# တောင်ကြီးမြို့နယ် ပင်တွန်းရွာကြီးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**တောင်ကြီး အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ပင်တွန်းရွာကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ပင်တွန်းရွာကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ကျောက်မဲမြို့နယ် ကျေးရွာသုံးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**ကျောက်မဲ အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာသုံးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်၊ မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နမ့်ဟင်ကျေးရွာ၊ လေလွယ်ကျေးရွာ၊ ပဲကျိုကျေးရွာတို့တွင် အလျား ၂၇ ပေ၊ အနံ ၂၇ ပေ၊ အမြင့် ၁၂ ပေ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးထွန်းချစ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၃၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၈၉ ဒသမ ၄ သိန်း စုစုပေါင်းငွေကျပ် ၃၈၉ ဒသမ ၄ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုမြင့်**

## နိုင်ငံတကာ သတင်းများ

# ပင်လယ်နက်ရေတပ်စခန်းတိုက်ခိုက်မှုတွင် အသုံးပြုခဲ့သည့် မောင်းသူမဲ့လေယာဉ်များကို ရုရှားစစ်ဘက် လေ့လာဆန်းစစ်



**မော်စကို အောက်တိုဘာ ၃၁**

ကရိုင်းမီးယားကျွန်းဆွယ်ဒေသ၌ ရုရှားပင်လယ်နက် ရေတပ်စခန်းကို တိုက်ခိုက်ခဲ့သော မောင်းသူမဲ့လေယာဉ်အပျက်အစီးများကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက စစ်ဆေးဆန်းစစ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက အောက်တိုဘာ ၃၀ ရက်တွင် ဖော်ပြခဲ့သည်။

ဆီဗက်စတိုပိုလ်မြို့ အနီးရှိ ပင်လယ်နက် ရေတပ်အခြေစိုက်စခန်းကို အောက်တိုဘာ ၂၉ ရက်တွင် ယူကရိန်းနိုင်ငံက မောင်းသူမဲ့လေယာဉ် ၁၆ စင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကျွမ်းကျင်သူများ၏ လေ့လာတွေ့ရှိချက်အရ ပင်လယ်နက်ရေတပ်စခန်းကို တိုက်ခိုက်ခဲ့သော မောင်းသူမဲ့လေယာဉ်များ၌ကနေဒါနိုင်ငံထုတ် လမ်းညွှန်စနစ်များ တပ်ဆင်ထားကြောင်းရုရှားကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါမောင်းသူမဲ့လေယာဉ်များသည် ကောက်ပဲသီးနှံတင်သင်္ဘောများအတွက် သတ်မှတ်ထားသည့် လုံခြုံရေးဇုန်အတိုင်း ပျံသန်းခဲ့ပြီးနောက် ပင်လယ်နက်ရေတပ်စခန်းဘက်သို့လမ်းကြောင်းပြောင်းခဲ့ခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

ပင်လယ်နက် ရေတပ်စခန်းကို ယူကရိန်းမောင်းသူမဲ့လေယာဉ်များကတိုက်ခိုက်ရာတွင်ဗြိတိန်စစ်ဘက်ကျွမ်းကျင်သူများကကူညီခဲ့ကြောင်း ရုရှားနိုင်ငံက စွပ်စွဲထားပြီး ယင်းစွပ်စွဲချက်ကို ဗြိတိန်နိုင်ငံက ငြင်းပယ်ထားသည်။

ပင်လယ်နက် ရေတပ်စခန်းတိုက်ခိုက်ခံခဲ့ရပြီးနောက်ရုရှားနိုင်ငံသည် ကုလသမဂ္ဂအစီအစဉ်ဖြင့်ရယူထားသည့်ပင်လယ်နက်ဆိပ်ကမ်းများမှကောက်ပဲသီးနှံများတင်ပို့မှုဆိုင်ရာ သဘောတူညီချက်မှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။ KKO

# ဩစတြေးလျနိုင်ငံ၌ ဘီ-၅၂ ဗုံးကြဲလေယာဉ်များ ဖြန့်ကြက်ရန် အမေရိကန်အစိုးရ စီစဉ်

**ဝါရှင်တန် အောက်တိုဘာ ၃၁**

နျူကလီးယားလက်နက် သယ်ဆောင်နိုင်သော ဘီ-၅၂မဟာဗျူဟာ ဗုံးကြဲလေယာဉ်များကိုဩစတြေးလျနိုင်ငံမြောက်ပိုင်း၌ ဖြန့်ကြက်ရန် အမေရိကန်အစိုးရက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အင်ဒို-ပစိဖိတ်ဒေသ၌ တရုတ်နိုင်ငံနှင့် တင်းမာမှုမြင့်တက်နေစဉ် ဘီ-၅၂ ဗုံးကြဲလေယာဉ်ခြောက်စင်းကို ဩစတြေးလျမြောက်ပိုင်း၌ ဖြန့်ကြက်ရန် အမေရိကန်အစိုးရက စီစဉ်နေခြင်းဖြစ်သည်။

အဆိုပါ ဘီ-၅၂ ဗုံးကြဲလေယာဉ်များအတွက် အခြေခံထောက်ပံ့စခန်းများကို ဩစတြေးလျနိုင်ငံမြောက်ပိုင်းမြို့ဖြစ်သည့်ဒါဝင်မြို့၏ တောင်ဘက်မိုင် ၁၉၀ အကွာတွင် တည်ရှိသော တင်ဒဲလ်အမည်ရှိ လေတပ်စခန်း၌ ထားရှိမည်ဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသ၌ အမေရိကန်နိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။

အဆိုပါ ဗုံးကြဲလေယာဉ်များ ဩစတြေးလျမြောက်ပိုင်း၌ တပ်စွဲမည့်သတင်းနှင့် ပတ်သက်၍ ဩစတြေးလျအစိုးရကတစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်းသိရသည်။

အမေရိကန်၊ ဩစတြေးလျနှင့် ဗြိတိန်တို့သည် ပြီးခဲ့သည့်နှစ်ကလည်း သုံးနိုင်ငံလုံခြုံရေးသဘောတူညီချက်တစ်ရပ်ကို ရယူခဲ့သည်။

အဆိုပါ သဘောတူညီချက်အရ အမေရိကန်နိုင်ငံနှင့် ဗြိတိန်တို့က ဩစတြေးလျနိုင်ငံကို နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောနည်းပညာများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။ KKO

# အိန္ဒိယအနောက်ပိုင်း၌ လူသွားကြိုးဆိုင်းတံတားပြိုကျမှုဖြစ်ပွား လူ ၁၄၁ ဦးသေဆုံး၍ အချို့ပျောက်ဆုံးနေ

**ဒေလီ အောက်တိုဘာ ၃၁**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ နှစ် ၁၀၀ သက်တမ်းရှိလူသွားမြစ်ကူးကြိုးဆိုင်းတံတားတစ်စင်းသည် အောက်တိုဘာ ၃၀ ရက်ညပိုင်းတွင် ပြိုကျခဲ့ရာ လူပေါင်း ၁၄၁ ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



အလျား ၂၃၃ မီတာရှိသည့် အဆိုပါမြစ်ကူး ကြိုးဆိုင်းလူသွားတံတားသည် အင်္ဂလိပ်ကိုလိုနီခေတ်ကာလ ၁၈၇၇ ခုနှစ်တွင် တည်ဆောက်ခဲ့သည့်တံတားဖြစ်သည်။

တံတားပြိုကျချိန်တွင် ယင်းတံတားပေါ်၌ လူဦးရေ ၄၀၀မျှရှိနေပြီး အများအပြားမှာ အောက်ဘက် ၁၀မီတာအကွာတွင်ရှိသည့် မြစ်ထဲသို့ လူအများအပြား ပြုတ်ကျခဲ့ကြောင်း ဂူဂျာရတ်ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တံတားပြိုကျမှု ဖြစ်ပွားခဲ့သည့် ညပိုင်းတွင် အိန္ဒိယတပ်ဖွဲ့ဝင်များက လူပေါင်း ၁၇၇ ဦးကို ကယ်တင်နိုင်ခဲ့သည်။

မက္ကချူးအမည်ရှိမြစ်ကိုဖြတ်သန်းတည်ဆောက်ထားသည့် အဆိုပါ ကြိုးဆိုင်းတံတားသည် တံတားပေါ်ဖြတ်သန်းနေသူလူအုပ်၏ အလေးချိန်ကို မခံနိုင်မှုကြောင့် ပြိုကျခဲ့ရခြင်းဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကြိုးဆိုင်းတံတားပြိုကျပြီးနောက် လူအချို့ ပျောက်ဆုံးနေဆဲဖြစ်ရာ အိန္ဒိယတပ်ဖွဲ့ဝင်များက ဆက်လက်ရှာဖွေနေကြဆဲဖြစ်သည်။

အဆိုပါတံတား ပြိုကျမှုကြောင့် လူပေါင်းများစွာ သေဆုံးခဲ့ရသည့်အတွက် စိတ်မကောင်းဖြစ်ရဟု အိန္ဒိယဝန်ကြီးချုပ် မိုဒီက ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# ဘရာဇီးသမ္မတရွေးကောက်ပွဲ၌ လက်ဝဲဝါဒီ သမ္မတဟောင်း လူလာဒါဆေးလ်ဗား အနိုင်ရ

**ဘရာစီးလီးယား အောက်တိုဘာ ၃၁**

အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပသည့် ဘရာဇီးသမ္မတရွေးကောက်ပွဲ ဒုတိယအကျော့တွင် လက်ဝဲဝါဒီသမ္မတလောင်း လူလာဒါဆေးလ်ဗားက ပြိုင်ဘက်သမ္မတလောင်း လက်ရှိသမ္မတ ဂျိုင်အာဘော်လ်ဆိုနာရိုကို အနိုင်ရခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့တွင် လူလာဒါဆေးလ်ဗားက ထောက်ခံမဲရာနှုန်း ၅၀ ဒသမ ၉ ရာခိုင်နှုန်း ရရှိခဲ့ပြီး သမ္မတဘော်လ်ဆိုနာရိုက ထောက်ခံမဲ ၄၉ ဒသမ ၁ရာခိုင်နှုန်းရရှိခဲ့ရာ ဘရာဇီးရွေးကောက်ပွဲကော်မရှင်က လူလာဒါဆေးလ်ဗားကို အနိုင်ရသမ္မတလောင်းအဖြစ် ယနေ့တွင် ကြေညာခဲ့သည်။

သို့သော် လက်ရှိသမ္မတဘော်လ်ဆိုနာရိုက ယနေ့ညပိုင်းထိ ရွေးကောက်ပွဲရလဒ်ကို လက်ခံကြောင်း ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့သော် ယနေ့သမ္မတရွေးကောက်ပွဲဒုတိယအကျော့ရလဒ်ကြောင့် လက်ဝဲဝါဒီသမ္မတဟောင်း လူလာဒါဆေးလ်ဗားမှာ နိုင်ငံရေးလောကသို့ အံ့အားသင့်ဖွယ် တစ်ကျော့ပြန်ဝင်နိုင်ခဲ့သည်။

ရွေးကောက်ပွဲအနိုင်ရလဒ်အရ အသက် ၇၇ နှစ်ရှိ လူလာဒါဆေးလ်ဗားသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဘရာဇီးသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိသမ္မတ ဘော်လ်ဆိုနာရိုမှာ အဆိုပါရွေးကောက်ပွဲရလဒ်ကြောင့် သမ္မတရွေးကောက်ပွဲရှုံးနိမ့်ခဲ့ရသည့် ပထမဆုံးတည်ဆဲသမ္မတအဖြစ် မှတ်တမ်းဝင်ခဲ့ရကြောင်း သိရသည်။

KKO



# အီမရန်ခန်း၏မော်တော်ယာဉ်နှင့်ဝင်တိုက်မှုကြောင့် အမျိုးသမီးသတင်းသမားတစ်ဦး သေဆုံး

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၃၁**

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း လိုက်ပါလာသည့် မော်တော်ယာဉ်ဝင်တိုက်မှုကြောင့် ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ အမျိုးသမီး သတင်းသမားတစ်ဦး အောက်တိုဘာ ၃၀ ရက်တွင်သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းနှင့် ၎င်းကိုထောက်ခံသူများသည် လာဟိုမြို့မှ အစ္စလာမ်မာဘတ်မြို့သို့ချီတက်နေစဉ်အဆိုပါယာဉ်တိုက်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

၎င်းယာဉ်တိုက်မှုကြောင့် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် ၎င်း၏ချီတက်ပွဲကို အောက်တိုဘာ ၃၀ ရက်တွင် ယာယီရပ်တန့်ခဲ့ရသည်။

မိမိတို့ချီတက်ရာခရီးစဉ်အတွင်း ချန်နယ်-၅ရုပ်သံလိုင်းမှ အမျိုးသမီးသတင်းသမား ဆာဒက်ဖ်နီအမ် ယာဉ်မတော်တဆမှုကြောင့်သေဆုံးခဲ့ရသည့်အတွက် ဝမ်းနည်းမိကြောင်း အီမရန်ခန်းက ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါသတင်းသမားအမျိုးသမီးသည် အီမရန်ခန်းလိုက်ပါလာသည့် ယာဉ်ပေါ်သို့တက်ရန် ကြိုးစားစဉ် ကိုယ်ဟန်ချက်ပျက်၍ ပြုတ်ကျခဲ့ပြီး ကားအောက် ရောက်ခဲ့ရခြင်းဖြစ်ကြောင်း မျက်မြင်ကြုံတွေ့သူများက ပြောကြားခဲ့သည်။

အီမရန်ခန်းနှင့်၎င်းအားထောက်ခံသူများသည် ရွေးကောက်ပွဲများ သတ်မှတ်ချိန်ထက်စော၍ ကျင်းပရန် အစိုးရကို ဖိအားပေးသည့်အနေဖြင့် လာဟိုမြို့မှ အစ္စလာမ်မာဘတ်မြို့သို့ ခရီးရှည်ချီတက်နေကြခြင်းဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ Insight အင်္ဂါဂြိုဟ်ဆင်းယာဉ်ကို ခြိမ်းခြောက်နေသော အင်္ဂါဂြိုဟ်သဲမုန်တိုင်း အရှိန်ကျစပြုလာပြီဖြစ်



**ဝါရှင်တန် အောက်တိုဘာ ၃၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ Insight အင်္ဂါဂြိုဟ်ဆင်းယာဉ်ကို ခြိမ်းခြောက်နေသည့် အင်္ဂါဂြိုဟ်သဲမုန်တိုင်းသည် အရှိန်ကျစပြုလာပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ သဲမုန်တိုင်း၏အန္တရာယ်ကို နာဆာ၏ အင်္ဂါဂြိုဟ်ကင်းထောက်အာကာသယာဉ်(MRO)က စက်တင်ဘာလကပင် Insight မစ်ရှင်အတွက် သတိပေးချက်ထုတ်လွှင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သဲမုန်တိုင်းကြောင့် Insight အင်္ဂါဂြိုဟ်ဆင်းယာဉ်သည် သီတင်းပတ်အနည်းငယ်ကြာ ဗူးစမ်းလေ့လာရေးလုပ်ငန်းများ ရပ်ဆိုင်းနေခဲ့သည့်တိုင် ယခုလအစောပိုင်းတွင် သဲမုန်တိုင်းအင်အားအပြင်းထန်ဆုံးအဆင့် ရောက်လာမှုကြောင့် Insight အာကာသယာဉ်၏ မစ်ရှင်သက်တမ်း ရှတ်တရက် ပြီးဆုံးသွားမည့်အရေးကို နာဆာသိပ္ပံပညာရှင်များက စိုးရိမ်ခဲ့ကြသည်။

သို့ရာတွင် MRO အာကာသယာဉ်မှရရှိသော သတင်းအချက်အလက်များအရ အဆိုပါအင်္ဂါဂြိုဟ်သဲမုန်တိုင်းမှာ အင်အားကျဆင်းစပြုနေပြီဖြစ်ကြောင်း သိရသည်။

Insight အာကာသယာဉ်အနေဖြင့် မစ်ရှင်သက်တမ်းကုန်လုနီးပြီဖြစ်သည့်တိုင် အင်္ဂါဂြိုဟ်သဲမုန်တိုင်း၏ အဆိုးရွားဆုံးအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ် သဲမုန်တိုင်းများသည် အင်္ဂါဂြိုဟ်ဆင်းယာဉ်များနှင့် ဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်များအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပြီး သဲမုန်တိုင်းကြောင့်ပင် ၂၀၁၈ ခုနှစ်အတွင်း နာဆာ၏ အပေါ်ကျူနတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးမစ်ရှင် အဆုံးသတ်ခဲ့ရဖူးကြောင်းသိရသည်။ KKO


## ကမ္ဘာဂြိုဟ်အတွက်အန္တရာယ်ရှိနိုင်သော ဂြိုဟ်သိမ်သစ်တစ်စင်း ယခုသီတင်းပတ်အတွင်း ကမ္ဘာမြေကို ဖြတ်ကျော်ပျံသန်းမည်

**ဝါရှင်တန် အောက်တိုဘာ ၃၁**

အသစ်ရှာဖွေတွေ့ရှိထားသော ကမ္ဘာဂြိုဟ်အတွက် အန္တရာယ်ရှိနိုင်သည့် ဂြိုဟ်သိမ်သစ်တစ်စင်းသည် ယခုသီတင်းပတ် ဟောလိုးဝင်းကာလအတွင်း ကမ္ဘာမြေကိုဖြတ်ကျော်ပျံသန်းမည် ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

RM4 2022 ဟူ၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်သိမ်သစ်သည် အချင်းပေ ၁၈၈၃ ပေနှင့် ၂၄၂၈ ပေကြားတွင်ရှိရာ ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံဖြစ်သည့် ဘာ့ဂျ်ခါလီဖာ မျှော်စင်ခန့်ရှိကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)တာဝန်ရှိသူများက ပြောကြားသည်။

RM4 2022 ဂြိုဟ်သိမ်သည် နိုဝင်ဘာ ၁ ရက်တွင် ကမ္ဘာမြေကို အနီးဆုံးမှတ်အဖြစ် မိုင်ပေါင်း ၁ ဒသမ ၄၃ သန်းအကွာမှ ဖြတ်ကျော်မည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားသည်။



အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းချိန်တွင် RM4 2022 ဂြိုဟ်သိမ်နှင့် ကမ္ဘာမြေကြားအကွာအဝေးမှာ ကမ္ဘာနှင့်လကြား အကွာအဝေးထက် ခြောက်ဆခန့်သာ ပိုဝေးကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

နာဆာအဖွဲ့သည် ကမ္ဘာမြေနှင့်မိုင်ပေါင်း သန်း ၁၂၀ အဝန်းအဝိုင်းအတွင်း တည်ရှိသည့်ဂြိုဟ်သိမ်များကို ကမ္ဘာနီးစပ်ဂြိုဟ်သိမ်များအဖြစ် သတ်မှတ်ထားသည်။

အဆိုပါ ကမ္ဘာနီးစပ်ဂြိုဟ်သိမ်များအနက် ကမ္ဘာမြေနှင့်မိုင်ပေါင်း ၄ ဒသမ ၆၅ သန်း အဝန်းအဝိုင်းအတွင်း တည်ရှိသည့်ဂြိုဟ်သိမ်များကို ကမ္ဘာမြေအတွက် အန္တရာယ်ရှိသည့် ဂြိုဟ်သိမ်များအဖြစ် နာဆာက အတန်းအစားခွဲထားကြောင်း သိရသည်။ KKO

## နာဆာက ဆိုက်ခ်ီအာကာသယာဉ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်မည်

**ဝါရှင်တန် အောက်တိုဘာ ၃၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ဆိုက်ခ်ီအာကာသယာဉ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် ဆိုက်ခ်ီမစ်ရှင်ကို မူလက ယခုနှစ် ဩဂုတ် ၁ ရက်နှင့် အောက်တိုဘာ ၁၁ ရက်ကြား လွှတ်တင်ရန်ရည်ရွယ်ထားသော်လည်း လုပ်ငန်းပိုင်းဆိုင်ရာပြဿနာများကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

သို့ရာတွင် ဆိုက်ခ်ီမစ်ရှင်လွှတ်တင်ရေးအစီအစဉ် ပျက်ပြားခဲ့ရမှုအကြောင်းတရားကို ပြန်လည်သုံးသပ် စိစစ်ခဲ့ပြီးနောက် ၎င်းမစ်ရှင်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက အောက်တိုဘာ ၂၉ ရက်က အတည်ပြုထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဆိုက်ခ်ီမစ်ရှင်ဖြင့် ဆိုက်ခ်ီအမည်ရှိ သတ္တုဂြိုဟ်သိမ်တစ်စင်းကို လေ့လာရန် စီစဉ်ထားကြောင်း သိရသည်။

ဆိုက်ခ်ီ အာကာသယာဉ်သည် ဆိုက်ခ်ီဂြိုဟ်သိမ်ဆီသို့ ရောက်ရှိချိန်တွင် အဆိုပါဂြိုဟ်သိမ်ကို ၂၁ လကြာခန့် လှည့်ပတ်၍ ဂြိုဟ်သိမ်ဖွဲ့စည်းတည်ဆောက်ပုံကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

အချင်းမိုင် ၁၄၀ ရှိသည့် ဆိုက်ခ်ီဂြိုဟ်သိမ်ကို ကမ္ဘာ၏ အတွင်းဝတ်ဆံကဲ့သို့ပင် နီကယ်နှင့် သံသတ္တုများဖြင့် ဖွဲ့စည်းထားကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။ KKO

# HEALTH

## နှာခေါင်းနှိုက်သည့် အလေ့အထက အယ်ဇိုင်းမားဖြစ်နိုင်ခြေ မြင့်တက်မှုနှင့်ဆက်စပ်နိုင်

**ကင်ဘာရာ အောက်တိုဘာ ၃၁**

နှာခေါင်းနှိုက်သည့် အလေ့အထသည် ဘေးကင်းသယောင်ရှိသော်လည်း သုတေသနပညာရှင်များ၏အဆိုအရ ၎င်းအလေ့အထသည် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်မှုနှင့်ဆက်စပ်နေနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

ဩစတြေးလျနိုင်ငံ ဂရစ်ဖစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ဗက်တီးရီးယားတစ်မျိုးသည် နှာခေါင်းတွင်းရှိ အာရုံခံနှာ့ဗ်ဆဲလ် လမ်းကြောင်းမှတစ်ဆင့် ဦးနှောက်တွင်းသို့ ဝင်ရောက်နိုင်ကြောင်း သိရသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သော လက်တွေ့စမ်းသပ်မှုအရ Chlamydia Pneumoniae ခေါ် ဗက်တီးရီးယားတစ်မျိုးသည် နှာခေါင်းအာရုံနှာ့ဗ်ဆဲလ် လမ်းကြောင်းမှတစ်ဆင့် ဦးနှောက်၏ ဗဟိုအာရုံနှာ့ဗ်ဆဲလ်စနစ်အတွင်းသို့ ဝင်ရောက်နိုင်သည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါ ဗက်တီးရီးယားများ ဦးနှောက်အတွင်းသို့ရောက်ရှိချိန်တွင် ဆဲလ်များ၏တုံ့ပြန်မှုကြောင့် အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးဖြစ်သည့် ဘီတာအမိုင်းလွိုက် (Beta Amyloid) ပရိုတင်းများ ဦးနှောက်အတွင်း စုစည်းလာတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နှာခေါင်းနှိုက်ခြင်း၊ နှာခေါင်းမွေးနုတ်ခြင်း စသည့်အလေ့အထများကြောင့် Chlamydia Pneumoniae ဗက်တီးရီးယားများမှာ နှာခေါင်းအာရုံ နှာ့ဗ်ဆဲလ်လမ်းကြောင်းမှတစ်ဆင့် ဦးနှောက်အတွင်းသို့ ဝင်ရောက်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

KKO

## ဗာဒံစေ့ ၅၆ ဂရမ်နေ့စဉ်စားသုံးခြင်းဖြင့် အစာခြေလမ်းကြောင်းစနစ်ကျန်းမာရေးကို မြှင့်တင်နိုင်

**လန်ဒန် အောက်တိုဘာ ၃၁**

ဗာဒံစေ့ ၅၆ ဂရမ် နေ့စဉ်စားသုံးခြင်းဖြင့် အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးကိုမြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Medical News Today သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၃၀ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များသည် ဗာဒံစေ့စားသုံးမှု၏ အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုများကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ဗာဒံစေ့ ၅၆ ဂရမ် နေ့စဉ်စားသုံးပါက အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားများ၏ ကျန်းမာရေးကို အထောက်အကူပေးတတ်သော Butyrate ခေါ် ဖက်တီးအက်စစ်တစ်မျိုးထွက်ပေါ်မှုမြင့်တက်လာပြီး အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေး အားကောင်းလာတတ်ကြောင်း၊ နေ့စဉ်အစားအစာများထဲ၌ ဗာဒံစေ့ထည့်သွင်းစားသုံးမှုသည် အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးကို ထိခိုက်စေခြင်းမရှိဘဲ အမျှင်ဓာတ်စားသုံးမှုကို မြင့်တက်နိုင်သော နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

Butyrate ဖက်တီးအက်စစ်သည် သွေးအတွင်းသို့ ဗက်တီးရီးယားများဝင်ရောက်မှုကို တားဆီးပေးထားသည့် အစာခြေလမ်းကြောင်းစနစ် အရံအတားကို ထိန်းပေးထားနိုင်ပြီး ရောင်ရမ်းမှုများကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဥရောပထိပ်သီးကလပ်များတွင်ကစားခဲ့သည့် ၁၅ နှစ်တာကာလအတွင်း ရီးရဲလ်မက်ဒရစ်အသင်းမှ တိုနီခရုစ့်စ် ပထမဆုံးအကြိမ် အနီကတ်ပြသခံရ



**မက်ဒရစ် အောက်တိုဘာ ၃၁**

ရီးရဲလ်မက်ဒရစ်အသင်းနှင့်ဂျီရိုနာအသင်းတို့သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ် ကွင်းလယ်ကစားသမား တိုနီခရုစ့်စ်သည် နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံရသောကြောင့် ဥရောပထိပ်သီးကလပ်များတွင် ကစားခဲ့သည့် ၁၅ နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ် အနီကတ်ပြသခံခဲ့ရကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုနီခရုစ့်စ်သည် ဘောလုံးလောကတွင် အနီကတ်ပြသခြင်းမခံရသည့် ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ဂျီရိုနာအသင်းနှင့်ပွဲစဉ်တွင် ပွဲပြီးဆုံးခါနီးနာကျင်အချိန်ပို၌ အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် ၎င်း၏ စံချိန်ကောင်းတစ်ခုရပ်တန့်ခဲ့ရပြီး ဘိုင်ယန်မြူးနစ်၊ လေဗာကူဆင်နှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့တွင် ကစားခဲ့သည့် ကစားသမားဘဝ တစ်လျှောက် ပထမဆုံးအနီကတ်ပြဒဏ်နှင့် ရင်ဆိုင်ခဲ့ရသည်။

၎င်းသည် ဂျီရိုနာအသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် ၅၅ မိနစ်၌ ပြစ်ဒဏ်ကျူးလွန်ခဲ့မှုကြောင့် အဝါကတ်တစ်ကြိမ် ပြသခံခဲ့ရပြီး တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်နေချိန်တွင် ဦးဆောင်ဂိုးရရှိရန် တိုက်စစ်မြှင့် ကစားခဲ့သော်လည်း ဦးဆောင်ဂိုးမရရှိခဲ့ဘဲ နာကျင်အချိန်ပိုအရောက်တွင် တိုနီခရုစ့်စ်က ဂျီရိုနာကစားသမား အဲလက်ဂါစီယာကို ပြစ်ဒဏ်ထပ်မံကျူးလွန်ခဲ့သောကြောင့် ဒုတိယအကြိမ် နှစ်ဝါတစ်နီကြောင့် ထွက်ခွာခဲ့ရကာ ကစားသမားဘဝ တစ်လျှောက် ပြိုင်ပွဲစုံ ၆၃၄ ပွဲကစားအပြီးတွင် ပထမဆုံး အနီကတ်ပြသခံခဲ့ရခြင်းဖြစ်သည်။

တိုနီခရုစ့်စ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၇ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းနှင့် စတင်ခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်း၊ လေဗာကူဆင်အသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့၌ကစားခဲ့ပြီး ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ၁၇၃ ပွဲ၊စပိန်လာလီဂါတွင် ၂၅၃ ပွဲ၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၁၄၂ ပွဲ ကစားခဲ့ပြီး အနီကတ်ပြသခံရခြင်း မရှိခဲ့ဘဲ သွင်းဂိုး ၅၉ဂိုးနှင့် ဂိုးဖန်တီးမှုအကြိမ် ၁၃၀ ပြုလုပ်နိုင်ခဲ့ကာ ချန်ပီယံလိဂ်ဖလား ငါးကြိမ်၊ဘွန်ဒက်စ်လီဂါ၊ လာလီဂါဖလားသုံးကြိမ်နှင့် ဖီဖာကမ္ဘာ့ကလပ် ချန်ပီယံဖလား ငါးကြိမ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ML

# Bermuda Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆု အိုင်ယာလန်ကစားသမား ဆီးမက်ပါဝါဆွတ်ခူး

**ဆောက်သမ်တန် အောက်တိုဘာ ၃၁**

ဘာမြူဒါနိုင်ငံ ဆောက်သမ်တန်မြို့တွင် ကျင်းပခဲ့သည့် Bermuda Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား ဆီးမက်ပါဝါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း SW သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘယ်လ်ဂျီယံ ဂေါက်သီးရိုက်ကစားသမား သောမတ်စ်ဒက်ထရိုင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ရော်ဂျာ၊ ဂရစ်ဖင်နှင့် ထိုင်ဝမ်ဂေါက်သီးရိုက်ကစားသမား ချန်အန်ယုတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ဆီးမက်ပါဝါက "ဂေါက်သီးရိုက်လောကထဲကို ဝင်ခဲ့ပြီးနောက်ပိုင်း ဒီဆုကို အခု ဒုတိယအကြိမ်ရရှိခဲ့တာပါ။ အခု ချန်ပီယံဖြစ်ခွင့်ရတဲ့ ခံစားချက်က ဘာနဲ့မှမတူပါဘူး ပျော်ရွှင်ရပါတယ်။ ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမားတစ်ယောက်အနေနဲ့ ပြိုင်ပွဲတော်တော်များများမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပေမဲ့ အောင်မြင်မှုမရတဲ့ အခြေအနေကြောင့် ဂေါက်သီးရိုက်လောကထဲမှာ ဆက်ပြီးကျင်လည်သွားဖို့ဖြစ်ပါ့မလားလို့တွေးမိတယ်။ ခက်ခဲတဲ့ အချိန်ကာလတွေဖြစ်ပါတယ်။ အခုလိုချန်ပီယံဆုကိုဆွတ်ခူးလာနိုင်တဲ့အချိန်ကျတော့လဲ စိတ်ခံစားချက်ကပြောင်းလဲသွားပါတယ်။ နောက်ထပ် အောင်မြင်မှုတွေရယူသွားချင်တဲ့စိတ်တွေဖြစ်လာတယ်။ ပိုပြီးတက်ကြွလာတယ်လို့ခံစားရပါတယ်"ဟုပြောကြားခဲ့သည်။

ဆီးမက်ပါဝါသည် PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပအသင်း၌ပါဝင်ခွင့်ရရှိရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။ AZL



# ခွန်ဒီနှင့်ဂါစီယာတို့ ဒဏ်ရာပြင်းထန်မှုမရှိကြောင်း ဘာစီလိုနာအသင်းထုတ်ပြန်

**ဘာစီလိုနာ အောက်တိုဘာ ၃၁**

ဘာစီလိုနာအသင်းနှင့် ဗလင်စီယာအသင်းတို့ပွဲစဉ်တွင် ဘာစီလိုနာအသင်းမှ ခံစစ်ကစားသမား ခွန်ဒီနှင့် အဲရစ်ဂါစီယာတို့ ဒဏ်ရာကြောင့် လူစားလဲထွက်ခွာခဲ့ရသော်လည်း ဒဏ်ရာမှာပြင်းထန်မှုမရှိကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ခံစစ်ကစားသမားနှစ်ဦးစလုံး ပွဲထွက်ခွင့်ရရှိခဲ့ပြီး ပွဲချိန် ၄၂ မိနစ်တွင် ဂါစီယာအနေဖြင့်ဒဏ်ရာကြောင့် အလွန်ဆိုနှင့်လူစားထွက်ခွာခဲ့ရပြီး ခွန်ဒီအနေဖြင့် ပွဲချိန် မိနစ် ၇၀ တွင်ရရှိခဲ့သည့် ဒဏ်ရာကြောင့် ပီကေးနှင့်လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင်ဘာစီလိုနာအသင်းအနေဖြင့် လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဂါစီယာသည် ယခင်ရရှိထားသည့် ဘယ်ဘက်တင်းပါးကြွက်သား ဒဏ်ရာကြောင့်ဖြစ်ကြောင်းနှင့် ခွန်ဒီသည်လည်း ယခင်ဒဏ်ရာဟောင်းဖြစ်သည့် ဘက်ဘက်ပေါင်ကြွက်သား ဒဏ်ရာတို့ကြောင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦး ဒဏ်ရာအခြေအနေမှာစိုးရိမ်စရာမရှိကြောင်း ထုတ်ပြန်ခဲ့ကာ ရက်အနည်းငယ်အတွင်း အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်သည်။

နည်းပြဇာဗီသည် ဗဟိုခံစစ်ပိုင်းတွင် ခရစ်စတန်ဆန်နှင့်ရော်ဘက်တိုတို့ကို လက်လွှတ်ထားရသော်လည်း ခွန်ဒီနှင့် ဂါစီယာတို့၏ ဒဏ်ရာမှာပြင်းထန်မှုမရှိသဖြင့် စိုးရိမ်စရာမရှိကြောင်းပြောကြားခဲ့ပြီး နိုဝင်ဘာ ၂ ရက်တွင် ပလာဇန်အသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ခွန်ဒီနှင့် ဂါစီယာတို့၏နေရာတွင် ပီကေးနှင့် အလွန်ဆိုတို့ကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ML

# ဝက်စ်ဟမ်းအသင်းကို အနိုင်ဂိုးသွင်းခဲ့သည့် ရက်ရှ်ဖို့ဒ် မန်ယူအသင်းနှင့် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းရရှိ


**မန်ချက်စတာ အောက်တိုဘာ ၃၁**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ်ကစားခဲ့သည့် မန်ယူအသင်းက ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည့်တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းနှင့်အတူ သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းကို ရရှိခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ရက်ရှ်ဖို့ဒ်သည် အောက်တိုဘာလအစောပိုင်းကတည်းက အသင်းအတွက် သွင်းဂိုး ၉၈ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ရှရစ်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည့်ယူရိုပါလိဂ်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးနှင့် ဝက်စ်ဟမ်းအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် မန်ယူအသင်းကစားသမားဘဝသွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းကောင်းရရှိခဲ့သည်။

ရက်ရှ်ဖို့ဒ်က "ပြီးခဲ့တဲ့နှစ်ပွဲဆက်မှာ ကျွန်တော်တို့အသင်းအနိုင်ရခဲ့သလို အသင်းအတွက်ဂိုးသွင်းယူနိုင်ခဲ့လို့ပျော်ရွှင်ရပါတယ်။မန်ယူအသင်းမှာ အခုလိုမှတ်တမ်းကောင်းရရှိမဲ့နေ့မျိုးကို စောင့်မျှော်နေတာ အခုဖြစ်လာခဲ့ပါပြီ။ ကျွန်တော် ဂိုးရဖို့ခက်ခဲနေချိန်မှာ ကျွန်တော့်ရဲ့ ကစားပုံကြောင့်သာ မဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာကြောင့်လဲ ပါဝင်ခဲ့ပါတယ်။အသင်းနဲ့မှတ်တမ်းကောင်းရေးထိုးနိုင်လို့ ကျေနပ်မိပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် မန်ယူအသင်းသည် ဝက်စ်ဟမ်းအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်အပြီးတွင် ပရီးမီးယားလိဂ် ၁၂ ကစားပြီးချိန်၌ ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ ၊ သုံးပွဲရှုံးရလဒ်ဖြင့် ရမှတ် ၂၃ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၅)ထိ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ML



## အားကစားသတင်း အတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်ပြင်ဆင်နေသည့် စပါးအသင်းကစားသမား ဆွန်ဟောင်မင်ကို ပရီးမီးယားလိဂ်ပြိုင်ဘက် လီဗာပူးအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- အာဆင်နယ်အသင်းက ခြေစွမ်းပြကစားနေသည့် လူငယ်ခံစစ်ကစားသမား ဆာလီဘာကို စာချုပ်သက်တမ်းတိုးရန်ကမ်းလှမ်းထားသော်လည်း လက်ရှိအချိန်ထိ သဘောတူညီမှုမရရှိသေးကြောင်း သိရသည်။
- တိုရီနိုအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း အေစီမီလန်အသင်းအနေဖြင့် ချန်ပီယံလမ်းကြောင်းမှ ထွက်ခွာသွားမည်မဟုတ်ကြောင်း နည်းပြပိုင်အိုလီက ပွဲအပြီး မီဒီယာများနှင့်တွေ့ဆုံချိန်တွင် ပြောကြားခဲ့ကြောင်း သိရသည်။ ML

# အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆီမီးအဆင့်၌ ကချင်ပြည်နယ်အသင်း အနိုင်ရ

**နေပြည်တော် အောက်တိုဘာ ၃၁**

၂၀၂၂ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၆နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးထွန်းမြင့်ဦး၊ ဦးနေဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဦးစွာ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်။

၂၀၂၂ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်တွင် တစ်ရက်ရပ်နားသွားမည်ဖြစ်ကာ နိုဝင်ဘာ ၂ ရက်တွင် တတိယလုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ နိုဝင်ဘာ ၃ ရက်တွင် ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# Portugal Masters ပြိုင်ပွဲ ချန်ပီယံဆုကို ဂျော်ဒန်စမစ် ဆွတ်ခူး

**လစ္စဘွန်း အောက်တိုဘာ ၃၁**

ပေါ်တူဂီနိုင်ငံ ဗီလာမော်ရာမြို့တွင်ကျင်းပခဲ့သည့် Portugal Mastersဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဂျော်ဒန်စမစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၃၀ လျှော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်ဟု Eurosport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မလေးရှားဂေါက်သီးရိုက်ကစားသမား ဂါဗင်ဂရင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၇ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဖင်လန်ဂေါက်သီးရိုက်ကစားသမား ပက်ကင်နင်က သတ်မှတ်ရိုက်ချက်ထက် ၂၂ ချက် လျှော့ရိုက်ကာ တတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

ဂျော်ဒန်စမစ်က "ဒီနှစ်အတွင်း ကျွန်တော်ပါဝင်ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲတွေမှာ အခုပြိုင်ပွဲရဲ့လက်စွမ်းက အကောင်းဆုံးပါပဲ။ ကျွန်တော့်အနေနဲ့ ထင်မှတ်မထားတဲ့လက်စွမ်းမျိုးနဲ့ကစားနိုင်ခဲ့လို့ ဒီဆုကိုဆွတ်ခူးနိုင်ခဲ့ပါတယ်။ အခုဆုဖလားက ကျွန်တော့်ကစားသမားဘဝအတွက် အထောက်အကူဖြစ်စေမယ့်ဆုဖလားပါ။အောင်မြင်မှုရဖို့ကိုယ့်ကိုယ်ကိုယ် ဖိအားတွေပေးခဲ့တယ်။ကျွန်တော့်အနေနဲ့အရင်တုန်းကမတူညီတဲ့ပုံစံမျိုးနဲ့ကစားနိုင်အောင် ပြောင်းလဲမှုတွေလုပ်ခဲ့ရပါတယ်။အဲ့ဒီအပြောင်းအလဲက ကျွန်တော့်ကိုချန်ပီယံဖြစ်စေခဲ့တာပါ။ လာမယ့်ပြိုင်ပွဲတွေမှာလဲ ချန်ပီယံဖလားတွေကိုင်မြှောက်ချင်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဂျော်ဒန်စမစ်သည် ယခုပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် ဥရောပအသင်းကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရေးမျှော်လင့်ချက် နည်းပါးနေကြောင်း သိရသည်။

AZL




# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲပွဲစဉ်(၁၈)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၄ မိနစ်တွင် ကွန်ဒီက ရခိုင်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း လေးမိနစ်အကြာ ပွဲချိန် ၁၈ မိနစ်တွင် ဝေဖြိုးသူက မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည် သွင်းယူပေးနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရခိုင်ယူနိုက်တက်အသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၅၃ မိနစ်တွင် ဇော်ဇော်နိုင်က ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက် မဟာယူနိုက်တက်အသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးကစားခဲ့သော်လည်း ထိရောက်သည့်တိုက်စစ်ဆင်မှုများမပြုလုပ်နိုင်ခဲ့ဘဲ ပွဲချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို ငါးမိနစ်၌ သန်းတိုးအောင်က ရခိုင်ယူနိုက်တက်အသင်းအတွက် တတိယဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲစဉ်အပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၈)ကို နိုဝင်ဘာ ၁ ရက်တွင် ရပ်နားသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂ရက် ညနေ ၃ နာရီခွဲ၌ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက်များ

S T A

**အေစီမီလန် Vs ဆဲလ်ဘတ်**

**ကစားမည့်ရက်/အချိန် ၃-၁၁-၂၀၂၂ (နံနက် ၀၂:၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**ဆဲလ်ဘတ် ၁ - ၁ အေစီမီလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| **အေစီမီလန် –** | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **ဝေး(ရှုံး)** |
| **ဆဲလ်ဘတ် –** | **အိမ်(သရေ)** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** |

အေစီမီလန်အတွက် သရေရလဒ်ဆိုရင် နောက်တစ်ဆင့်တက်ရောက်မှာဖြစ်ပေမဲ့ ဆဲလ်ဘတ်ကတော့ မဖြစ်မနေအနိုင်ရလဒ်ရရှိမှသာ တက်ရောက်မှာပါ။ ဒါပေမဲ့ လက်ရှိဆဲလ်ဘတ်အသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ အေစီမီလန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အေစီမီလန် ၂ – ၁ ဆဲလ်ဘတ်**

**ဂျူဗင်တပ် Vs ပီအက်စ်ဂျီ**

**ကစားမည့်ရက်/အချိန် ၃-၁၁-၂၀၂၂ (နံနက် ၀၂:၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**ပီအက်စ်ဂျီ ၂ – ၁ ဂျူဗင်တပ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| **ဂျူဗင်တပ် –** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **ဝေး(နိုင်)** |
| **ပီအက်စ်ဂျီ –** | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |

ယူရိုပါလိဂ်ဝင်ခွင့်အတွက် စိတ်ချလို့မရသေးတဲ့ ဂျူဗင်တပ်အသင်းဟာ အနိုင်ရရှိဖို့လိုအပ်နေတယ်ဆိုပေမဲ့ ပီအက်စ်ဂျီအသင်းကလဲ အုပ်စုပထမနေရာအတွက် အနိုင်ရရှိဖို့လိုအပ်ပါသေးတယ်။လက်ရှိ ဂျူဗင်တပ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိသေးလို့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ပီအက်စ်ဂျီအသင်းနဲ့ပဲလက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – ဂျူဗင်တပ် ၁ – ၂ ပီအက်စ်ဂျီ**

# Vienna Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို မျက်ဒဗျက် ဆွတ်ခူး

**ဗီယင်နာ အောက်တိုဘာ ၃၁**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပခဲ့သည့် Vienna Openတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ကနေဒါတင်းနစ်ကစားသမား ရှာပိုဗာလော့တို့ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၄-၆၊ ၆-၃၊ ၆-၂)ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း ATP Tour က ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဒဗျက်သည် ယခုနှစ်တွင် အောင်မြင်မှုရရှိရန် ရုန်းကန်နေရသည့်အခြေအနေကိုကျော်လွှားနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား နေရာအတွက်လည်း စပိန်တင်းနစ်ကစားသမား အယ်ကာရက်ကိုဖိအားပေးနိုင်ခဲ့သည်။

မျက်ဒဗျက်က ပထမပွဲငယ်တွင် ရှာပိုဗာလော့ကို ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပြန်လည်အနိုင်ရရှိခဲ့ပြီး နောက်ဆုံးအဆုံးအဖြတ်ပွဲစဉ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။


မျက်ဒဗျက်က "ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာပါတယ်။ ကျွန်တော့်အတွက် ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲကိုကစားခဲ့ရတာပါ။ ရှာပိုဗာလော့အနေနဲ့ တင်းနစ်လောကမှာ အဆင့်တစ်ခုရှိနေသလို သူ့ရဲ့စွမ်းဆောင်ရည်တွေကိုလဲ ပြသနိုင်ခဲ့ပါတယ်။Vienna Openပထမအဆင့်ကနေဗိုလ်လုပွဲထိ ကစားခဲ့တဲ့ပွဲစဉ်တွေမှာ ဒီပွဲစဉ်ကအခက်ခဲဆုံးပါပဲ။ ဗိုလ်လုပွဲစဉ်တစ်ပွဲဖြစ်တဲ့အတွက်ကြောင့် ပိုပြီးခက်ခဲတယ်ဆိုတာမှန်ပေမဲ့ ပြိုင်ဘက်ကစားသမားက ရှာပိုဗာလော့ဖြစ်နေတဲ့အတွက် ပိုပြီးတော့ခက်ခဲခဲ့တာပါ။ ကျွန်တော့်အနေနဲ့ ပထမပွဲငယ်မှာရှုံးနိမ့်ခဲ့လို့ ဖိအားတွေတော့ရှိခဲ့ပါတယ်။ ဖိအားအောက်က ရုန်းထွက်ပြီးနိုင်ပွဲရအောင်ကစားနိုင်ဖို့အတွက် အများကြီးကြိုးစားခဲ့ရတယ်။Indoor တင်းနစ်ပြိုင်ပွဲတွေကို ကျွန်တော် သဘောကျပါတယ်။ ရာသီမကုန်မီ အရေးပါတဲ့ ပြိုင်ပွဲနှစ်ပွဲကျင်းပဖို့ရှိနေပါတယ်။အဲ့ဒီပြိုင်ပွဲနှစ်ရပ်စလုံးမှာ အောင်မြင်မှုတွေရယူနိုင်ဖို့ပြင်ဆင်လေ့ကျင့်မှုတွေ ပြုလုပ်သွားမှာပါ။ အဲ့ဒီပြိုင်ပွဲနှစ်ခုစလုံးက ကျွန်တော့်အတွက် အရေးပါတဲ့ပြိုင်ပွဲတွေပါ" ဟု ပြောကြားခဲ့သည်။

မျက်ဒဗျက်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက် ချန်ပီယံဆုဖလား ၁၅ လုံးထိ ရရှိထားပြီး အဆိုပါဆုဖလားများအနက် ခုနစ်လုံးမှာ Indoor တင်းနစ်ပြိုင်ပွဲများမှ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

AZL

ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း

# ၂၀၂၂ ခုနှစ်အတွက် ဆေးပညာဆိုင်ရာ နိုဗယ်ဆု



၂၀၂၂ ခုနှစ် ဆေးပညာနှင့်ဇီဝကမ္မပညာရပ်ဆိုင်ရာ နိုဗယ်ဆုရ ဒေါက်တာပါဘို။

ရှေးဟောင်းမနုဿဗေဒပညာရပ် (Anthropology) က စိတ်ဝင်စားရန် ကောင်းသည်။ လူသားတို့အကြောင်း၊ လူသား၏ ဇီဝကမ္မဗေဒအကြောင်း၊ လူ့ယဉ်ကျေးမှုများ မည်သို့ဖြစ်ထွန်းခဲ့သည်ဆိုသည့်အကြောင်း၊ လူသားတို့၏ ဘာသာစကားဆိုင်ရာများအကြောင်း၊ လူ့အဖွဲ့အစည်းများအကြောင်း စသည်တို့ကို သိပ္ပံနည်းကျလေ့လာသည့် ဘာသာရပ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရသည်။ ထိုသို့ လူသားမျိုးနွယ်အကြောင်း လေ့လာသည့်နေရာတွင် သမိုင်းတင်ပြီးခေတ် လူသားများအကြောင်းသာမက သမိုင်းမတင်မီ အတိတ်ကာလများဆီက ရှိခဲ့ဖူးသည့် လူ့မျိုးနွယ်များအကြောင်းလည်း ပါသည်။

ရှေးဟောင်းမနုဿဗေဒပညာရပ်နှင့် နီးကပ်စွာရှိနေသည့် ပညာရပ်တစ်ခုက ရှေးဟောင်းသုတေသနပညာရပ် (Archeology) ဖြစ်သည်။ ရှေးဟောင်းသုတေသနပညာရပ်တွင် ရှေးဦးလူသားတို့ အသုံးပြုခဲ့သည့်ပစ္စည်းများကို ပြန်လည်တူးဆွဖော်ထုတ်ပြီး အတိတ်လူသားတို့၏ လုပ်ရှားလုပ်ဆောင်မှုများကို ပြန်လည်ဖော်ထုတ်သည်။ အထက်ပါ ပညာရပ်နှစ်ခုစလုံးက အတိတ်ကို ပြန်လည်တူးဆွသည့် ဘာသာရပ်များဖြစ်သည်။ အတိတ်ကိုတူးဆွနိုင်ရန် မြေကြီးကို ပြန်လည်တူးဆွသည်၊ ရှေးဟောင်းသင်္ချိုင်းမြေများကို ပြန်လည်တူးဆွသည်၊ ကျောက်ဖြစ်ရုပ်ကြွင်းများကို ပြန်လည်တူးဆွကြရသည်။ စာထက်အက္ခရာတင်ပြီးသည့် အတိတ်သမိုင်းကာလများသာမက သမိုင်းမတင်ရသေးသည့် (Prehistory) ကာလများထိပါ ပြန်လည်တူးဆွဖော်ထုတ်ကြခြင်းဖြစ်သည်။

ယနေ့လူသားမျိုးနွယ်ကို Homo Sapiens H.(Sapiens) ဟုခေါ်သည်။ Homo ဆိုသည့် ဝေါဟာရက လူသားမျိုးနွယ်စုအားလုံးကို ခြုံငုံခေါ်ဆိုခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်အုပ်စုအောက်တွင် SARS-CoV၊ SARS-CoV-2၊ MERS စသည်ဖြင့် အုပ်စုများကွဲသွားသလို လူသားမျိုးနွယ် Homo အောက်တွင်လည်း အုပ်စုခွဲများ အများကြီးရှိသည်။ တစ်ချိန်က ကမ္ဘာမြေပေါ်တွင် ယနေ့လူသားများ၏ ရုပ်သွင်နှင့် အနည်းငယ်စီကွာခြားနေသည့် လူသားမျိုးနွယ်စုများ ရှင်သန်လှုပ်ရှားခဲ့ကြဖူးသည်။ ၎င်း မတူညီသည့် လူသားမျိုးနွယ်စုအချင်းချင်း သွေးနှောခဲ့ကြခြင်းလည်းရှိသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ထောင်သောင်းချီက ရှိခဲ့ဖူးသည့် လူသားမျိုးနွယ်စုများသည် အကြောင်းမျိုးစုံကြောင့် မျိုးသုဉ်းကွယ်ပျောက်သွားခဲ့ရပြီး ယနေ့အချိန်တွင် Homo Sapiens အနွယ်ဝင်လူသားများသာ ကမ္ဘာမြေပေါ်တွင် ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။

လူသည် မျောက်ကဆင်းသက်သည်။ မျောက်မျိုးနွယ်စုမှ လူသားမျိုးနွယ်အဖြစ်သို့ စတင်ခွဲထွက်ခဲ့သည့် အချိန်ကာလမှာ လွန်ခဲ့သည့် နှစ်ပေါင်းလေးသန်းမှ ရှစ်သန်းကြားကာလဟု ခန့်မှန်းကြသည်။ မျောက်မျိုးနွယ်များမှာ မျိုးဗီဇသယ်ဆောင်သည့် ကရိုမိုဆုမ်း ၂၄ စုံရှိသည်။ လူသားမှာကရိုမိုဆုမ်း ၂၃ စုံသာရှိသည်။ မျောက်၏ ကရိုမိုဆုမ်းနံပါတ်(၂) နေရာတွင် ကရိုမိုဆုမ်းနှစ်တွဲပေါင်းစပ်သွားပြီး လူသား၏ကရိုမိုဆုမ်းဖြစ်လာသည်။

ယနေ့အချိန်ထိ မှတ်တမ်းတင်တွေ့ရှိထားသမျှအစောဆုံး ရှေးဦးလူသားမျိုးစိတ်ကို အီသီယိုးပီးယားနိုင်ငံတွင် တူးဖော်တွေ့ရှိခဲ့သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၂ ဒသမ ၈ သန်းခန့်က လူသားမျိုးစိတ်ဟု ခန့်မှန်းကြသည်။ ထိုခေတ်ကာလများဆီက လူသားဘိုးဘေးမျိုးနွယ်စုများကို Homo Sapiens ဟု မခေါ်ကြသေးပေ။ သူတို့အားလုံးက အာဖရိကတိုက်ထဲတွင် ရှင်သန်ခဲ့ကြသည်။ အာဖရိကတိုက်မှ ပထမဆုံး ထွက်ခွာလာသည့် လူသားမျိုးနွယ်စုကို Homo Erectus H.(Erectus) ဟု ခေါ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်းနှစ်သန်းခန့်က ၎င်း H.Erectus လူသားမျိုးနွယ်စုများသည် အာဖရိကမှတစ်ဆင့် အာရှ-ဥရောပဒေသများဆီသို့ စတင်ထွက်ခွာလာခဲ့ကြသည်။ ယနေ့လူသားမျိုးနွယ်စု H. Sapiens များသည် လွန်ခဲ့သည့် နှစ်ပေါင်းသုံးသိန်းခန့်ကပင် အာဖရိကတိုက်အတွင်း စတင်အခြေပြုလာခဲ့ကြပြီး H.Erectus မှ ဆင်းသက်လာသည်ဟု ခန့်မှန်းကြသည်။

H.Sapiens များသည်လည်း အာဖရိကမှထွက်ခွာလာခဲ့ကြပြီး ကမ္ဘာ့အရပ်ရပ်တွင် နဂိုရှိနှင့်ပြီးဖြစ်သည့် တခြားလူသားမျိုးစိတ်များနှင့် သွေးနှောပေါင်းဖော်သွားကြသည်။ H.Sapiens များနှင့် အုပ်စုမတူဘဲ မူလပထမကတည်းက ဥရောပ-အာရှဒေသများတွင် နေထိုင်ခဲ့ကြသည့် နီရန်ဒါသယ် (Neanderthals) လူသားမျိုးနွယ်စုတစ်ခု ပေါ်ထွက်လာသေးသည်။ ယနေ့ အာဖရိက သွေးမနှောထားသည့် လူသားတချို့မှာ ၎င်းနီရန်ဒါသယ်မျိုးနွယ်စု၏ မျိုးဗီဇအပိုင်းအစများ ငါးရာခိုင်နှုန်းခန့်ထိ ပါဝင်နေသည်ဟုဆိုသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ခုနစ်သောင်းခန့်က H. Sapiens အုပ်စုများသည် အာဖရိကတိုက်မှစတင်ထွက်ခွာလာခဲ့ကြသည်။ နီရန်ဒါသယ်အုပ်စုများက လွန်ခဲ့သည့်နှစ်ပေါင်း သုံးသိန်းခန့်ကတည်းက အာဖရိကကို စွန့်ခွာခဲ့ကြသည်။ နီရန်ဒါသယ်တို့က အာရှနှင့်ဥရောပတိုက်နေရာအနှံ့အပြားတွင် နေထိုင်ခဲ့ကြသည်။ သို့သော် နီရန်ဒါသယ်များက သိပ်ပြီး ဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့ကြပေ။ လွန်ခဲ့သည့် နှစ်ပေါင်းလေးသောင်းခန့်တွင် နီရန်ဒါသယ်များမျိုးသုဉ်းသွားခဲ့ရသည်။ ကမ္ဘာပေါ်တွင် နောက်ဆုံးရှင်သန်ကျန်ရစ်ခဲ့သည့် လူသားအုပ်စုက H.Sapiens များသာဖြစ်သည်။

၎င်းအချက်များကို သက်သေပြခဲ့သူက ဆွီဒင်လူမျိုး မျိုးဗီဇပညာရှင်ပါဘို (Svante Paabo) ဖြစ်သည်။ ဒေါက်တာပါဘိုက ဂျာမနီနိုင်ငံ Max Plank ဆင့်ကဲဖြစ်ပေါ်မှုဆိုင်ရာ မနုဿဗေဒတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သည်။ ပါဘို၏အလုပ်က ကျောက်ဖြစ်ရုပ်ကြွင်းများ၏ မျိုးဗီဇ DNA များကို စစ်ဆေးသည့် လုပ်ငန်းဖြစ်သည်။ Paleogenetics ဟုခေါ်သည်။ ၁၉၉၇ ခုနှစ်ကတည်းက နီရန်ဒါသယ်လူသားမျိုးနွယ်စု၏ မျိုးဗီဇ DNA ကို ဒေါက်တာပါဘိုနှင့်အဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

ဒေါက်တာပါဘိုက သူ၏ဘဝကို Paleogenetics ပညာရပ်တွင်သာ မြှုပ်နှံထားသည်။ ပါဘို၏ တွေ့ရှိချက်များအရ လွန်ခဲ့သည့်နှစ်ပေါင်း ထောင်ချီကာလများဆီက H.Sapiens များသည် နီရန်ဒါသယ်အုပ်စုများနှင့် အာဖရိကတိုက်ပြင်ပတွင် နီးကပ်စွာနေထိုင်ခဲ့ကြသည်။ သွေးနှောပေါင်းဖော်ခြင်းလည်းရှိခဲ့သည်။ ယနေ့ဥရောပနှင့် အာရှသားများ၏ မျိုးဗီဇ DNA တစ်ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းမှာ နီရန်ဒါသယ်များမှရရှိလာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ H. Neanderthalenesis ဟု သိပ္ပံအမည်ရှိသည့် နီရန်ဒါသယ်များ၏ မျိုးဗီဇအပြည့်အစုံ ၄၀ ရာခိုင်နှုန်းခန့်ထိကို ယနေ့မျက်မှောက်ခေတ် H.Sapiens များ၏ မျိုးဗီဇကိုအသုံးပြုလျက် ပြန်လည်တည်ဆောက်နိုင်သည်။ သည်တော့ နီရန်ဒါသယ်များသည် မည်သည့်အခါမျှ မျိုးမသုဉ်းခဲ့ပေ။ သူတို့၏သွေးသားမျိုးဗီဇများသည် မျက်မှောက်ခေတ် လူသား H. Sapiens များထဲတွင် ဆက်လက် စီးဆင်းနေသည်။

၂၀၁၀ ပြည့်နှစ်တွင် ဒေါက်တာပါဘိုက သူအနှစ်နှစ်အလလ ကြိုးစားဖော်ထုတ်ထားသည့် နီရန်ဒါသယ်လူသားမျိုးနွယ်စု၏ မျိုးဗီဇအပြည့်အစုံကို ပုံနှိပ်ထုတ်ဝေဖော်ပြနိုင်ခဲ့သည်။ သည်အလုပ်က ဘယ်တော့မှ မဖြစ်နိုင်ဟု သတ်မှတ်ထားခဲ့သည့်အလုပ်ဖြစ်သည်။ နှစ်ပေါင်းလေးထောင်၊ ငါးထောင်ကျော်သက်တမ်းရှိ အရိုးများမှ DNA ကိုရယူရန်က အတော်ခက်သည်။ နှစ်ကာလကြာမြင့်ပြီဖြစ်သည့်အတွက် ဗက်တီးရီးယားပိုးနှင့်အခြားသက်ရှိများ၏ DNA များပါ ရောနှောနေတတ်သည်။ ထိုသို့ခက်ခဲသည့်အလုပ်ကို ဒေါက်တာပါဘိုက နှစ် ၃၀ ကျော် နည်းလမ်းရှာဖွေခဲ့ပြီး ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒေါက်တာပါဘို၏ တွေ့ရှိမှုက သည်မှာတင်မပြီးသေးပေ။ ဆိုက်ဘေးရီးယားဒေသ အယ်လ်တိုင်တောင်တန်းများကြားမှ ရှေးဦးလူသားလက်ချောင်းအပိုင်းအစတစ်ခုကိုလေ့လာဆန်းစစ်ရာမှ လူသားမျိုးနွယ်တစ်ခုကို ထပ်မံဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းအရိုးလေးတွေ့ရှိသည့် လိုဏ်ဂူအမည်ကိုအစွဲပြုလျက် ၎င်းလူသားမျိုးစိတ်ကို Denisovans ဟု အမည်ပေးလိုက်သည်။ Denisovans များသည်လည်း နီရန်ဒါသယ်များကဲ့သို့ပင် H.Sapiens များနှင့်ခေတ်ပြိုင်တည်ရှိခဲ့သည်။ သွေးနှောပေါင်းဖက်ခဲ့ကြသည်။

နီရန်ဒါသယ်များရော၊ Denisovans များပါ H.Sapiens များထက် နှစ်ပေါင်းသောင်းချီပြီး အာရှ-ဥရောပဒေသများတွင် နေထိုင်ခဲ့ကြသည်။

သို့သော် DNA တွေ့ရှိချက်များအရ ၎င်းမျိုးနွယ်စုနှစ်ခုစလုံးမှာ H.Sapiens လောက် ရောဂါဘယဒဏ်ကို ခံနိုင်ရည်မရှိကြသည်ကို တွေ့ရသည်။ ကိုဗစ်-၁၉ ဗိုင်းရပ်ကို နီရန်ဒါသယ်မျိုးဗီဇ DNA တစ်ခုနှင့် ထိတွေ့စေသည့်အခါ ယနေ့လူသား DNA များထက် ပိုပြီးပြင်းပြင်းထန်ထန်ရောဂါဖြစ်ပွားမည့် အလားအလာ တွေ့ရသည်။ ၂၀၂၁ ခုနှစ်တွင် ပြုလုပ်သည့် သုတေသနတစ်ခုမှာ နီရန်ဒါသယ်မျိုးဗီဇအမွေအနည်းငယ်ရရှိထားသူများသည် စိတ်ကစဉ့်ကလျားရောဂါပိုပြီး အဖြစ်များသည်ကိုတွေ့ကြရသည်။ Denisovans မျိုးဗီဇသယ်ဆောင်ထားသူများက ကုန်းမြင့်ဒေသများတွင် ကြာကြာအသက်ရှင်နေနိုင်ကြောင်း တွေ့ရသည်။ ယနေ့မျက်မှောက်ခေတ် တိဘက်မျိုးနွယ်များကြား Denisovans မျိုးဗီဇသယ်ဆောင်ထားသူများစွာ တွေ့ရှိကြရသည်။

ဒေါက်တာပါဘို၏ တွေ့ရှိချက်များက ရှေးဦးလူသားမျိုးနွယ်စုအသစ်များ ဖော်ထုတ်ရုံမျှမကပါ။ ရှေးကာလများဆီကရှိခဲ့သည့် ကူးစက်ရောဂါများကိုလည်း ပြန်လည်ဖော်ထုတ်နိုင်ပြီး ယနေ့လူသားများအတွက် အကျိုးရလဒ်သင်ခန်းစာကောင်းများ ရရှိနိုင်စေသည်။ ဥပမာအားဖြင့် အနာကြီးရောဂါပိုး၏ DNA ကို ထုတ်ယူရန်က ခက်ခဲသည်။ ဒေါက်တာပါဘို၏ နည်းပညာကို အသုံးပြုသည့်အခါ ရှေးခေတ်ကာလ လူသားများဆီတွင် ဖြစ်ပွားခဲ့သည့် အနာကြီးရောဂါပိုး၏ DNA ကို ဖော်ထုတ်နိုင်လာသည်။ အခြားသော ကူးစက်ရောဂါပိုးများ၏ ရောဂါကူးစက်ပျံ့နှံ့မှုပုံစံများကို ယခင်ကထက် ပိုမိုဖော်ထုတ်လာနိုင်မည့် အလားအလာရှိလာသည်။

အထက်ပါတွေ့ရှိမှုများအတွက် ဒေါက်တာပါဘိုကို ၂၀၂၂ ခုနှစ် ဆေးပညာနှင့် ဇီဝကမ္မပညာရပ်ဆိုင်ရာ နိုဗယ်ဆု ချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်။ ဆယ်စုနှစ်များစွာ ဆောင်ရွက်ခဲ့သည့် သူကြိုးပမ်းချက်များကို အသိအမှတ်ပြုသည့်အနေဖြင့် ချီးမြှင့်ခဲ့ခြင်းလည်းဖြစ်သည်။ ဒေါက်တာ ပါဘိုတစ်ယောက်သူ၏ ရှေးဟောင်းမနုဿရုပ်ကြွင်း မျိုးဗီဇသုတေသနများ စတင်ခဲ့စဉ်က လွန်ခဲ့သည့်နှစ်ပေါင်း တစ်ထောင်၊ နှစ်ထောင်ခန့်မှ လူသားများ၏ DNA ကို ဖော်ထုတ်နိုင်ရန် မျှော်မှန်းခဲ့သည်။ နီရန်ဒါသယ်အကြောင်း၊ Denisovans အကြောင်းတို့ကို ဖော်ထုတ်နိုင်လိမ့်မည်ဟု အိပ်မက်ပင် မမက်ဖူးခဲ့ဟုဆိုသည်။

ယခုအချိန်တွင် ဒေါက်တာပါဘိုတို့လို ပညာရှင်များ၏ကြိုးပမ်းမှုကြောင့် လွန်ခဲ့သည့်နှစ်ပေါင်းသောင်းချီကရှင်သန်ခဲ့ပြီး ယနေ့ကာလတွင် မျိုးသုဉ်းပျောက်ကွယ်ခဲ့ပြီဖြစ်သော ရှေးဦးလူသားမျိုးစိတ်များ၏ မျိုးဗီဇအစီအစဉ်ကို မျက်မှောက်ခေတ်လူသားမျိုးစိတ် H.Sapiens များနှင့် နှိုင်းယှဉ်လေ့လာနိုင်ပြီဖြစ်သည်။ မျက်မှောက်လူသားမျိုးဗီဇ အစီအစဉ်ကိုသာမက အတိတ်မှရှေးဦးလူသားများ၏ မျိုးဗီဇအစီအစဉ်ကိုပါ ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**


- **Paabo wins Nobel Prize for work on human evolution from lancet oct,2022**


ဒေါက်တာလှမ်းမိုးဟန်

# Hotels and guesthouses on Chaung Thar, Ngwe Saung and Ngapali beaches have full bookings for Tazaungdaing festival



A panoramic view of a sandy beach.

**Nay Pyi Taw October 31**

There are a large number of people who have made reservations at hotels and guesthouses on Chaung Thar and Ngwe Saung beaches in Rakhine State and Ngapali Beach in Rakhine State for the Tazaungdaung Festival, said U Zeya Myo Aung, Deputy Director General of the Department of Hotels and Tourist Information (Nay Pyi Taw).

"As far as I know, the hotels are almost full. All of them are fully reserved. On the day of Diwali and Thadingyut period, which is a long weekend, there is an increase in the number of domestic travellers visiting the beaches. The number of travelers visiting Chaung Thar, Ngwe Saung and Ngapali as well as Taunggyi and Kalaw is increasing. In these five places, from October 1 to October 14, there are 150,000 people staying at hotels, motels, and lodging houses. We oversee the guests in harmony with the rules of the COVID-19 virus, the security and registration for visitors," U Zeya Myo Aung said.

ASH

# 49 invested businesses create more than 14,000 jobs from January to 21 October

**Nay Pyi Taw October 31**

More than 14,000 jobs were created by 49 invested businesses allowed from January to 21 October 2022, according to the Myanmar Investment Commission.

The MIC allowed 49 local and foreign investments in Myanmar from 14 January to 21 October 2022 through four meetings.

On 14 January, the meeting approved increase of investment capitals for four existing businesses to create 2,646 jobs in livestock and fisheries, manufacturing, minerals and services sectors.

At one more meeting held on 30 March, it decided to allow investments for seven sectors comprising hotels and tourism, industry, service, electricity and energy to generate 3,553 jobs.

On 11 July when the third meeting was held, 19 new businesses were allowed for industry, service, agriculture and livestock and electricity and energy sectors. It generated more than 3,100 jobs.

On 21 October, the meeting allowed 13 new businesses with investments in electricity, industry, agriculture, hotels and tourism, services and housings. These businesses created 5,685 jobs for local people.

Hence, 49 allowed investments can generate 14,984 jobs for the people.

336



Yangon port handling containers.

# Authorities carry out renovation and maintenance works in ancient religious buildings in Bagan archaeological area

**Bagan October 31**

The restoration and preservation of the ancient culture in Bagan archaeological zone is begun in the open season of the 2022-2023 FY, said U Kyaw Myo Win, director of the Department of Archeology and National Museums (Bagan Branch).

In cooperation with the Bagan Heritage Trust, the laboratory sub-department of Department of Archeology and National Museums (Bagan division), will carry out such renovation and maintenance works in the ancient cultural building No. 2162, 2144, 537, 798, 997, 998, and 2208 starting from early October in the 2022-2023 FY.

"The laboratory sub-department of Department of Archeology and National Museums (Bagan division) will start the work of the preservation of wall paintings and stucco flower beauty, the maintenance of the Great Wall and the work of replacing the tunnels and domes without damaging its original work with the help of the Bagan Heritage Trust starting from early October in the 2022-2023 FY. Similarly, ten religious buildings are also being repaired and maintained using the Mandalay Region Government's earthquake fund," U Kyaw Myo Win said.

ASH

# Morbi bridge collapse: Hopes fade for survivors in Gujarat tragedy

**Delhi October 31**

A rescue operation - begun after a pedestrian suspension bridge collapsed in India's western state of Gujarat - has been scaled down as hopes fade of more survivors being found.

Officials say 141 people - most of them women, children or elderly - died after the bridge collapsed on Sunday evening.

The 140-year-old structure in Morbi town reopened a week ago after repairs.

There was overcrowding on the bridge - a major local tourist attraction - at the time it collapsed, officials said.

Police are questioning eight people in connection with the incident, a police official confirmed to BBC Gujarati. Those being questioned included security personnel and ticket sellers.

The official refused to confirm whether employees from Oreva Group, the firm which was in charge of maintaining the bridge, are also being questioned.

Questions have been raised over why Oreva Group, a company which once described itself as the "world's largest clock manufacturing company" - before it also began making lighting products, battery-operated bikes, home appliances and TV sets - was given responsibility for maintaining a bridge.

BBC

# Somalia Mogadishu bombings: Twin blasts kill 100 in capital

**Mogadishu October 31**

Twin car bomb explosions near a busy junction in Somalia's capital, Mogadishu, killed at least 100 people, President Hassan Sheikh Mohamud says.

Among the victims "who were massacred [were] mothers with their children in their arms", the AFP news agency quotes the president as saying.

He appealed for international medical help to deal with the 300 injured.

The president blamed the al-Shabab militant group for Saturday's attack which targeted the education ministry.

The pro-jihadist Somali Memo website has reported that the group has said it was behind the blasts.


An affiliate of al-Qaeda, al-Shabab has engaged in a long-running conflict with the federal Somali government.

President Mohamud, in power for five months pledged "total war" against the Islamist militants after they attacked a popular hotel in Mogadishu in August killing at least 21 people. BBC



The attacks targeted the ministry of education near a busy part of the capital, Mogadishu.

# Open tender extended to Myanmar businesspersons to complete development projects in regions and states



Construction of a mountain road in progress.

**Nay Pyi Taw October 31**

The Ministry of Border Affairs on 28 October decided to invite open tender to Myanmar citizen businesspersons in order to implement development projects in regions and states and self-administered zones.

The ministry is implementing development projects in 116 townships in seven states, two regions, six self-administered zones and 52 more townships totalling 168 in fiscal years.

The Department of Progress of Border Areas and National Races spends the Union budget on construction of roads and bridges, religious affairs, supply of water and buildings in regions and states in 2022-23 fiscal year.

To be able to complete the projects in time, open tender will be extended to Myanmar citizens.

Tender proposals and disciplines can be bout at the Department of Progress of Border Areas and National Races in Nay Pyi Taw.

These tender proposals must be submitted to the department not later than 4 pm on 15 November.

Interested persons may browse www.moba.gov.mm. Tender opening day will be announced later. For further information, dial 067-4090400 and 067-409186.

336

# Timber, raw mills and related equipment to be auctioned off

**Homalin October 31**

Timber, saw mills and related accessories mentioned in Form 8 of Homalin Township Forest Department will be allowed to be transported passing the region, and these will be auctioned off, according to the Ministry of Natural Resources and Environmental Conservation.

Homalin Township Forest Department will sell sawn teak timber and hardwood in lots, saw mill and related equipment in auction.

In so doing, these materials will not be allowed to transport passing the Sagaing Region area.

Moreover, the department will allow the people to take an auction bid for licensed large and small saw mills, timber shops and furniture owners, wood-based cottage industries to buy the sawn timber and other related materials for construction of houses, government offices, bridges and roads in Sagaing Region under the prescribed disciplines.

These auctioned materials are 20.925 tons of teak logs, 55.6525 tons of sawn teak timber, 5.53 tons of hardwood logs and 17.9204 tons of sawn hardwood, 339.364 tons of other wood and 210.6274 tons of sawn other wood, totalling 649.6917 tons and 342 logs under three feet log, 22 engines, 21 saws and 85 related materials.

Auction proposals and disciplines can be bought at Homalin District Bidding Committee at K5,000 per copy from 1 to 8 November. For further information, dial 09-898547949 and 09-428211980.

336

# Govt. plans to cooperate with local and foreign investors in solar plant in No. 24 large-scale factory (Dagon) under PPP system

**Yangon October 31**

The solar plant in No. 24 large-scale factory (Dagon) of No. 2 Heavy Industry under the Ministry of Industry will be cooperated with local and foreign investors in the form of Public Private Partnership (PPP), according to the reports released on October 25.

There are 27 factories under the No. 2 Heavy Industry that produce tires for main transport vehicles, passenger vehicles and mechanized agricultural vehicles, industrial raw materials such as natural rubber, machinery and equipment, electrical and electronic equipment, hydroelectric turbines, generators, boilers, solar electric equipment, led bulbs, cement, refractory bricks, various ceramics, various voltage-enhancing enamels, and glass.

Among these factories, some of the factories and plants are operated by the ministry, while some factories and plants are being cooperated with local and foreign investors in the form of Public Private Partnership (PPP).

The factory is producing solar panels and solar street lights.

336

# Official export of maize started to China

**Nay Pyi Taw October 31**

Maize exportation started to China as of the third week of October 2022, according to the Myanmar Maize Industrial Association.

Maize is exported to customer countries through shipping and land border.

The stock flows into the Philippines, Bangladesh, Vietnam and Singapore through shipping and into Thailand via land border and shipping.

The Ministry of Agriculture, Livestock and Irrigation of Myanmar and the General Administration of Customs of the People's Republic of China-GACC signed the Sanitary and Phytosanitary Protocol on 31 January 2022 for exporting Myanmar's crops to China.

According to the agreement, Myanmar sends its maize seeds to China through official route as of the third week of October 2022. During the period, some 800 tons of maize was exported in shipping and some 1,000 tons in the last week of October.

Maize will be officially sold to customers through shipping as well as land border.

Myanmar companies sent the proposals to the working task force office of Agriculture Department for exporting maize to China in 2022. So far, 112 companies from 111 beans and sesame companies and 30 maize companies have been allowed for exportation of maize to China.

At the domestic market on 28 October, maize was sold at K53,500 to K54,700 per 54-viss bag depending on quality. In the international market, maize was traded at US$290-US$300 per ton. 336



Newly harvested maize scattered in the sunshine.

# Discussions lead to Nay Pyi Taw-Yangon-Mandalay-Lumbini flight

**Nay Pyi Taw October 31**

Meetings are in progress to operate direct flights between Yangon-Lumbini, Yangon-Lumbini and Nay Pyi Taw-Lumbini routes, according to the Ministry of Transport and Communications.

Bodh Gaya pilgrimage tours contribute to the tourism industry of respective countries.

Hence, the Ministry of Transport and Communications arranges the flights to Yangon-Lumbini, Yangon-Lumbini and Nay Pyi Taw-Lumbini routes based on tourism development measures.

As such, Union Minister for Transport and Communications Admiral Tin Aung San received Nepalese Ambassador Mr Harishchandra Ghimire at his office in Nay Pyi Taw in the third week of October to talk about direct flights between three major cities of Myanmar and Lumbini of Nepal for development of tourism sector, signing of a new agreement, exchange transport of domestic foodstuffs, and cooperation in inland water transport in Nepal. 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းက ကရိုင်းမီးယားဒေသရှိ Sevastopol ဆိပ်ကမ်းမြို့ကို ဒရုန်းများဖြင့်တိုက်ခိုက်ခဲ့



ယူကရိန်းက ဝေဟင်မှမောင်းသူမဲ့ဒရုန်း ကိုးစင်းနှင့် ရေတပ်သုံးမောင်းသူမဲ့ဒရုန်း ခုနစ်စင်းတို့ဖြင့် ကရိုင်းမီးယားဒေသရှိ Sevastopol ဆိပ်ကမ်းမြို့ကို အောက်တိုဘာ ၂၉ ရက်က တိုက်ခိုက်ခဲ့ရာ အောင်မြင်မှုမရခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှား၏ ပင်လယ်နက်ရေယာဉ်စုနှင့် အရပ်ဘက်သင်္ဘောများကို ပစ်မှတ်ထားသည့် အကြမ်းဖက်တိုက်ခိုက်မှုသည် နံနက် ၄ နာရီ မိနစ် ၂၀ခန့်တွင် စတင်ခဲ့ကြောင်း၊ ရုရှားရေတပ်သင်္ဘောများသည် ကုလသမဂ္ဂနှင့်တူရကီတို့၏ ဖျန်ဖြေပေးမှုကြောင့် ရုရှားနှင့် ယူကရိန်းတို့ကြား သဘောတူညီချက်အရ ယူကရိန်းစားနပ်ရိက္ခာထွက်ကုန်များကို ပင်လယ်နက်ဆိပ်ကမ်းများမှ တင်ပို့ခွင့်ပြုရန် ဂျုံ၊ ပြောင်း၊ သီးနှံအတွက် လုံခြုံရေးပေးရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ Sevastopol ပင်လယ်အော်ရှိ ရုရှားစစ်သင်္ဘောများနှင့် ရေတပ်လေကြောင်းရန်ကာကွယ်ရေး စနစ်များက ဝင်လာသည့်ဒရုန်းအားလုံးကို ပစ်ချနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကြောင့် ငါးဖမ်းသင်္ဘော Ivan Golubets နှင့် ပင်လယ်အော်ရှိ ပိုက်ကွန်အတားအဆီးများ အနည်းငယ်ထိခိုက်မှုရှိခဲ့ကြောင်း သိရသည်။

"ဒီအကြမ်းဖက်လုပ်ရပ်အတွက်ပြင်ဆင်မှုနဲ့လေ့ကျင့်ရေးတွေကို ယူကရိန်းနိုင်ငံ Nikolaev ဒေသမှာရှိတဲ့ Ochakov မြို့မှာအခြေစိုက်နေတဲ့ ဗြိတိသျှကျွမ်းကျင်ပညာရှင်တွေရဲ့ ကြီးကြပ်မှုအောက်မှာ ယူကရိန်းအမှတ်(၇၃) ပင်လယ်ရေကြောင်း အထူးစစ်ဆင်ရေးဌာနချုပ်က လုပ်ဆောင်ခဲ့တာဖြစ်တယ်"ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်၌ ပါရှိသည်။

၎င်းသည် ဖေဖော်ဝါရီလ၌ ယူကရိန်းတွင် ရုရှား၏ စစ်ရေးစတင်ချိန်မှစ၍ အကြီးဆုံးမြို့တော်ကို တိုက်ခိုက်ခြင်းဖြစ်သည်ဟု Sevastopol မြို့၏ အုပ်ချုပ်ရေးမှူး Mikhail Razvozhayev က ပြောကြားခဲ့သည်။

ကရိုင်းမီးယားတွင်တည်ရှိပြီး ၂၀၁၄ ခုနှစ် လူထုဆန္ဒခံယူပွဲအပြီး ရုရှားနိုင်ငံ၏ တစ်စိတ်တစ်ပိုင်းဖြစ်လာသော Sevastopol မြို့ကို ရုရှား၏ ဗျူဟာမြောက်အရေးပါမှုနှင့် ရုရှားပင်လယ်နက်စစ်ရေယာဉ်စု Black Fleet အခြေစိုက်စခန်းရှိသောကြောင့် ဖက်ဒရယ်မြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။

အဓိကဆိပ်ကမ်းမြို့ Sevastopol သည် ပဋိပက္ခအတွင်း ယူကရိန်းဘက်မှ ဒရုန်းဖြင့်တိုက်ခိုက်မှုများ၏ ပစ်မှတ်ဖြစ်လေ့ရှိခဲ့သည်။

ဇူလိုင်လတွင် Sevastopol မြို့ရှိ ပင်လယ်နက်ရေယာဉ်စု၏ ဌာနချုပ်သို့ UAV တစ်စီးပျက်ကျမှုကြောင့် လူခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုသည် ရုရှားရေတပ်နေ့တွင် ဖြစ်ပွားခဲ့ပြီး ရေတပ်နေ့ စစ်ရေးပြအခမ်းအနားများကို ဖျက်သိမ်းခဲ့ရကြောင်း၊ ထို့ပြင် ဩဂုတ်လတွင် နောက်ထပ် UAV တိုက်ခိုက်မှုကြောင့် ရေတပ်ဌာနချုပ်၏ ခေါင်မိုးကို ထိမှန်ခဲ့သော်လည်း ထိခိုက်ပျက်စီးမှုတစ်စုံတစ်ရာမျှ မဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**Russian military reveals details of Ukrainian drone attack in Crimea ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံထုတ် KamovKa-32 မီးငြိမ်းသတ်ရေးရဟတ်ယာဉ် ပထမတစ်စင်းကို ဆားဘီးယားနိုင်ငံ လက်ခံရရှိ

ရုရှားနိုင်ငံထုတ် KamovKa-32 မီးငြိမ်းသတ်ရေး ရဟတ်ယာဉ်နှစ်စင်းအနက် ပထမတစ်စင်းကို ဆားဘီးယားနိုင်ငံက လက်ခံရရှိခဲ့ကြောင်း အောက်တိုဘာ ၂၈ ရက်ထုတ် Tass သတင်းဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အဆိုပါရဟတ်ယာဉ်၏ စွမ်းဆောင်ရည်များ သရုပ်ပြခြင်းကို ဆားဘီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီး AleksandarVulin နှင့်ဆားဗီးယားနိုင်ငံဆိုင်ရာ ရုရှားသံအမတ် Alexander Botsan-Kharchenko တို့ တက်ရောက်ခဲ့ကြသည်။

ဇူလိုင်လတွင် ဆားဘီးယားသမ္မတ AleksandarVucic က တစ်လအတွင်း ရုရှားထုတ် KamovKa-32 မီးငြိမ်းသတ်ရေး ရဟတ်ယာဉ်နှစ်စင်းကို ဆားဘီးယားနိုင်ငံက လက်ခံရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၂၂- ၂၀၂၃ ခုနှစ်တွင် Airbus ကုမ္ပဏီက ထုတ်လုပ်သော H-145 ရဟတ်ယာဉ် ၁၀ စင်း၊ Mi-35 လေးစင်း၊ Mi-17 သုံးစင်းနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံမှ Mi-35 ၁၁ စင်းတို့အပါအဝင် ရဟတ်ယာဉ်အစင်း ၃၀ ဝယ်ယူရန် စီစဉ်ထားကြောင်း ဆားဘီးယားသမ္မတ AleksandarVucic က မှတ်ချက်ပြုခဲ့သည်။

ရုရှားနိုင်ငံသည် Mi-35M ရဟတ်ယာဉ် လေးစင်း၊ MiG-29 တိုက်လေယာဉ်ခြောက်စင်း၊ Mi-17V-5 သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် သုံးစင်း၊ Pantsyr-S1 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များ၊ T-72MS တင့်ကားအစီး ၃၀ နှင့် BRDM-2MS သံချပ်ကာယာဉ် အစီး ၃၀ တို့ကို ၎င်း၏ စစ်ဘက်ဆိုင်ရာနည်းပညာအကူအညီကို ၂၀၁၈ ခုနှစ်မှ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဆားဘီးယားနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

KamovKa-27 (NATO အစီရင်ခံအမည် Helix)သည် ဆိုဗီယက်ရေတပ်အတွက် တီထွင်ထုတ်လုပ်ထားသည့် စစ်ဘက်သုံးရဟတ်ယာဉ်ဖြစ်ပြီး လက်ရှိတွင် ရုရှား၊ ယူကရိန်း၊ ဗီယက်နမ်၊ တရုတ်၊ တောင်ကိုရီးယားနှင့် အိန္ဒိယအပါအဝင် နိုင်ငံအသီးသီးတွင် အသုံးပြုလျက်ရှိသည်။

မျိုးကွဲများတွင် Ka-29 သယ်ယူပို့ဆောင်ရေး၊ တိုက်ခိုက်ရေးရဟတ်ယာဉ်၊ Ka-28 (အဆင့်နှိမ့်ချထားသော) ပြည်ပပို့ကုန်ဗားရှင်းနှင့် အရပ်ဘက်သုံး KamovKa-32 တို့ပါဝင်ကြောင်း၊ ၂၀၁၉ ခုနှစ် KamovKa-32 ရဟတ်ယာဉ်အစင်း ၂၄၀ ကျော်ထိတည်ဆောက်ခဲ့ပြီး နိုင်ငံပေါင်း ၃၀ ကျော်သို့ တင်ပို့ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရသည်။



**Serbia receives first out of two Russian built KamovKa-32 helicopters ကို ဘာသာပြန်ဆိုထားပါသည်။**

## Nord Stream 2 အကြမ်းဖက်တိုက်ခိုက်မှုတွင် ဗြိတိန်ရေတပ်ပါဝင်ခဲ့ကြောင်း ရုရှားပြောကြား

Nord Stream 2 ဓာတ်ငွေ့ပိုက်လိုင်းများကိုဖျက်ဆီးခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုတွင် ဗြိတိန်ရေတပ်တပ်ဖွဲ့များပါဝင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၉ ရက်က ပြောကြားခဲ့သည်။



၎င်း၏တရားဝင် Telegram ချန်နယ်၌ ရေးသားဖော်ပြရာတွင် ဗြိတိန်တော်ဝင်ရေတပ်၏ စစ်ဆင်ရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာလတွင် စွမ်းအင်အခြေခံအဆောက်အအုံကိုဖောက်ခွဲရန် ကြံစည်မှု၊ ပံ့ပိုးကူညီမှုနှင့် အကောင်အထည်ဖော်မှုတွင်ပါဝင်ခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

၎င်း၏ပြောဆိုချက်တွင် သက်သေအထောက်အထား ထုတ်ဖော်ပြသခဲ့ခြင်းမျိုး မတွေ့ရှိရကြောင်း၊ အဆိုပါပြောကြားချက်သည် နွေရာသီတွင် ပင်လယ်ရေအောက်ပေါက်ကွဲမှုဖြစ်ပွားသည့် နေရာအနီး၌ NATO တပ်ဖွဲ့က စစ်ရေးလေ့ကျင့်မှုတစ်ခုပြုလုပ်ခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့ပြီးနောက် ယခုကဲ့သို့ တိုက်ခိုက်မှု ထပ်မံပေါ်ပေါက်လာခြင်းလည်းဖြစ်သည်။

ဂျာမနီနှင့် ရုရှားကို ဆက်သွယ်ထားသော ပိုက်လိုင်းများ စက်တင်ဘာလတွင် ပျက်စီးခဲ့ပြီး အနောက်နိုင်ငံများကပွင့်လင်းမြင်သာသော နိုင်ငံတကာစုံစမ်းစစ်ဆေးမှုများကို ပိတ်ပင်တားမြစ်ထားသည်။

ပင်လယ်ရေနက်ပိုင်းစက်ကိရိယာများကို NATO တပ်ဖွဲ့က အထူးအလေးပေးအသုံးပြုခြင်းတို့ကို လေ့ကျင့်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း စက်တင်ဘာလတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Maria Zakharova က ထည့်သွင်းပြောကြားခဲ့သည်။

တာဝန်ရှိသူများက တရားခံများကို အမည်နာမတပ်ဖော်ထုတ်ခြင်းကို ခေတ္တရပ်ဆိုင်းထားချိန်တွင် ၎င်းတို့သည် ဗုံးပေါက်ကွဲမှုနောက်ကွယ်တွင် ရုရှားရှိနေသည်ဟု ယူဆချက်မျိုးရောက်အောင် လုပ်ဆောင်နေကြသည်ဟု ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ၎င်းအဖြစ်အပျက်နှင့် မည်သို့မျှမသက်ဆိုင်ကြောင်း အကြိမ်ကြိမ်ငြင်းဆိုထားသည်။ ထိုအတောအတွင်း Sky News မှ Nord Stream 1 နှင့် Nord Stream 2 သည် အဝေးထိန်းစနစ်ဖြင့် ရေအောက်ဖောက်ခွဲရေးပစ္စည်းတစ်ခုကြောင့်ပျက်စီးသွားနိုင်ကြောင်း ဗြိတိနိုင်ငံကာကွယ်ရေးအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့သည်။

တစ်ချိန်တည်းမှာပင် ပင်လယ်ကြမ်းပြင်သို့ နိမ့်ဆင်းနေသော မိုင်းများကြောင့် ပိုက်လိုင်းများ ပေါက်ကွဲသွားခဲ့ခြင်းဖြစ်နိုင်ကြောင်း သို့မဟုတ် ဖောက်ခွဲရေးပစ္စည်းများ လေ့ပေါ်ကပြုတ်ကျခြင်း သို့မဟုတ် ပင်လယ်ရေအောက်ဒရုန်းဖြင့် တိုက်ခိုက်ခံရခြင်းဖြစ်နိုင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**British navy involved in Nord Stream 2 'terrorist attack' – Russia ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဓနုဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၅၄၂၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က အောင်မြင်ဖြစ်ထွန်းခဲ့သည့် နေကြာခိုက်ခင်းကို တွေ့ရစဉ်။

**ဓနုဖြူ အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၂၅၄၂၄ ဧက စီမံချက်ချမှတ် လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၂၅၄၂၄ ဧက လျာထားပြီး စီမံချက်ချမှတ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံနေကြာ ၂၅၄၂၄ ဧကကို နိုဝင်ဘာလအတွင်း စတင်စိုက်ပျိုးသွားရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

"ဒေသတွင်းဆီစားသုံးမှု ဖူလုံစေဖို့၊ နိုင်ငံတော်ရဲ့ ဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့နဲ့ သန့်ရှင်းပြီး လူကိုအန္တရာယ်မဖြစ်စေမဲ့ ဆီတွေစားသုံးနိုင်ဖို့အတွက် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံ နေကြာ ၂၅၄၂၄ ဧကကို စီမံချက်ချမှတ် လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာတွေစိုက်ပျိုးရာမှာလဲ တောင်သူတွေအတွက် လိုအပ်တဲ့ကွန်ပေါင်းမြေဩဇာတွေကို အခက်အခဲမရှိစေဖို့ အခမဲ့ပံ့ပိုးပေးမှာဖြစ်သလို ဝယ်ယူနိုင်ဖို့ကိုလဲ ချိတ်ဆက်ပေးမှာဖြစ်တယ်။ နေကြာစိုက်ပျိုးဖို့ နည်းပညာတွေကိုလဲ မြေပြင်ထိ ကွင်းဆင်းပြီး အသိပညာပေးလုပ်ငန်းတွေ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်"ဟု ဓနုဖြူမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးမည့် ဆီထွက်သီးနှံ နေကြာများ လျာထားချက်ပြည့်မီစေရန်၊ အထွက်နှုန်းညီစေရန်၊ အပင်နှင့် ရွက်ဖျက်ပိုးကျရောက်မှု မရှိစေရန်၊ ရေသွယ်မြောင်းများမှ စနစ်တကျရေရယူအသုံးပြုနိုင်ရန်၊ ဓာတ်မြေဩဇာများစနစ်တကျသုံးစွဲတတ်စေရန်၊ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ သီးနှံစိုက်ပျိုးရာသီအမီ ထုတ်ချေးပေးနိုင်ရန် စသည့်လုပ်ငန်းများကို စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့်ဆက်စပ်ဌာနများမှ ကြိုတင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**




# လားရှိုးမြို့နယ် ကောင်းတန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**လားရှိုး အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကောင်းတန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သီရိမမစိုးနှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကောင်းတန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကောင်းတန်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း အရှည် ၄၀၉၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ဖြန့်းကျောက်ခင်းခြင်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၈ ဒသမ ၂၆၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကောင်းကင်အင်ပါယာကုမ္ပဏီက ဇူလိုင်လပထမပတ်က စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နိုင်မှုကြောင့် ကောင်းတန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေဧက ၁၀၀ ကျော်မှထွက်ရှိသော လယ်ယာထွက်ကုန်များဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သီရိမမစိုးက ပြောပြ၍ သိရသည်။

**စိန်လွင်**

# မင်းတုန်းမြို့နယ် သာဒွန်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**မင်းတုန်း အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် သာဒွန်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့်ဝန်ထမ်းများက သာဒွန်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကိုမှာကြားပြီး ကျေးရွာ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မင်းတုန်းမြို့နယ် သာဒွန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် ၁၁၅ သိန်း အသုံးပြု၍ အလျား ၃၆ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၀ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းကို မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးပါက ကျေးရွာ၏ လူမှုရေး၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေစွာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုညီ**

## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၁-၁၀-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၃၂၈၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ငွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၉၅၀၀/၁၀၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၄၂၂၅/၄၃၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၈၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၃၅ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)










၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ပုလဲမြို့ တောင်ပိုင်းရပ်ကွက်ရှိ ပုလဲ-ဂန့်ဂေါသွားကားလမ်းဆုံ၌ သိမ်းဆည်းရမိခဲ့သည့် ဆေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

**လျှပ်စစ်ပစ္စည်း ၁၄ ဖာ၊ အဝတ်အထည် အိတ် ၂၀၊ အခြားလူသုံးကုန်ပစ္စည်းမျိုးစုံ ၃၇ ဖာ ခရေပေါင်းကာလတန်ဖိုးငွေကျပ် ၄၈ သိန်းခန့်**တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ PDF အကြမ်းဖက်အဖွဲ့များထံသို့ ပို့ဆောင်မည့်ဆေးပစ္စည်းများကို အောင်မြေသာစံမြို့နယ် ရွှေမေတ္တာကားဂိတ်တွင် သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ PDF အကြမ်းဖက်အဖွဲ့များထံ ထောက်ပံ့ပေးမည့်ပစ္စည်းများကိုလက်ခံထားရှိသည့် **ညီညီလှိုင်**(ဂိတ်စာရေး)၊ **နိုးဝင်းထွန်း** (ဂိတ်မှူး)၊ **ဝေလင်းဦး**(ယာဉ်မောင်း)တို့ သုံးဦးကို ဖမ်းဆီးရမိခဲ့ပြီး တရားမဝင်ဆေးပစ္စည်းမျိုးစုံ ၈၆ ဖာကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ အောက်တိုဘာ ၂၉ ရက် ညပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးလင်း PDF အကြမ်းဖက်အဖွဲ့ကို ထောက်ပံ့ပေးနေသူ **ခင်မာဝင်း(ခ) သူဇာ** (မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး CDM -သူနာပြု)ကို ချမ်းမြသာစည်မြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက်ရှိ "နန်းတော်" ပုဂ္ဂလိကဆေးရုံအနီး၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ အကြမ်းဖက်အဖွဲ့များထံ ဆေးဝါးထောက်ပံ့မှုများပြုလုပ်နေသော ဆက်စပ်တရားခံများ တိမ်းရှောင်နေထိုင်လျက်ရှိသည့် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် အမှတ်(၁၃) နေအိမ်ကို လုံခြုံရေးပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာ **ပိုးသန္တာအောင်** (မန္တလေးဗဟိုအမျိုးသမီးဆေးရုံမှ CDM-သားဖွားဆရာမ)၊ **မင်းဇော်ဦး (ခ)နေမျိုးဦး** (မန္တလေးဆေးတက္ကသိုလ် ခွဲစိတ်ဌာနမှ ကထိက၊CDM-ဆရာဝန်)၊ **ကြည်သဒ္ဒါမြူ၊ ယွန်းနန္ဒာထွန်း** (ခုတင်- ၃၀၀ သင်ကြားရေးဆေးရုံ၊ CDM-သူနာပြု)တို့ လေးဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် တရားခံ ကျားလေးဦး၊ မ လေးဦး ပေါင်း ရှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး **မေ့ဆေးစက် တစ်လုံး၊ ဆေးပစ္စည်းမျိုးစုံ ကတ်ထူ ၁၁၁ ဖာ၊ လျှပ်စစ်ပစ္စည်း ၁၄ ဖာ၊ အဝတ်အထည် အိတ် ၂၀၊ အခြားလူသုံးကုန်ပစ္စည်းမျိုးစုံ ၃၇ ဖာ**တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **မင်းဇော်ဦး(ခ) နေမျိုးဦး**၏ထွက်ဆိုချက်အရ ၎င်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် မန္တလေးဆေးတက္ကသိုလ် ကထိက(ခွဲစိတ်) ရာထူးမှ CDM ပြုလုပ်ခဲ့ပြီး ၂၀၂၁ ခုနှစ် မေလဒုတိယပတ်တွင် ဖမ်းဆီးရန်ကျန်တရားခံ **ခိုင်မာလာနှင်းဆီ** (မန္တလေးမြို့ စည်ပင်သာယာရေးဦးစီးဌာနမှ CDM-အင်ဂျင်နီယာ)၏စည်းရုံးမှုဖြင့် ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်းရှိ အကြမ်းဖက်အဖွဲ့ဝင်များကို တရားမဝင် ဆေးကုသရန်နှင့် ထောက်ပံ့မှုများပြုလုပ်ရန် **ပိုးသန္တာအောင်၊ ယွန်းနန္ဒာထွန်း၊ ကြည်သဒ္ဒါမြူ**၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သော **ထက်ကို၊ အောင်နိုင်ဦး၊ ခင်ကိုမောင်**တို့နှင့်အတူ မန္တလေးမြို့မှ မင်းတပ်မြို့နယ်သို့ ထွက်ခွာခဲ့ပြီး မင်းတပ်မြို့နယ် ဝမ္မသူးတိုက်နယ် ဆေးရုံ၌ အခြေပြုကာ CDF (မင်းတပ်) အကြမ်းဖက်အဖွဲ့များကို တရားမဝင်ဆေးဝါးကုသပေးခြင်းနှင့် ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ဇွန်လတတိယပတ်တွင် **မင်းဇော်ဦး(ခ)နေမျိုးဦး၊ ပိုးသန္တာအောင်** နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သော **ခိုင်မာလာနှင်းဆီ၊ ထက်ကို၊ အောင်နိုင်ဦး**တို့ ငါးဦးသည် ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ဖလိုင်ကျေးရွာသို့ သွားရောက်၍ ပတ်ဝန်းကျင်ကျေးရွာများရှိ PDF အကြမ်းဖက်အဖွဲ့ဝင်များကို တရားမဝင် ဆေးဝါးကုသခြင်းနှင့် ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ဖော်ထုတ်သိရသည်။

ဖမ်းဆီးရမိတရားခံ **ပိုးသန္တာအောင်**၏ ထွက်ဆိုချက်အရ ဂန့်ဂေါကျန်းမာရေးဌာနမှ CDM ပြုလုပ်ထားသည့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သော **ယုနန္ဒာမြင့်၊ ဝင်းဟေမာအေး**တို့နှင့်အတူ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် ဂန့်ဂေါ PDFအဖွဲ့ဝင် **ဝေလေး (ခ)ညီညီ**နှင့် **ကျော်ကိုကို**တို့အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်းရှိ ဟောလယ်ကျေးရွာ၊ အိမ်သစ်ကျေးရွာ၊ လီလင်းကျေးရွာ၊ ပန်ထိပ်ကျေးရွာတို့တွင် ဖွင့်လှစ်သည့် PDF အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ၌ ဆေးဝါးကုသမှုဆိုင်ရာ သင်တန်းပို့ချခြင်းများဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **မင်းဇော်ဦး (ခ) နေမျိုးဦး**သည် မင်းတပ်မြို့နယ်အတွင်းရှိ PDF အကြမ်းဖက်အဖွဲ့များကို ဆေးဝါးနှင့် ရိက္ခာများထောက်ပံ့ပေးနိုင်ရေး အကြောင်းပြချက်ဖြင့် အလှူငွေများကောက်ခံခဲ့ရာ CDM ဆရာဝန်များဖြစ်သော **ဒေါက်တာမောင်မောင်ငြိမ်းထွန်း**(ကွယ်လွန်)၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သော **ဒေါက်တာမိုးသီတာလင်း** (နား၊ နှာခေါင်းဆေးရုံကြီး-မန္တလေး)၊ **ဒေါက်တာခန်းကြူကြူအေး** (ကထိက မန္တလေးဆေးတက္ကသိုလ်)၊ **ဒေါက်တာသော်ဇင်မျိုး** (မန္တလေးပြည်သူ့ဆေးရုံ)၊ **ဒေါက်တာအိန္ဒနွယ်ခင်** (ဗဟိုအမျိုးသမီးဆေးရုံ)၊ **ဒေါက်တာခင်မာလာဝင်း** (CDM- ခွဲစိတ်အထူးကု မန္တလေးဆေးရုံ)၊ **ဒေါက်တာဇိုဇိုရှိန်း၊ ဒေါက်တာသိန်းနိုင်၊ ဒေါက်တာနေလင်းဖြိုး၊ ဒေါက်တာတောက်ထိန်၊ ဒေါက်တာစံမြင့်၊ ဒေါက်တာကိုကိုနိုင်၊ ထွန်းအောင်၊** NUG အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ဇော်ဇေနိုး**က ထည့်ဝင်ငွေ၊ ပြည်ပရောက်အလှူရှင်များထံမှ လှူဒါန်းငွေများအပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၂၉၀၀ ခန့်ကိုရရှိခဲ့ပြီး ၎င်းငွေကြေးများကို **ပိုးသန္တာအောင်**၏ ဘဏ်အကောင့်နှင့် Kpay အကောင့်တို့မှတစ်ဆင့် လက်ခံမှုများပြုလုပ်ခဲ့ကြောင်း၊ အဆိုပါရရှိငွေကြေးများဖြင့် **ပိုးသန္တာအောင်**နှင့် **ခင်မာဝင်း(ခ)သူဇာ**တို့သည် တရားမဝင်ဆေးဝါးများဝယ်ယူ၍ PDF အကြမ်းဖက်အဖွဲ့များကို ထောက်ပံ့ပေးခြင်း၊ ကိုယ်ရေးကိုယ်တာကိစ္စများတွင် အသုံးပြုခြင်းများ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။


ဖမ်းဆီးရမိတရားခံ **ပိုးသန္တာအောင်**သည် ဆေးဝါးများကို ချမ်းမြသာစည်မြို့နယ်ရှိ သက်ဝေစိုးဆေးဆိုင်၊ ဈေးချိုရှိ ဦးလှတင့်ဆေးဆိုင်၊ ချမ်းအေးသာစံမြို့နယ်ရှိ ဦးဟန်တင်ဆေးဆိုင်၊ စုမြတ်ဆေးဆိုင်၊ Power ဆေးဆိုင်တို့မှ ဆေးဝါးများကို ဝယ်ယူ၍ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ခင်ကိုမောင်**နှင့် ဂန့်ဂေါမြို့နယ်ရှိ **ခနည်မောင်**တို့ထံသို့ပို့ဆောင်ခဲ့ပြီး ၎င်းမှ တစ်ဆင့် ပခုက္ကူမြို့ရှိ PDF အကြမ်းဖက်အဖွဲ့များထံသို့ လေးကြိမ်ခွဲ၍ထောက်ပံ့ပေးခဲ့ကြောင်း၊ ထို့ပြင် ရွှေဇီဝဆေးဆိုင်နှင့် ကွန်ကောဒီးယားဆေးရုံသုံးပစ္စည်းအရောင်းဆိုင်တို့မှ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် မေ့ဆေးစက်တို့ကိုဝယ်ယူ၍ PDF အကြမ်းဖက်အဖွဲ့များထံ ထောက်ပံ့နိုင်ရေးအတွက် ရွှေမေတ္တာကားဂိတ်မှတစ်ဆင့် ပို့ဆောင်မှုများရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဖြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသောဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန်မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။




၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် အောင်မြေသာစံမြို့နယ် သီရိမင်္ဂလာအရှေ့ရပ်ကွက်ရှိ "ရွှေမေတ္တာ"ကားဂိတ်တွင် သိမ်းဆည်းရမိခဲ့သော ဆေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

# ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် အပြစ်မဲ့ပြည်သူအမျိုးသမီးတစ်ဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့်တရားခံများကို ဖမ်းဆီးရမိ




**နေပြည်တော် အောက်တိုဘာ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၊ အစွန်းရောက် NLD ပါတီဝင်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများကိုမီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ ညောင်နီကုန်းကျေးရွာအနီး၌ ကျူးလွန်ခဲ့သည့် တရားခံများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၉ ရက်တွင် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် သုဝဏ္ဏလမ်းနေ 152 KTV ဆိုင်နှင့် ရွှေလက်ရာစားသောက်ဆိုင်ပိုင်ရှင် မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်ကို Sig Sauer ပစ္စတိုတစ်လက်၊ ခြောက်လုံးပြူး လေသေနတ် တစ်လက်၊ ကျည်မျိုးစုံ ၂၂၁ တောင့်၊ စကားပြောစက် ၁၆ လုံး၊ လက်ကိုင်ဖုန်း ခုနစ်လုံး၊ မော်တော်ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းပိုင်ဆိုင်သည့် မင်းရပ်ရပ်ကွက် အမှတ်(၃)လမ်းရှိ ရွှေလက်ရာစားသောက်ဆိုင်မှ လက်ပစ်ဗုံး ရှစ်လုံး၊ မှန်ပြောင်း တစ်ခု၊ စကားပြောစက် ခြောက်လုံး၊ လက်ထိပ်တစ်ခုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ မြတ်မင်းပိုင်(ခ) ဝင်းထွဋ်အောင်၏ ဖော်ထုတ်ချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သည့်နတ် တစ်လက်၊ ကျည်မျိုးစုံ ၂၂၁ တောင့်၊ လက်ပစ်ဗုံး ရှစ်လုံး၊ မှန်ပြောင်း တစ်ခု၊ စကားပြောစက် ၂၂ လုံး၊ လက်ထိပ် တစ်ခု၊ လက်ကိုင်ဖုန်း ခုနစ်လုံး၊ မော်တော်ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်သည် NLD ပါတီဝင်တစ်ဦးဖြစ်ပြီး ၂၀၁၅ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီအောင်နိုင်ရေးအတွက် ထောက်ပံ့ပေးမှုများဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံမြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်သည် ၎င်းပိုင်ဆိုင်သည့် 152 KTV ဆိုင်၌ နေ့စဉ် အရက်သေစာသောက်စားကာ မူးယစ်လာပါက ဆိုင်ရှိ အမျိုးသမီးဝန်ထမ်းများကိုခေါ်ယူ၍ နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းလေ့ရှိပြီး အခြားသူများကို ပြောကြားပါက သတ်ပစ်မည်ဟု အမြဲခြိမ်းခြောက်ပြောဆိုလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက် ညပိုင်းတွင် တရားခံ မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်သည် 152 KTV ဆိုင်ရှိ သီးသန့်အခန်း၌ အရက်သေစာသောက်စားကာ ဆိုင်ဝန်ထမ်း မနွယ်နီ(ခ)ယိမ်း၏ ဦးခေါင်းပေါ်တွင် ရေသန့်ဘူးတင်၍ ပစ္စတိုဖြင့်ပစ်ခတ်ခဲ့ရာ မနွယ်နီ(ခ)ယိမ်း၏ ဝဲဘက်နားထင်အား ကျည်ထိမှန်ခဲ့ကြောင်း၊ မနွယ်နီ(ခ)ယိမ်းသည် သွေးအိုင်ထဲ၌လဲ၍ သတိလစ်မေ့မြောနေစဉ် သေဆုံးပြီဟုယူဆ၍ အလောင်းအား ဖျောက်ဖျက်ရန် 152 KTV ဆိုင်မှ ဝန်ထမ်းခဲ့သည့် သဲလွန်စများအား မကျန်စေရန် ဖျောက်ဖျက်လုပ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံမြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်အပါအဝင် လေးဦးသည် ညောင်နီကုန်းကျေးရွာအနီးသို့ အောက်တိုဘာ ၂၆ ရက် နံနက် ၄ နာရီခန့်တွင် ရောက်ရှိခဲ့ပြီး အလောင်းအား ဖျောက်ဖျက်ရန်လုပ်ဆောင်နေစဉ် မနွယ်နီ(ခ)ယိမ်းမှာ ပြန်လည်သတိရလာသဖြင့် သက်ထွန်းအောင်(ခ)အောင်လေးမှ အသင့်ပါလာသောပစ္စတိုဖြင့် ဦးခေါင်းကို ထပ်မံပစ်ခတ်သတ်ဖြတ်ခဲ့ပြီး အလောင်းအားရန်ကုန် - ပြည်ကားလမ်း မိုင်တိုင်အမှတ် ၉၄/၆ နှင့် ၉၄/၇ အကြား ချုံပုတ်အတွင်း၌ ဝှက်ထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ အပြစ်မဲ့ပြည်သူတစ်ဦးကို အကြောင်းမဲ့ ရက်စက်စွာသတ်ဖြတ်ခဲ့သည့် ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားမဝင်လက်နက်ကိုင်ဆောင်မှုများနှင့် ဥပဒေမဲ့ မင်းမဲ့စရိုက်ဆန်ဆန် အကြမ်းဖက်လုပ်ဆောင်သူများအား သိရှိရပါက


**မင်းလှမြို့နယ် ဝက်လုကြီးအုပ်စု ညောင်နီကုန်းကျေးရွာအနီး ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် ၉၄/၆နှင့် ၉၄/၇အကြား၌တွေ့ရှိရသည့် မနွယ်နီ(ခ)ယိမ်း၏ အလောင်းမှတ်တမ်းဓာတ်ပုံ။**

များဖြစ်သော သက်ထွန်းအောင်(ခ)အောင်လေး၊ သူရဦး၊ နေလင်းအောင်တို့နှင့်အတူ ၎င်းပိုင်ဆိုင်သည့် လင်ခရူဇာ(အဖြူရောင်) ယာဉ်အမှတ်၊ YGN 7G/8887 ပေါ်သို့ တင်ဆောင်၍ မင်းလှမြို့နယ် စစ်ကွင်းမြို့ ညောင်နီကုန်းကျေးရွာဘက်သို့ ထွက်ခွာခဲ့ကြောင်း၊ 152 KTV ဆိုင်မှ ဝန်ထမ်း စန်းမင်းအောင်သည် လူသတ်မှုကျူးလွန်

သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။


**၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် သုဝဏ္ဏလမ်း၌ လက်နက်၊ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံမြတ်မင်းပိုင်(ခ) ဝင်းထွဋ်အောင်၏ မှတ်တမ်းဓာတ်ပုံ။**


**၂၀၂၂ ခုနှစ်အောက်တိုဘာ ၂၉ရက်တွင် တရားခံ မြတ်မင်းပိုင်(ခ) ဝင်းထွဋ်အောင် ပိုင်ဆိုင်သည့် လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက် အမှတ်(၃)လမ်းရှိ ရွှေလက်ရာစားသောက်ဆိုင်၌ သိမ်းဆည်းရမိသည့် လက်နက်၊ခဲယမ်းများ၏မှတ်တမ်းဓာတ်ပုံ။**

သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်ရှိသည့် အမျိုးသမီးတစ်ဦး၏အလောင်းကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါသေဆုံးနေသည့်အမျိုးသမီးမှာ လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် ကံကြီးလမ်းရှိ 152 KTV ဆိုင်မှ ဝန်ထမ်း မနွယ်နီ(ခ)ယိမ်း ဖြစ်ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် သက်ထွန်းအောင်(ခ)အောင်လေး၊ သူရဦး၊ နေလင်းအောင်နှင့် စန်းမင်းအောင်တို့ကို အောက်တိုဘာ ၃၀ ရက် ညနေပိုင်းတွင် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် ကံကြီးလမ်းရှိ 152 KTV ဆိုင်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။


ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်ခဲ့သည့် တရားခံ ကျား ငါးဦးကို Sig Sauer ပစ္စတို တစ်လက်၊ ခြောက်လုံးပြူး လေသေ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် လက်ပံတန်းမြို့နယ်၌ NLD ပါတီအောင်နိုင်ရေးအတွက် ဦးဆောင်စည်းရုံးဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်ကြောင်း၊ NLD အစိုးရကာလ ၂၀၁၆ ခုနှစ်တွင် လက်ပံတန်းမြို့၌ 152 KTV ဆိုင်အား တရားမဝင်ဖွင့်လှစ်၍ရရှိသော ငွေကြေးအကျိုးအမြတ်များကို လက်ပံတန်းမြို့နယ် NLD ပါတီအတွက် ထောက်ပံ့ပေးခြင်းနှင့် ၂၀၂၀



**အလောင်းဖျောက်ဖျက်ရာတွင် အသုံးပြုသည့် တရားခံမြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင် ပိုင်ဆိုင်သည့် လင်ခရူဇာ(အဖြူရောင်) ယာဉ်အမှတ်YGN 7G/8887 မော်တော်ယာဉ်၏မှတ်တမ်းဓာတ်ပုံ။**

# မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးဘုရားဖူးတောင်တက်ကားဂိတ်ကို အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်တွင်ပါဝင်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးဘုရားဖူးတောင်တက်ကားဂိတ်ကို သောင်းကျန်းသူ၊ အကြမ်းဖက်အုပ်စု PDF အဖွဲ့မှ ပစ်ခတ်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများ




**နေပြည်တော် အောက်တိုဘာ ၃၁**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် ကျိုက်ထီးရိုးဘုရားဖူး တောင်တက်ကားဂိတ်ကို သောင်းကျန်းသူ၊ အကြမ်းဖက်အုပ်စု PDF ၁၂ ဦးခန့် 4 Wheel ယာဉ်တစ်စီးဖြင့် ရောက်ရှိကာ မိုးမိုးကတ္တတ်ယိုဆိုင်အနီးမှ သေနတ်များဖြင့် စတင်လာရောက် ပစ်ခတ်ရာ လုံခြုံရေးတပ်ဖွဲ့နှင့် ထိတွေ့မှု ဖြစ်ပွားပြီး သောင်းကျန်းသူအကြမ်းဖက် PDF အဖွဲ့သည် မော်တော်ယာဉ်ဖြင့် ဆောင်နိုင်ကြီးကျေးရွာဘက်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။


ဖြစ်စဉ်တွင် သောင်းကျန်းသူ၊ အကြမ်းဖက်အုပ်စု PDF ၏ ပစ်ခတ်မှုကြောင့် အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး သေဆုံး၊ ရဲတပ်သား တစ်ဦး၊ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၁၀ ဦး ဒဏ်ရာရခဲ့ပြီး ကင်မွန်းချောင်း(နမစ)က (ပ) ၂၆/၂၂၊ အကြမ်းဖက်ပုဒ်မ ၅၄ ဖြင့် အမှုဖွင့်လှစ် စုံစမ်းခဲ့သည်။

အချင်းဖြစ်ရပ်သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ်နှင့် တာဝန်ရှိသူများ၊ မှုခင်းရဲတပ်ဖွဲ့မှ ကျွမ်းကျင်ပညာရှင်များဖြင့် သွားရောက် စိစစ်စုံစမ်းဖော်ထုတ်ခဲ့ရာ မျက်မြင်သက်သေ ၂၅ ဦး ထွက်ဆိုချက်များ၊ သေဆုံးဒဏ်ရာရသူများနှင့် ပတ်သက်သည့် ဆေးစာပြန်ကြားချက်များ၊ ခိုင်မာသော လုံခြုံရေးအထောက်အကူပြုမှတ်တမ်းများ၊ ဘုရားဖူးတောင်တက်မော်တော်ယာဉ်ဝင်း အတွင်းမှ သက်သေခံအထောက်အထား များ တွေ့ရှိခဲ့ရသည်။ စုံစမ်းစစ်ဆေး ဖော်ထုတ်ချက်အရ သောင်းကျန်းသူ၊ အကြမ်းဖက်အုပ်စု PDF အဖွဲ့သည် ဘုရားဖူးတောင်တက်မော်တော်ယာဉ်ဝင်း အနောက်ဘက် ကျိုက်ထီးရိုး-ကင်မွန်း ချောင်းသွား လမ်းဘေးဈေးဆိုင်များ ဖြစ်ကြသည့် ရွှေနဂါး ဈေးဆိုင်၊ ငွေးမြင့် အောင်ကတ္တတ်ယိုဆိုင်၊ မိုးမိုးကတ္တတ်ယိုဆိုင် တို့နှင့် ဘုရားဖူးတောင်တက်မော်တော်ယာဉ် ဝင်း အနောက်မြောက်ဘက် ထွက်ပေါက် နေရာတို့မှ နေရာယူကာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဘုရားဖူးတောင် တက်မော်တော်ယာဉ်ဝင်း အတွင်းရှိ ဘုရားဖူးလှေကားတက်စင်သို့လည်းကောင်း၊ ဘုရားဖူးတောင်တက် မော်တော်ယာဉ်ဝင်း အတွင်း မြောက်ဘက်အစွန်ဆုံးရှိ လုံခြုံရေး အဖွဲ့နေရာသို့လည်းကောင်း ပစ်ခတ်ခဲ့ ကြောင်းတွေ့ရှိရပြီး အထောက်အထားများ အနေဖြင့် သောင်းကျန်းသူ၊ အကြမ်းဖက် အုပ်စု PDF များ နေရာယူပစ်ခတ်ခဲ့သည့် ရွှေနဂါးဈေးဆိုင် ရှေ့လမ်းမပေါ်မှ M 16 ကျည်ခွံများ၊ AK 47 ကျည်ခွံများ၊ မိုးမိုး ကတ္တတ်ယို(မစိုးမြတ်မြတ်မွန်)ဆိုင် ရှေ့မှ M 16 ကျည်ခွံများ၊ ၄၀ မမ ကျည်ခွံများ၊ မိုးမိုးကတ္တတ်ယို (ဦးစိုးမိုးသူ)ဆိုင် အမြင် ဘက် အနောက်ဘက်ထောင့်နေရာမှ M 16 ကျည်ခွံများနှင့် ဆိုင်ရှေ့ဝဲဘက် ထောင့်မှ M 16 ကျည်ခွံများ၊ ဘုရားဖူး တောင်တက်မော်တော်ယာဉ်ဝင်း အနောက် မြောက်ထောင့် ဝင်ထွက်ပေါက် ဘယ်ဘက် ခြမ်းမှ M 16 ကျည်ခွံများနှင့် မြေထိန်း နံရံအနီးမှ AK 47 ကျည်ခွံများ တွေ့ရှိရ သည့်အပြင် ဘုရားဖူးတောင်တက်မော်တော် ယာဉ်ဝင်းအတွင်း ဘုရားဖူးယာဉ်ပေါ်သို့ တက်သည့် လှေကားတက်စင်တွင် ရပ်ထား သည့် 3K-6534 Fuso ယာဉ်၏ အနောက် ဘက်ကွန်ကရစ်တိုင်ကို ထိမှန်ထားသည့် ၄၀ မမ ဗုံးသီးအပိုင်းအစများ၊ ပုံစံပျက် နေသည့် ကျည်ထိပ်ဖူးများ၊ ဘုရားဖူး တောင်တက် မော်တော်ယာဉ်ဝင်းအတွင်း မြောက်ဘက်ရှိ လုံခြုံရေးတပ်ဖွဲ့များ အခြေပြုဘန်ကာကို ထိမှန်ထားသည့်နေရာ များမှ AK 47 ကျည်ထိပ်ဖူးများကို သက်သေ များနှင့်အတူ ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

သောင်းကျန်းသူ၊ အကြမ်းဖက်အုပ်စု PDF များ၏ ပစ်ခတ်မှုကြောင့် ဘုရားဖူး တောင်တက် မော်တော်ယာဉ်ဝင်းအတွင်း ဘုရားဖူးယာဉ်ပေါ်သို့တက်သည့် လှေကား တက်စင်တွင် ဒေါ်သန်းသန်းနွယ် ၄၂ နှစ်၊ ရန်ကုန်မြို့နေသူသည် သောင်းကျန်းသူ၊ အကြမ်းဖက်အုပ်စု PDF များ၏ လက်နက် ငယ်ထိမှန်မှုကြောင့် ဦးခေါင်းယာချိုစောင်း ဖောက်ထွက်ဒဏ်ရာတစ်ချက်ဖြင့် သေဆုံး ခြင်း၊ ကျော့ကေခိုင် ၂၁ နှစ် ရန်ကုန်မြို့ နေသူသည်လည်း ဦးခေါင်းနောက်စေ့မှ ကျည်ဖောက်ဝင် ဖြတ်ထွက်ဒဏ်ရာတစ် ချက်၊ ယာခြေဖမိုး လက်နက်ကြီးကျည် အစ ထိမှန်ဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးခြင်း၊ ဘုရားဖူးလှေကားတက်စင်တွင် ရပ်ထား သော 3K-6534 Fuso ယာဉ်ပေါ် ဝဲဘက်ထိုင်ခုံနောက်ဆုံးတွင် ထိုင်နေသူ ဒေါ်အေးအေးကြည် ၅၀ နှစ် ရန်ကုန်မြို့ နေသူသည် လက်နက်ငယ်ထိမှန်မှုကြောင့် ယာပါးမှ ဖောက်ဝင်၊ ဝဲပါးပေါက်ပြဲထွက် သည့် ဒဏ်ရာဖြင့်သေဆုံးခြင်း၊ ထိုကားပေါ် တွင် ထိုင်နေသူ ထွန်းဝင်းအေး ၃၂ နှစ် ရန်ကုန်မြို့နေသူသည် လက်နက်ကြီး ကျည်စ၊ လက်နက်ငယ်ကျည်တို့ ထိမှန် သောကြောင့် နောက်ကျောဝဲဘက်မှ ဝမ်းဗိုက်ယာဘက်သို့ ကျည်ထိမှန်ဖောက် ထွက် ဒဏ်ရာများဖြင့် သေဆုံးခြင်း၊ ဘုရားဖူးလှေကားတက်စင် အနီးအနားရှိ လုံခြုံရေးဆောင်ရွက်ပေးနေသော ရဲတပ် သား အောင်ပြည့်ဖြိုးပါ ဘုရားဖူးခရီးသည် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၁၀ ဦးတို့၏ ကိုယ်ခန္ဓာအသီးသီးတွင် ဒဏ်ရာများရရှိခဲ့ ကြောင်း တွေ့ရှိရသည်။

များ နေရာယူထားသည့် မိုးမိုးကတ္တတ်ယို ဆိုင်ဘက်သို့ ထိမှန်ခဲ့ပြီး အဆိုပါ မိုးမိုး ကတ္တတ်ယိုဆိုင်အတွင်းမှ လုံခြုံရေးတပ်ဖွဲ့ ဝင်များပစ်ခတ်ခဲ့သည့် ကျည်ထိပ်ဖူး ပုံပျက်အပိုင်းအစများ စိစစ်တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပြန်လည်ပစ်ခတ် ခဲ့သည့် လားရာအရပ်သည် ဘုရားဖူးပြည်သူ များရှိနေသည့် အရပ်မျက်နှာနှင့် ဆက်စပ် မှုမရှိကြောင်း မြေပြင်အထောက်အထား

ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းနယ်မြေရဲစခန်း(ပ)၂၆/၂၀၂၂ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ အမှုမှ အချင်းဖြစ်ရပ်မြေပုံကြမ်း




ဖော်ပြပါ ပစ်ခတ်မှုဖြစ်စဉ်၌ စိစစ် တွေ့ရှိရသော မျက်မြင်သက်သေများ၊ သေဆုံး၊ ဒဏ်ရာရသူများ၏ ဆေးစာ အထောက်အထားများ၊ သောင်းကျန်းသူ၊ အကြမ်းဖက်အုပ်စု PDF များ အသုံးပြုခဲ့ သည့် သက်သေခံပစ္စည်းအထောက်အထား များ၊ အခြားခိုင်မာသည့် မှတ်တမ်း အထောက်အထားများအရ သောင်းကျန်းသူ၊ အကြမ်းဖက်အုပ်စု PDF အဖွဲ့သည် ဘုရားဖူးတောင်တက်ကားဝင်း အနောက် ဘက်မှနေရာယူ၍ လက်နက်ကြီး၊ လက် နက်ငယ်များဖြင့် ဘုရားဖူးတောင်တက် ကားဝင်းအတွင်းရှိ ဘုရားဖူးလှေကား တက်စင်သို့လည်းကောင်း၊ လုံခြုံရေးအဖွဲ့ အခြေပြုအဆောင်သို့ လည်းကောင်း ဦးတည်ပစ်ခတ်ခဲ့ကြောင်း အထောက် အထားခိုင်မာစွာ စိစစ်တွေ့ရှိရသည်။

ဘုရားဖူးတောင်တက်ကားဝင်းအတွင်း မြောက်ဘက် ဘန်ကာရှိ လုံခြုံရေးတပ်ဖွဲ့ဝင် များက သောင်းကျန်းသူ၊ အကြမ်းဖက်အုပ်စု PDF များကို ပြန်လည်ပစ်ခတ်ခဲ့ရာ သောင်းကျန်းသူ၊ အကြမ်းဖက်အုပ်စု PDF အရ စိစစ်တွေ့ရှိရသောကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် မှားယွင်းပစ်ခတ် ခဲ့ခြင်း တစ်စုံတစ်ရာမရှိကြောင်း စိစစ် တွေ့ရှိရသည်။

မျက်မြင်သက်သေများ၊ ယခင်ဖြစ်စဉ် အထောက်အထားများ စိစစ်တွေ့ရှိချက်အရ ဘုရားဖူးပြည်သူများကို ပစ်ခတ်ခဲ့သည့် အဖွဲ့တွင် KNU တပ်မဟာ(၁)သို့ ခိုလှုံပြီး KRF အကြမ်းဖက်အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်နေသူ **အေးမင်းထွန်း**(ရဲပြေး၊ ယခင်မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၏လူယုံတော်)ဆိုသူ ဦးဆောင်ခဲ့ ကြောင်း၊ ၎င်းနှင့်အတူ **ရဲသွေးနီ**(ယခင် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်ဆောင်၏ယာဉ်မောင်း)၊ NUG **ကျားဖြူ** တပ်ခွဲ(၄) သထုံခရိုင်အဖွဲ့ KNU တပ်မဟာ(၁) တပ်ရင်း(၃) တပ်ရင်းမှူး **ဒါးနယ်ထူး**တို့အဖွဲ့ ပူးပေါင်းဆောင်ရွက် ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

**အေးမင်းထွန်း**(ရဲပြေး)သည် KNU တပ်မဟာ(၁)တွင် ခိုလှုံခဲ့ပြီးနောက် မွန်ပြည်နယ် **စာမျက်နှာ ၂၁ သို့**



ကျိုက်ထီးရိုးဘုရားဖူးတောင်တက်ကားဂိတ်ကို အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၀ မှအဆက်

လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် **ဒေါက်တာစင်ဆောင်**(တရားခံပြေး)၊ **ဦးလှမြင့်သန်း**(တရားခံပြေး)၊ **ဒေါ်သီရိရတနာ**(တရားခံပြေး)၊ လုပ်ငန်းရှင်များဖြစ်ကြသည့် **ကျော်မျိုးမင်း**(တရားခံပြေး)၊ **အောင်ကျော်သူ**(တရားခံပြေး)၊ **ဦးစင်တိုး**(တရားခံပြေး)တို့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ **ရဲသွေးနီ၊** KNU တပ်မဟာ(၁) တပ်ရင်း(၃) တပ်ရင်းမှူး **ဒါးနယ်ထူး**တို့နှင့်ပူးပေါင်းကာ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်ကလည်း ဘီးလင်းရဲစခန်းနယ်မြေတွင် DENKO ဆီဆိုင်မှ ဆီဘောက်စာယာဉ်တစ်စီးကို ပြန်ပေးဆွဲခဲ့သဖြင့် ဘီးလင်းမြို့မ ရဲစခန်းက (ပ) ၁၂၇/ ၂၀၂၂၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂/ ၃၆၅ အရ ဖမ်းဆီးရန်အလိုရှိနေသော တရားခံများဖြစ်ကြောင်း။

**အေးမင်းထွန်း**သည် **မျိုးလင်းထွဋ်(ခ) မှုံကြီး**(ဖမ်းမိ)၊ **စောထွန်းဝင်း** (ဖမ်းမိ)တို့နှင့် ပူးပေါင်းကာ KRF (ကျိုက်ထိုတော်လှန်ရေးအဖွဲ့)အဖြစ် ဖွဲ့စည်းခဲ့ပြီး ကျိုက်ထိုမြို့တွင်း ဖောက်ခွဲရေးလုပ်ငန်းစီစဉ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့လှုပ်ရှားမှုများ၊ အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်များ သတင်းရယူ လုပ်ကြံတိုက်ခိုက်ရေး စီမံခဲ့ခြင်းများကြောင့် ကျိုက်ထိုရဲစခန်းက (ပ)၂၁၂/၂၀၂၂၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးပုဒ်မ ၅၀(က)(ဈ)/၅၂ (ဃ) တို့အရ အလိုရှိနေသော တရားခံဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းတရားခံများ အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများက လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သမာဓိ (၂)လမ်းနေ ဒေါ်သန်းသန်းနွယ် ၄၂ နှစ်(ဘ)ဦးစံတင် မှီရီ ယာချိုစောင်း ပေါက်ပြဒဏ်ရာဖြင့် သေဆုံးသူ၏ မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဆကရပ်ကွက်နေ ဒေါ်အေးအေးကြည် ၅၀ နှစ်(ဘ)ဦးအေး ယာပါးပေါက်ပြဲ၊ ဝဲပါးပေါက်ပြဒဏ်ရာဖြင့် သေဆုံးသူ၏ မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဆကရပ်ကွက်နေ ကျော့ကေခိုင် ၂၁ နှစ် ဦးခေါင်းနောက်စေ့ပေါက်ပြဲ၊ ယာခြေဖမိုးပေါက်ပြဒဏ်ရာဖြင့် သေဆုံးသူ၏ မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂၀၀) ဂန္ဓဝင်လမ်းနေ ထွန်းဝင်းအေး ၃၂ နှစ် (ဘ) ဦးအောင်ထိုက် ဝဲကျောကုန်းပေါက်ပြဒဏ်ရာတစ်ချက်ဖြင့်(သထုံဆေးရုံတက်ရောက်ကုသစဉ် သေဆုံး) သေဆုံးသူ၏ မှတ်တမ်းဓာတ်ပုံ။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်



တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်စဉ်။

**နေပြည်တော် အောက်တိုဘာ ၃၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦးထိုးနိုင်သော Myancopharm ဆေးများကို ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ Myancopharm ဆေးအလုံး ၁၀၀၀၀ နှင့် ဆေးထိုးအပ် အချောင်း ၅၀၀၀၀ တို့ကို Cold Chain Delivery Logisties မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူး ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရှေ့ဖုံးမှအဆက်

ကျင်းပရာ ဒေသတွင်းနှင့် နိုင်ငံတကာမှ IT ပညာရှင်များ၊ တက္ကသိုလ်များမှ ပညာရှင်များ၊ နည်းပညာအသုံးပြုသည့် ကုမ္ပဏီတို့မှ CEO၊ CFO နှင့် တာဝန်ရှိသူများက နည်းပညာဆိုင်ရာ ယုံကြည်မှုအပေါ် ခေါင်းစဉ် ၁၄ ခုဖြင့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ Summit ၏ ညပိုင်း Gala Dinner တွင် ASOCIO Digital Government Award 2022 ကို ပေးအပ်ချီးမြှင့်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လူမှုရေးသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် Social Management Information System (SMIS) ၏ ကဏ္ဍတစ်ခုဖြစ်သော လူမှုဖြစ်ရပ် စီမံခန့်ခွဲမှုသတင်းစနစ် (Case Management Information System-CMIS) ကို ကာကွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့၏ ပံ့ပိုးကူညီမှုဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဝန်ကြီးဌာနအနေဖြင့် ASOCIO Digital Government Award 2022 ကို ရရှိခဲ့ရာ ဝန်ကြီးဌာနကိုယ်စား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ဆုလက်ခံရယူခဲ့ကာ ဆုလက်ခံအပြီးတွင် ASOCIO အသင်းချုပ်၏ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို အမှတ်တရလက်ဆောင်များပေးအပ်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် ASOCIO Digital Summit တွင် နိုင်ငံပေါင်း ၁၄ နိုင်ငံက Digital Government Award အပါအဝင် ဆုပေါင်း ၅၄ ခု ပေးအပ်ခဲ့ကြောင်းသိရသည်။

CMIS Software Platform သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အတွင်း ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များ၊ ဥပဒေနှင့်ငြိစွန်းလျက်ရှိသော ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းခံရသူ ကလေးသူငယ်များ၊ အမျိုးသား၊ အမျိုးသမီး အခြေပြုအကြမ်းဖက်မှုဆိုင်ရာကိစ္စရပ်များ၊ လူကုန်ကူးခံရသူကလေးသူငယ်များနှင့် အမျိုးသမီးများ၏ ဖြစ်ရပ်များကို လူမှုရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိပြီး အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ စနစ်တကျသုံးစွဲနိုင်ရန် ရေးဆွဲထားသော Digital Platform ဖြစ်၍ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှု စနစ်ပါလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်နိုင်ပြီး ဖြစ်ရပ်များလွှဲပြောင်းချိတ်ဆက်နိုင်ခြင်း၊ ဖြစ်ရပ်အလိုက် မှတ်တမ်းတင်နိုင်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ကာကွယ်စောင့်ရှောက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများ စားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ PDF အကြမ်းဖက်သမားများ၏ ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် "အောင်တော်မူ"ဘုန်းကြီးကျောင်းမှ ခန်းနေဆရာတော်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ





စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ PDF အကြမ်းဖက်သမားများ၏ ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် "အောင်တော်မူ" ဘုန်းကြီးကျောင်းမှ ခန်းနေဆရာတော်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ PDF အကြမ်းဖက်သမားများ၏ ပစ်ခတ်ခဲ့မှုကြောင့် "အောင်တော်မူ" ဘုန်းကြီးကျောင်းမှ ခန်းနေဆရာတော်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် တမူးမြို့ ဈေးတန်း(၁၀)ရပ်ကွက်နှင့် (၁၁)ရပ်ကွက်တို့သို့ PDF အကြမ်းဖက်သမားများက အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များ ပြုလုပ်ရန် ဝင်ရောက်လာကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှု နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်ထွက်ခွာလာခဲ့ရာ ဈေးတန်း(၁၀)ရပ်ကွက် "အောင်တော်မူ"ဘုန်းတော်ကြီးကျောင်းအနီးအရောက်၌ PDF အကြမ်းဖက်အဖွဲ့က လုံခြုံရေးတပ်ဖွဲ့ဝင်များကို စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြစ်မဲ့ပြည်သူများထိခိုက်မှုမရှိစေရေးအတွက် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျထိန်းသိမ်း၍ ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်အဖွဲ့မှာ "အောင်တော်မူ" ဘုန်းတော်ကြီးကျောင်း အနောက်ဘက်လမ်းမှတစ်ဆင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ဘက်သို့ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် အကြမ်းဖက်အဖွဲ့က ဆုတ်ခွာရာလမ်းကြောင်းရှိ ပတ်ဝန်းကျင် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် "အောင်တော်မူ" ဘုန်းကြီးကျောင်းမှ ခန်းနေဆရာတော် ဉူးသုဒဿနသက်တော် ၄၂နှစ်၊သိက္ခာတော် ၂၂ ဝါတွင် ဝဲလက်မောင်းနှင့် ဝဲတံတောင်ဆစ်တို့တွင်လည်းကောင်း၊ ဈေးတန်း (၁၁)ရပ်ကွက်နေ ကိုအောင်သီဟ ၂၈ နှစ် (ဘ)ဦးအောင်စိုးတွင် ဝမ်းဗိုက်တွင်လည်းကောင်း ကျည်ထိမှန်ဒဏ်ရာများ အသီးသီး ရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးခဲ့ပြီး တမူးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ခန်းနေဆရာတော်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦးတို့အား ထိခိုက်ဒဏ်ရာရရှိအောင် လူနေရပ်ကွက်များအတွင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများကို ထိရောက်စွာအရေးယူနိုင်ရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၃၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ဦးရေ ၁၅၇၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ဦးရေ ၇၅၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၉၈၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၄၇၅၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ကျောင်းသား၊ ကျောင်းသူ ၂၁၉ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Maskများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့တို့၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့်လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန်လှုံ့ဆော်ခြင်းနှင့် Mask များအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။



ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများက Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေကူရပ်ကွက်နေ ဒေါ်အေးအေးလှိုင် (ခ) အေးသန်းသည် ၎င်းအသုံးပြုသည့် "Daw Aye Than" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ကံစီမံရာ

မောင်နှင်းဆီ

**"ဩော်..လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်၊**
**အဝိဇ္ဇာ ပစ္စယာ သင်္ခါရာတဲ့၊**
**ပျော်လိုက် ရှင်လိုက် ဇိုကာရယ်ကာ၊**
**ဘယ်ဟာမတည်မြဲ ဖောက်လွဲဖောက်ပြန်၊**
**အကြောင်းကံ ကမ္မသကာ။"**

**တေးပြုစာဆို သုခ**
**သံစဉ်ဂီတ ဦးဘသိန်း (မန္တလေး)**
(၁၉၅၆၊ ဘဝသံသရာရုပ်ရှင်ခေါင်းစီးသီချင်းမှ)

ကိုယ်စိုက်တဲ့အသီးကို ကိုယ်စားရတယ်ဆိုတာကို လူတိုင်းသဘောပေါက်ပါတယ်။ စပါးပင်စိုက်ပျိုးခဲ့ရင် စပါးကိုရိတ်သိမ်းရမှာပဲ။ သရက်ပင်စိုက်ခဲ့ရင် တစ်နေ့မှာတော့ သရက်သီးစားရမှာပေါ့။ ကိုယ်လုပ်ဆောင်ခဲ့တဲ့မျိုးစေ့အလျောက် အပင်ပေါက်တယ်။ အသီးအနှံသီးတယ်။ ဒီတော့ ဉာဏ်ရှိတဲ့လူ၊ အမြော်အမြင်ရှိတဲ့လူက စပါးကို အထွက်နှုန်းကောင်းတဲ့စပါး၊ မျိုးကောင်းမျိုးသန့်ကို သေသေချာချာရွေးချယ်ပြီးစိုက်တယ်။ အထွက်နှုန်းလည်းမကောင်း၊ စပါးဈေးဆန်ဈေးလည်း မကောင်းတဲ့ စပါးမျိုးကိုစိုက်ရင် ပင်ပန်းရသလောက် ကောင်းကျိုးအသီးအပွင့် အဆင့်အတန်းမမြင့်ပေဘူးပေါ့။ စပါးစိုက်မှာချင်းအတူတူ မျိုးကောင်းမျိုးသန့် စိုက်ဖို့ဟာ အခြေခံကျကျအရေးကြီးလှပေတာပဲ။ ရေ၊ မြေ၊ မိုး၊ ပိုး၊ ကြိုးစားမှု စတဲ့အချက်တွေလည်းပါဝင်ပါရဲ့။ ဗီဇမျိုးစေ့အရည်အသွေးကောင်းဖို့ရာက အဓိကအရေးကြီးကြောင်း တွေ့ကြရမယ်။

သရက်ပင်တွေစိုက်ထားတဲ့ သရက်တောတွေမှာ မြကျောက်တို့၊ စိန်တလုံးတို့ တန်ဖိုးရှိတဲ့မျိုးကို စိုက်ခဲ့တဲ့ သရက်ပင်တွေက ရောင်းတဲ့အခါ ဈေးကောင်းရကြတယ်။ မျောက်ခေါင်းတို့၊ လောက်စာလုံးတို့၊ သေးလည်းသေး၊ ချဉ်လည်းချဉ်၊ အသားလည်းနည်းတဲ့ သရက်သီး၊ သရက်စေ့ကို စိုက်ခဲ့မိရင် ဘယ်လိုလုပ်ချမ်းသာပါမလဲ။ ကောင်းတဲ့အမျိုးအစား၊ မှန်ကန်တဲ့ရွေးချယ်မှုနဲ့၊ လုံ့လဝီရိယစိုက်ပြီးအလုပ်လုပ်တဲ့ အကျိုးရလဒ်နဲ့၊ သာမန်လုပ်တယ်ဆိုရုံလုပ်တဲ့အလုပ်နဲ့ တန်ဖိုးချင်းကွာခြားမှာပဲ။ အလုပ်တစ်ခုလုပ်တယ်ဆိုရင် ရှေ့နောက်မြော်တွေးဆင်ခြင်ပြီး လုပ်ရတယ်။ ကောင်း၊ ဆိုးရလဒ်၊ အတိုင်းအဆ စသည်တို့ကိုကြည့်ရမယ်။ စိတ်ပါလက်ပါ စိတ်ဝင်တစားလုပ်ရမယ်။ အလုပ်ကို မြတ်မြတ်နိုးနိုး၊ လေးလေးစားစားလုပ်ရမယ်။ အများကို ကောင်းကျိုးပြုပေးစေမှာမျိုး၊ သူတစ်ပါးကို မထိခိုက်တာမျိုး၊ အပြစ်ကင်းတာမျိုးလုပ်ရပါမယ်။ ဉာဏသမ္ပယုတ်၊ သောမနဿသဟဂုဏ်၊ အသင်္ခါရိက စတဲ့အချက်တွေနဲ့ ကြိုတင်စူးစမ်းချင့်ချိန်ပြီး အကောင်းဆုံးလုပ်ရမယ်။ အဲဒီအလုပ်ဟာ ကိုယ်ပြုလုပ်တဲ့**ကံ**ပါပဲ။ **ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာတယ်။** ဒါကြောင့် ကောင်းမှုသုစရိုက်ပြုခဲ့ပြုသောသူဟာ ကောင်းမှုကောင်းကျိုးတွေ သူခံစားရတယ်။ မကောင်းမှုဒုစရိုက်တွေ (မိုက်မဲစွာ) ကျူးလွန်သူဟာ ဘယ်သူမပြု မိမိမှုဆိုသလိုပဲ မိမိကိုယ်တိုင်သာပဲ အကုသိုလ်ရဲ့အကျိုးဆက်တွေကို သိမ်းပိုက်ရမှာမလွဲပါ။

ကဲ ဒါဆို ကံကောင်းတာတွေ လိုချင်ပါတယ်။ ရချင်ပါတယ်။ ဘယ်လိုအလုပ်မျိုးတွေ လုပ်ရမှာပါလဲ။

"**မကောင်းမှုများ ရှောင်ရှားပယ်ခွာ၊ ကောင်းမှုအပေါင်း စုဆောင်းကြပါ။ မိမိစိတ်ရင်း သန့်ရှင်းစေရာ၊ ဤသုံးပါး ဘုရားသာသနာ**"လို့ သီတဂူဆရာတော်အရှင်ဉာဏိဿရ သီကုံးတာလေး မှတ်ရလွယ်ပါတယ်။ ဒါဟာ အသက်အရွယ်ခုနစ်နှစ်သား သားတော် ရှင်ရာဟုလာ ကိုရင်လေးကို ဟောကြားတဲ့ (အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်) ဆုံးမစကားထဲမှာလည်းပါတယ်။ ဩဝါဒပါတိမောက်မှာလည်းပါတယ်။ ဓမ္မပဒထဲမှာလည်း တွေ့ရပါတယ်။ ဝတ္ထုဇာတ်တော်တွေပါ ဒီနေရာမှာ မတင်ပြတော့ပါ။ မြတ်စွာဘုရားဟာ လူသားတွေကို ဘေးကင်းစေချင်လို့ ဆင်းရဲကင်းပျောက်ချမ်းသာရောက်ဖို့ သုစရိုက်၊ ကုသိုလ်ကောင်းမှုပြုလိုက်ကြ။ ဒါမှသာ ကောင်းတဲ့ကံတွေ ပြုနေလို့ ကောင်းကျိုးတွေ ဖြာဖြာဝေဝေ သာယာစိုပြည်မယ်။ ဒုစရိုက်အကုသိုလ် အလုပ်ဆိုး၊ အလုပ်မှား၊ အလုပ်မတရားတွေလုပ်နေရင် အကုသိုလ်အကျိုးဆက် (ပါပကံ) နောက်ဆက်တွဲတွေ အစုလိုက်အပြုံလိုက် ကိုယ်ကိုယ်တိုင်သိမ်းပိုက်ခံစားရမှာပဲလို့ **(ပုည-ကောင်းမှု)၊ (ပါပ-ဆိုးမှု)** ခွဲခြားနားလည်ပြီး ဆောင်ရန်ရှောင်ရန်တရားတွေနဲ့ လမ်းညွှန်ထားခဲ့ပါတယ်။ ကျင့်တာ၊ မကျင့်တာ မိမိတို့ရဲ့ ရွေးချယ်မှုပါပဲ။ သူ့ထိုက်နဲ့သူ့ကံ။ ကံစီမံရာသွား။

**ဘုမသိ၊ ဘမသိ**
**ဒီအလုပ်ဟာ ပုညကုသလကောင်းမှုလား။**
**ဒီအလုပ်က ပါပဒုစရိုက်ဆိုးမှုပေလား။**

မခွဲခြား၊ မစဉ်းစား၊ နားမလည်၊ မသိမြင်သူတို့ဟာ လွဲမှားစွာပဲ မိုက်ပြီးရင်းမိုက်၊ အဝိစိထိအောင် ကျင်းတူးပြီး ဆက်မိုက်နေကြဦးမှာပဲပေါ့။ အဝိဇ္ဇာဆိုတဲ့ မသိမမြင်မှု၊ အလွဲမြင်သိနေမှုက အကြင်သူကို ငရဲ တိရစ္ဆာန်ဘဝ အရှင်လတ်လတ်ကျရောက်စေပါတယ်။ နွားတွေ၊ ဝက်တွေကို ခြံလှောင်သလို လူကို အချုပ်ထောင်အကျဉ်းထောင်ထဲ ထည့်ထားခြင်းခံရတာဟာ ဘုမသိ ဘမသိ ဆင်ခြင်တုံတရားနည်းပါး(မရှိ)ခဲ့လို့ လက်ထိတ်တို့၊ သံခြေချင်းတို့ ဝတ်ဆင်နေခြင်းပေပေါ့။

ပါရမီကံဆိုတာကတော့ ငါတို့နဲ့မဆိုင်လောက်ပါဘူးလို့ မသိသူတွေက အထင်မှားနေကြတယ်။ ပါရမီဆယ်ပါးနဲ့ မြတ်စွာဘုရားက ဘုရားလောင်းဘဝအဆက်ဆက် (သာမဏေဇာတ်ကြီးဆယ်ဘွဲ့၊ တေ-ဇ-သု-နေ-မ စသဖြင့်) ကြိုးစားလုပ်ဆောင်ဖြည့်ကျင့်ခဲ့ရတာကို ကြည့်ပြီး ငါလိုပုထုဇဉ်နဲ့ အလှမ်းဝေးလောက်တယ်။ အထင်လွဲနေတတ်ပါတယ်။

ဒီမယ် **ပါရမီကံ**ဆိုတာ ဘုရားမှသာ ကျင့်သုံးဆောက်တည်ရတာမဟုတ်။ ဘုရားလောင်းမှသာ လုပ်ဆောင်ဖွယ်ရာမဟုတ်။ သဲသဲကွဲကွဲ ထင်ထင်ရှားရှား သိမြင်နားလည်မှ ကံစီမံရာလိုက်ပါဖြစ်ပေါ်ကြရတဲ့ဘဝမှာ ကံကောင်းကြလိမ့်မယ်။

**ပါရမီကံက မြင့်မြတ်သူတို့ရဲ့လုပ်ဆောင်ချက်ကိုခေါ်တာဖြစ်တယ်။** မိမိကိုယ်ကို တန်ဖိုးထားပါ။ မိမိကိုယ်ကို လေးစားမြင့်တင်ပါ။ လူနေချို့ကြားဖြစ်ချင်ဖြစ်ပါစေ၊ စိတ်နေဘုံဖျားရှိနေပါစေ။ ရိုးရိုးကျင့်ပြီး မြင့်မြင့်ကြံပါလေ။ ဒါဟာလိုရင်းပါ။

သစ္စာ၊ သီလ၊ ခန္တီ၊ ဝီရိယနဲ့ ဒါန၊ ပညာ စတဲ့ ပါရမီဆယ်ပါးကို တစ်နေ့တည်း၊ တစ်ပြိုင်တည်းလုပ်ဖို့ရာ မဆိုလိုပါဘူး။ စိတ်ထဲမှာ ဒီပါရမီကံတွေကို ငါကြိုးစားပြီးမဖြစ်မနေလုပ်ဆောင်နေမယ်။ ငါဟာ ပါရမီကံရင့်သန်သူဖြစ်နိုင်ပေတာပဲ။ စေတနာကောင်းရင် ကံကောင်းမှာပဲ။ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက စတဲ့ မြင့်မြတ်တဲ့သူတော်ကောင်းတွေ အများအပြားကျင့်ကြံအားထုတ်ကြတဲ့တရားတွေကို ငါလည်းလုပ်လို့ရတယ်။ ငါလည်းဆိုင်တယ်။ ငါလည်းကျင့်ကြံလုပ်ဆောင်နိုင်တာပဲ။ (အသိအမြင်အလင်းပေါက်သွားပါပြီ)။

ဘာသာရေးတရားတွေ ဟောပြောနေတာလား။

စာဖတ်သူထင်ချင်သလိုသာ ထင်မြင်ပါ။ ရပါတယ်။ တကယ်တော့ စာရေးသူက Joanne Kathleen Rowling ဂျိုးနီကက်သလင်းရိုးလင်း။ ကလောင်နာမည် **ဂျေကေရိုလင်း** ဆိုတဲ့ ဆင်းရဲသားမိဘနှစ်ပါးက မွေးဖွားခဲ့ရပေမယ့် ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထ ပညာရေးမှာ အင်္ဂလိပ်စာပေအဓိကနဲ့ ဘွဲ့တစ်ခုရအောင်ကြိုးစား၊ အင်္ဂလိပ်စာပြဆရာမဘဝနဲ့၊ ချို့ချို့တဲ့တဲ့ဘဝနဲ့ စာကြည့်တိုက်က စာအုပ်တွေ အဖော်လုပ်ကာ မပြတ်တမ်းဖတ်ကာ၊ မှတ်ကာ ဖွဲ့ကြိုးကြိုးနဲ့ ၂၀ နှစ်ကြာအောင်ရုန်းကန်လိုက်တာ၊ အင်္ဂလန်မှာ နိုင်ငံကျော်ရုံမက ကမ္ဘာကျော်တဲ့ စာရေးဆရာမအဖြစ် အဆန်းတကြယ်ပေါက်သွားတဲ့ ကံထူးသူအကြောင်း ဟိုရှာဖတ်၊ ဒီရှာဖတ်၊ ရှာဖွေလေလေ တွေ့ရှိလေလေမို့ စိတ်ကူးထဲပေါ်လာရာ ချစ်စွာသော စာဖတ်သူထံမျှဝေနေတာပါ။ ဆက်လေ့လာကြည့်ရင် သိနိုင်ပါတယ်။

ဂျေကေရိုလင်းရေးတဲ့ဝတ္ထုတွေကို အင်္ဂလန်၊ လန်ဒန်ရှိစာအုပ်ထုတ်ဝေရေးတိုက်တွေ တော်တော်များများက ဖတ်ကြည့်ပြီး အကြောင်းအမျိုးမျိုးနဲ့ ငြင်းပယ်ခဲ့ကြတယ်။ ဒါမျိုးထုတ်ရင် ရှုံးလို့မွဲမှာပေါ့လို့ မကြားတကြားပြောသူကပြော။ ရှည်လွန်းတယ်ဆိုသူကဆို။ ဒါက ကလေးပုံပြင်ဖြစ်နေတယ်။ ဘယ်သူဝယ်မှာလဲ စသဖြင့်။ မကြားတကြားဝေဖန်တာကော။ ဖြောင့်အထင်အမြင်သေးစွာ ငြင်းပယ်ရင်း၊ စာမူဖိုင်ကြီးကို ပြန်ပေးရင်း ပြောကြတာကော။ အငြင်းပယ်ခံရတဲ့ မျှော်လင့်ချက်ဆုံးရှုံးမှု၊ ရှုံးနိမ့်ခြင်းတွေဟာ ၁၄ ကြိမ် အနည်းဆုံးရှိခဲ့တယ်။ နောက်ထပ်ထုတ်ဝေရေးတိုက်နောက်တစ်ခုကို မသွားဝံ့၊ မသွားရဲတော့လောက်အောင် ရက်ရွံ့သိမ်ငယ်ခဲ့ရတယ်။ ၁၉၉၇ ခုနှစ်မှာ ထုတ်ဖြစ်ခဲ့ပါတယ်။

ဟယ်ရီပေါ်တာ ပထမဝတ္ထုရှည်ကို ပထမမူကြမ်းကတည်းက ကြိုက်တယ်၊ ကောင်းတယ်၊ ဘာမှဆိုစရာအပြစ်မရှိဘူး စသဖြင့် အားပေးဖေးမသူကတော့ နှစ်ယောက်လောက်ပဲရှိပါတယ်။ ဂျေကေရိုလင်းရဲ့ညီမလေးနဲ့ သူ့အခင်ဆုံး သူငယ်ချင်းတစ်ယောက်။ မနည်းပါ။

ဂျေကေရိုလင်းက စာအုပ်ကြားမှာ ခေါင်းထည့်ပြီး ဖတ်လိုက်၊ မှတ်လိုက်၊ တွေးလိုက်၊ ရေးလိုက်။ စာအုပ်ထဲက စာကြီးပေကြီးတွေ၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းများစွာထဲက ဇာတ်ကောင်တွေနဲ့သာ ပိုမိုပြီးသူကရင်းနှီးထိတွေ့နေခဲ့တာ။ ပြင်ပမှာ မိတ်ဆွေအပေါင်းအသင်းတော့ များများစားစားမရှိရှာဘူး။ ရုပ်ရည်ကလည်း အချောအလှမဟုတ်။ ပေါ်ပြူလာဖြစ်ချင်တဲ့၊ ဆိုရှယ်ကျချင်တဲ့စိတ်မျိုးလည်းမရှိ။ ကိုယ့်အတွေးနဲ့ ဝတ္ထုဇာတ်ကောင်တွေမွေး၊ ဇာတ်လမ်းတွေဖွဲ့၊ ဇာတ်အပျိုး၊ အခင်း၊ အတက်၊ အခက်၊ အဖြေ၊ အလှည့်၊ အကွေ့ စသဖြင့် အမျိုးမျိုးစဉ်းစားလိုက်၊ ချရေးလိုက်၊ ရှာဖွေလေ့လာဆည်းပူးရေးမှတ်ရေးသားဖန်တီးနေခဲ့တာ တက္ကသိုလ်မှ အသက် ၂၀ နှစ်၊ ၂၂ နှစ်အရွယ်လောက် ဘွဲ့ရသည်မှ ဟိုပြောင်းဒီပြောင်း အင်္ဂလိပ်စာသင်ပြတဲ့ဆရာမဘဝ၊ ခက်ခက်ခဲခဲ၊ ဆင်းဆင်းရဲရဲ ၁၀ နှစ်ကျော် ရုန်းကန်ကူးခပ်ရင်း စာရေးဆရာမ မဖြစ်ဖြစ်အောင် ဇွဲနပဲနဲ့ ကြိုးစားခဲ့ရှာတယ်။ အဲဒီ ၁၀ နှစ် ခရီးကြမ်းကို ပြန်ပြောတိုင်း မျက်ရည်ဝဲရတယ်။ အနင်းခံရတဲ့စပါးသန်တယ်။ ဒုက္ခသောကတွေကို အရှုံးမပေးဘဲ ဒူးမထောက်၊ လက်မမြှောက် (ကူသူကယ်သူမရှိ) အသက် ၂၀ နှစ်မှ ၃၂ နှစ်ကြား မှန်တိုင်းထန်တဲ့ခရီးမှာ လဲပြိုနစ်မြုပ်မသွားအောင် အားတင်းရုန်းကန်ခဲ့ရတာပါ။

ခုရေတွင်းတူး၊ ခုရေကြည်သောက်ချင်လို့တော့ မရနိုင်ဘူး။ အချိန်အတိုင်းအတာတစ်ခုကိုတော့ ဇွဲရှိရှိနဲ့ ကိုယ့်ရည်မှန်းချက်မပျောက်ဘဲ အဆက်မပြတ် နေ့စဉ်ရက်ဆက် အစဉ်တစိုက် ကြားကွက်လပ်မရှိစေရ "ဝီရိယာဓိပတိ" စတဲ့အဓိပတိတရားတွေနဲ့ ပါရမီကံပြုလုပ်ရပေတယ်။

သူရေးသမျှ ဟယ်ရီပေါ်တာဝတ္ထုရှည် ခုနစ်အုပ်က ကမ္ဘာ့ဘာသာစာပေ ၈၅ မျိုးနဲ့ ထုတ်ဝေဘာသာပြန်ရတယ်။ အင်္ဂလိပ်လိုထုတ်ဝေတာတင် စောင်ရေသန်းပေါင်း ၆၀၀ ကျော်နေပြီ။ ရုပ်ရှင်ဇာတ်ကားရိုက်ကူးပြသလို့ စာမူခရတာလည်း ဝင်ငွေချမ်းသာကြွယ်ဝစေခဲ့ပြီ။ ကမ္ဘာ့စာအုပ်စာပေသမိုင်းမှာ အရောင်းရဆုံးစာရေးဆရာမ ဂျေကေရိုလင်း (J.K Rowling) ဆိုတာ သူပါပဲ။ ဒါဟာ လွယ်လွယ်တော့ရတာမဟုတ်ပါ။ ကံစီမံရာ။ သူ့အလုပ်ကြိုးစားခဲ့လို့ အောင်မြင်တာပါပဲ။

❖ "မကောင်းမှုများ ရှောင်ရှားပယ်ခွာ၊ ကောင်းမှုအပေါင်း စုဆောင်းကြပါ။ မိမိစိတ်ရင်း သန့်ရှင်းစေရာ၊ ဤသုံးပါး ဘုရားသာသနာ"လို့ သီတဂူဆရာတော်အရှင်ဉာဏိဿရ သီကုံးတာလေး မှတ်ရလွယ်ပါတယ်။ ဒါဟာ အသက်အရွယ်ခုနစ်နှစ်သား သားတော်ရှင်ရာဟုလာ ကိုရင်လေးကို ဟောကြားတဲ့ (အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်) ဆုံးမစကားထဲမှာလည်းပါတယ်။ ဩဝါဒပါတိမောက်မှာလည်းပါတယ်။ ဓမ္မပဒထဲမှာလည်း တွေ့ရပါတယ်။ ဝတ္ထုဇာတ်တော်တွေပါ ဒီနေရာမှာမတင်ပြတော့ပါ။ မြတ်စွာဘုရားဟာ လူသားတွေကို ဘေးကင်းစေချင်လို့ ဆင်းရဲကင်းပျောက်ချမ်းသာရောက်ဖို့ သုစရိုက်၊ ကုသိုလ်ကောင်းမှုပြုလိုက်ကြ။ ဒါမှသာ ကောင်းတဲ့ကံတွေပြုနေလို့ ကောင်းကျိုးတွေ ဖြာဖြာဝေဝေ သာယာစိုပြည်မယ်။ ❖

# ဟာဝိုင်ရီကျွန်းရှိ မော်နာလိုအာမီးတောင် ပေါက်ကွဲမည့်လက္ခဏာများ ပြသနေ



**ဝါရှင်တန် အောက်တိုဘာ ၃၁**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းရှိ ကမ္ဘာ့အကြီးဆုံးမီးတောင်ဖြစ်သည့် မော်နာလိုအာမီးတောင်သည် ပေါက်ကွဲမည့်လက္ခဏာများပြသနေကြောင်း ဟာဝိုင်ရီအရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီက ဒေသခံများကို သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း CGTN သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မော်နာလိုအာမီးတောင်သည် ကမ္ဘာ့မီးတောင်များအနက် သက်ဝင်လှုပ်ရှားမှုအရှိဆုံး မီးတောင်ဖြစ်သကဲ့သို့ ယခင်ကလည်း မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်များ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ဖူးသည့် မီးတောင်ဖြစ်ပြီး အဆိုပါမီးတောင်ပေါက်ကွဲမှုဖြစ်ပွားပါက ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်အတွက် အာဏာပိုင်အဖွဲ့အစည်းက ဒေသခံများကို လိုအပ်လာပါက ဘေးလွတ်ရာအမြန်ဆုံးရွှေ့ပြောင်းနိုင်ရန် သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

"အချက်ပေးစနစ်ကနေ မော်နာလိုအာမီးတောင် ပေါက်ကွဲတော့မဲ့ သတိပေးချက်တွေ လက်ခံရရှိထားပါတယ်။ ဒေသခံတွေ အထူးသတိပြုရမဲ့အခြေအနေရောက်နေပါတယ်။ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားလာရင် လူနေအိမ်ခြေတွေဆီကို ချော်ရည်နဲ့ ချော်ရည်ငွေ့တွေ အလွယ်တကူ ရောက်လာနိုင်လို့ မီးတောင်နဲ့အနီးဆုံးမှာနေထိုင်တဲ့ ဒေသခံတွေအနေနဲ့ လိုအပ်လာရင် ဘေးလွတ်ရာရွှေ့ပြောင်းဖို့အတွက် အဆင်သင့်ပြင်ဆင်ထားကြပါ"ဟု ဟာဝိုင်ရီအာဏာပိုင်အဖွဲ့အစည်းမှပြောရေးဆိုခွင့်ရှိသူတယ်မက်ဂီက ပြောကြားခဲ့သည်။

ဟာဝိုင်ရီ အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီသည် မော်နာလိုအာမီးတောင်တွင် အချက်ပြစနစ်များ တပ်ဆင်ထားပြီး အောက်တိုဘာ ၂၇ ရက်မှစတင်၍ အချက်ပေးစနစ်များကို လက်ခံရရှိခဲ့ကြောင်း၊ အောက်တိုဘာ ၂၉ ရက်က ပေးပို့လာသည့် အချက်အလက်များသည် မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားတော့မည့် လက္ခဏာများဖြစ်သည်အတွက် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက အောက်တိုဘာ ၃၀ ရက်က မီးတောင်အန္တရာယ်သတိပေးချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်းဆက်

# အိန္ဒိယနိုင်ငံတွင် လေထုညစ်ညမ်းမှုလျှော့ချရေး လျှပ်စစ်ဘတ်စကားများ ပြေးဆွဲရန်စီစဉ်နေ

**နယူးဒေလီ အောက်တိုဘာ ၃၁**

လေထုညစ်ညမ်းမှုကို လျှော့ချရေးအတွက် အိန္ဒိယနိုင်ငံအနောက်ဘင်္ဂလားပြည်နယ် အစိုးရသည် လာမည့်နှစ်နှစ်အတွင်း ကိုးလ်ကတ္တားမြို့တွင် လျှပ်စစ်ဘတ်စကားအစီးရေ ၁၂၀၀ ခန့်ဖြင့် စတင်ပြေးဆွဲရန်စီစဉ်လျက်ရှိကြောင်း East Mojo သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

အိန္ဒိယ သယ်ယူပို့ဆောင်ရေးဌာနသည် အနောက်ဘင်္ဂလားပြည်နယ်မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် CNG ဂက်စ်ဖြင့် ပြေးဆွဲသည့် ဘတ်စကားများကို စတင်မိတ်ဆက်ရန် လုပ်ဆောင်လျက်ရှိပြီး လျှပ်စစ်ဘတ်စကားသုံးစွဲမှုကို ၂၀၂၃ ခုနှစ်မှစတင်၍ ဘတ်စကား အစီးရေ ၄၀၀ ဖြင့် လုပ်ငန်းစတင်ရန်စီစဉ်ထားကြောင်း သယ်ယူပို့ဆောင်ရေး အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ယခုအခါ ကိုးလ်ကတ္တားမြို့ပြဧရိယာအတွင်း ကားအစီးရေ ၁၀ သိန်းမှ ၁၂ သိန်းခန့် မောင်းနှင်သုံးစွဲလျက်ရှိပြီး ယခုကဲ့သို့လျှပ်စစ်ဘတ်စကားအရေအတွက် အနည်းငယ်သာ ပြောင်းလဲနိုင်သေးသော်လည်း အပြုသဘောဆောင်သောခြေလှမ်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူ SubhasDutta က ပြောကြားခဲ့သည်။

အနောက်ဘင်္ဂလားပြည်နယ် သယ်ယူပို့ဆောင်ရေး ကော်ပိုရေးရှင်းက ပြေးဆွဲမည့် ဘတ်စကားအစီးရေ ၁၁၈၀ ကို လာမည့်နှစ်နှစ်အတွင်း ပြေးဆွဲသွားမည်ဖြစ်ပြီး ၎င်းအထဲမှ ဘတ်စကားအစီးရေ ၄၀၀ ကို လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း ကိုးလ်ကတ္တား သယ်ယူပို့ဆောင်ရေးဌာနမှ သိရသည်။

AZH

# ဩစတြေးလျနိုင်ငံအရှေ့ဘက်ပိုင်းတွင် လေပြင်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းနေ

**ကင်ဘာရာ အောက်တိုဘာ ၃၁**

ဩစတြေးလျနိုင်ငံ အရှေ့ဘက်ပိုင်းတွင် အောက်တိုဘာ ၃၀ ရက်က အားကောင်းသည့် လေပြင်းမုန်တိုင်းတိုက်ခတ်ခဲ့သောကြောင့် မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပွားနေကြောင်း ဩစတြေးလျမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့ကြောင်း Canberra Times သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဩစတြေးလျနိုင်ငံအရှေ့ဘက်ပိုင်းတွင် ပြီးခဲ့သောရက်သတ္တပတ်ကလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ ပျက်စီးဆုံးရှုံးမှု မြင့်မားခဲ့ကြောင်း၊ အဆိုပါ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့်ပျက်စီးဆုံးရှုံးမှုများကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေဆဲကာလတွင် လေပြင်းမုန်တိုင်း ထပ်မံဝင်ရောက်လာခဲ့သည့်အတွက် ရေကြီးရေလျှံမှု ထပ်မံ ဖြစ်ပွားလာနိုင်ကြောင်း သိရသည်။

"ရေဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားတဲ့ လမ်းမကြီးတွေကို အသုံးပြုတဲ့ ဒေသခံတချို့ကို စည်းကမ်းဖောက်ဖျက်မှုနဲ့ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ ဒေသခံတွေအနေနဲ့ ဒီလိုအခြေအနေမျိုးမှာ ညွှန်ကြားချက်တွေလိုက်နာကြဖို့လိုအပ်ပါမယ်"ဟု တတ်စ်မာနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျက်ဆင်ဂျွန်းက ပြောကြားခဲ့သည်။



လေပြင်းမုန်တိုင်းကြောင့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ပြည်နယ်များမှာ ဗစ်တိုးရီးယားပြည်နယ်၊ နယူးဆောက်ဝေးပြည်နယ်၊ ဆောက်သမ်းဩစတြေးလျပြည်နယ်၊ တတ်စ်မာနီးယားပြည်နယ်တို့ဖြစ်ကြောင်း၊ လေပြင်းမုန်တိုင်းကြောင့် ဗစ်တိုးရီးယားပြည်နယ်တွင် လူနေအိမ် ၁၄၀၀၀ ထိ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ ဗစ်တိုးရီးယားပြည်နယ် မြောက်ဘက်ပိုင်း အီချူကာမြို့ရှိ မာရေးမြစ်ရေလျှံတက်မှုကြောင့် အီချူကာမြို့တွင် ရေကြီးရေလျှံမှု စတင်ဖြစ်ပွားနေပြီဖြစ်ကြောင်း၊ လေပြင်းမုန်တိုင်းကြောင့် ဗစ်တိုးရီးယားပြည်နယ် အရှေ့မြောက်ဘက်ပိုင်းရှိ ဘိုဂွန်ကျေးလက်ဒေသမှ ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဗစ်တိုးရီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သိရသည်။

နိုင်းဆက်

# အာဖရိကရာသီဥတုပြောင်းလဲမှုကို စောင့်ကြည့်ရန် အီဂျစ်နိုင်ငံက ပထမဆုံးဂြိုဟ်တုလွှတ်တင်ရန်စီစဉ်

**ကိုင်ရို အောက်တိုဘာ ၃၁**

အီဂျစ်နိုင်ငံက အာဖရိကတွင် ရာသီဥတုပြောင်းလဲမှုကို စောင့်ကြည့်ရန်အတွက် ပထမဆုံးဂြိုဟ်တုကို လွှတ်တင်ရန် ပြင်ဆင်လျက်ရှိကြောင်း Al Monitor သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီဂျစ်နိုင်ငံ အင်ဂျင်နီယာအဖွဲ့ အာကာသကော်မတီသည် အောက်တိုဘာ ၂၂ ရက်က ညီလာခံတစ်ခုကျင်းပခဲ့ပြီး အာဖရိကနိုင်ငံများအတွက် ရာသီဥတုပြောင်းလဲမှုကို စောင့်ကြည့်ရန် ဂြိုဟ်တုကို တရုတ်နိုင်ငံက ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အီဂျစ်နိုင်ငံ Sharm el-Sheikh တွင် နိုဝင်ဘာ ၆ ရက်မှ ၁၈ ရက်ထိ ကျင်းပရန်စီစဉ်ထားသော ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာညီလာခံတွင် အဆိုပါဂြိုဟ်တု ရွှေ့ပြေးပုံစံကို ပြသသွားမည်ဖြစ်ကြောင်း အာကာသကော်မတီ အကြီးအကဲ အာမက်ဖရက်က ပြောကြားခဲ့သည်။

ဂြိုဟ်တုလွှတ်တင်မှုသည် သဲကန္တာရဖြစ်စဉ်များ၊ ကာဗွန်ထုတ်လွှတ်မှုတိုးလာခြင်း၊ ရေချိုရေငွေ့နှင့် လေတိုက်နှုန်းကဲ့သို့သော အာဖရိက ရာသီဥတုပြောင်းလဲမှုများကိုစောင့်ကြည့်ရန် ရည်ရွယ်ပြီး ကိုင်ရိုနှင့် အာဖရိကနိုင်ငံများအတွက် အလွန်အရေးကြီးကြောင်း၊ ရာသီဥတုဖောက်ပြန်မှုဆိုးကျိုးများကို ရင်ဆိုင်ရာတွင် ပံ့ပိုးကူညီမှုများ ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အီဂျစ်အစိုးရပိုင် အာကာသအေဂျင်စီအဆိုအရ အီဂျစ်သည် အာဖရိကနိုင်ငံများအတွက်ဂြိုဟ်တုနှစ်စင်း အမှန်တကယ်လွှတ်တင်ရန် အစီအစဉ်ရှိကြောင်း၊ ၎င်းအနက် တစ်စင်းမှာ ရာသီဥတုပြောင်းလဲမှုကို စောင့်ကြည့်လေ့လာရန်ရည်ရွယ်ထားပြီး လွှတ်တင်မည့်ရက် မသတ်မှတ်ရသေးကြောင်း သိရသည်။

အီဂျစ်သိပ္ပံသုတေသနနှင့်နည်းပညာအကယ်ဒမီနှင့်အတူ တရုတ်နိုင်ငံက ပညာရှင်အဖွဲ့တစ်ဖွဲ့နှင့် ညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိပြီး အခြေအနေအသေးစိတ်ကို ဆက်လက် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

AZH



# ဘာလင်မြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ ဆန္ဒထုတ်ဖော်

**ဘာလင် အောက်တိုဘာ ၃၁**

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ သဘာဝသမိုင်းပြတိုက်တွင် ဂျာမနီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက အောက်တိုဘာ ၃၀ ရက်မှစတင်၍ ဆန္ဒထုတ်ဖော်နေကြောင်း CBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဆန္ဒထုတ်ဖော်သူများသည် ဒိုင်နိုဆောရုပ်ကြွင်းအနီးတွင် ဆန္ဒထုတ်ဖော်ခဲ့ကြပြီး ဂျာမနီအစိုးရအဖွဲ့ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမို အလေးထား ဆောင်ရွက်ပေးရန်နှင့် ဂျာမနီအစိုးရအနေဖြင့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားနည်းနေသောကြောင့် အနာဂတ်မျိုးဆက်သစ်များအတွက် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးလုပ်ငန်းများကို အချိန်မီတင် ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

"အခုမြင်တွေ့နေရတဲ့ ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းတွေဟာ ရာသီဥတုဖောက်ပြန်မှုကြောင့် မျိုးသုဉ်းပျောက်ကွယ်ခဲ့ရတဲ့ သတ္တဝါရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ပါတယ်။ ကျွန်မတို့လူသားမျိုးနွယ်တွေအနေနဲ့လဲ ဒီလိုဖြစ်စဉ်မျိုးတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်"ဟု သဘာဝသမိုင်းပြတိုက်အတွင်းရှိ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း အနီးတွင် ဆန္ဒထုတ်ဖော်နေသည့် အမျိုးသမီးတစ်ဦးဖြစ်သူ ကာရစ်တွန်နယ်လ်က ပြောကြားခဲ့သည်။

ဂျာမနီအစိုးရအဖွဲ့က ၂၀၄၅ ခုနှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ရေးအတွက် စီမံချက်များဖြင့် အကောင်အထည်ဖော်နေပြီး ရုပ်ကြွင်းလောင်စာသုံးစွဲမှုကိုလျှော့ချနိုင်ရန် အလေးထားဆောင်ရွက်နေသည်ဟု ထုတ်ပြန်ထားသော်လည်း ရုပ်ကြွင်းလောင်စာကုန်သွယ်မှုနှင့် ပတ်သက်၍ လျှော့ချလာခြင်းမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက ဘာလင်မြို့၏ အထင်ကရနေရာဖြစ်သည့် သဘာဝသမိုင်းပြတိုက်တွင် ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

နိုင်းဆက်

# ရာသီဥတုဖောက်ပြန်မှုကို လျှော့ကျစေမည့်နည်းလမ်း ခုနစ်သွယ်

မေဇင်ထွန်း

ကမ္ဘာလုံးဆိုင်ရာ ရုပ်ကြွင်းလောင်စာထုတ်ကုမ္ပဏီများသည် ကာဗွန်ထုတ်လွှတ်မှုများကို လျှော့ချကာ ဖြစ်ပေါ်လာသော အကျိုးဆက်များကို နည်းပါးစေသော်လည်း ရာသီဥတုအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ကမ္ဘာပေါ်တွင် မြင်သာသောပြောင်းလဲမှုများဖြစ်လာရန် များစွာလုပ်ဆောင်နိုင်သည်။ ဥပမာဆိုရမည်ဆိုလျှင် သစ်ပင်စိုက်ခြင်းသည် လူတစ်ဦးချင်းစီ၏ ကမ္ဘာကြီးပူနွေးမှုကို လျှော့ချရာတွင် ကူညီပေးနိုင်သည့်နည်းလမ်းများစွာထဲမှ တစ်ခုဖြစ်သည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် တောမီးများ၊ ဆိုင်ကလုန်းမုန်တိုင်းများနှင့် ရေလွှမ်းမိုးမှုများကို ယခင်ကထက် အကြိမ်ရေများစွာ ကြုံတွေ့နေကြရပြီး ဖြစ်ပေါ်လာသော သဘာဝဘေးများသည် ပိုမိုပြင်းထန်လာသည်ကို လူသားများမြင်တွေ့နေကြရသည်။ ၎င်းသဘာဝဘေးများကို ကန့်သတ်ရန် လူသားတို့အနေဖြင့် တစ်ဖက်တစ်လမ်းက စွမ်းဆောင်နိုင်သောနည်းလမ်းများရှိသည်။ သဘာဝပတ်ဝန်းကျင်နှင့် လေထုကို ညစ်ညမ်းစေသော ရုပ်ကြွင်းလောင်စာအသုံးပြုသည့် ကုမ္ပဏီများ၏ လုပ်ငန်းလည်ပတ်မှုများကို ရပ်တန့်၍ မရနိုင်ခြင်း၊ သက်ဆိုင်ရာအစိုးရများက ၎င်းကုမ္ပဏီတို့ကို ကြပ်မတ်မှုအားနည်းခြင်းတို့ကြောင့် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ကြန့်ကြာမှုများဖြင့် ကြုံတွေ့နေကြရသည်။ သို့သော် လူသားတစ်ဦးချင်းစုပေါင်းပြီး ဖန်လုံအိမ်ဓာတ်ငွေ့(GHG)ထုတ်လွှတ်မှုကိုကန့်သတ်ရန် လုပ်ဆောင်နိုင်သည့်အရာများစွာရှိပါသည်။ ထိုသို့ လူသားတို့ဆောင်ရွက်နိုင်သောနည်းလမ်းများကို ဖော်ပြသွားပါမည်။

**၁။ ဓာတ်တပ်ယာဉ်များတွင် လောင်စာ၊ ဓာတ်ဆီ အသုံးပြုမှုကိုလျှော့ချခြင်း**

သယ်ယူပို့ဆောင်ရေးသည် ကမ္ဘာပေါ်ရှိ ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ငါးပုံတစ်ပုံခန့်ကို ဖြစ်ပေါ်စေသော လုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ပြင် များပြားစွာသော ဓာတ်ဆီသုံးယာဉ်များ များပြားလာသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်လာပြီး အဆိုးရွားဆုံး လေထုညစ်ညမ်းမှုကိုလည်း ဖြစ်စေသည့်အတွက် လေယာဉ်၊ ဘတ်စကားများအသုံးပြုခြင်းကို လျှော့ချခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို တစ်ဖက်တစ်လမ်းက ကာကွယ်ရာရောက်သည်။ ထို့ပြင် ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်သည့်လွယ်ကူသောနည်းလမ်းတစ်ခုမှာ ရထားများ၊ စက်ဘီးများ၊ လျှပ်စစ်ယာဉ်များကို ဓာတ်ဆီကားများ နေရာတွင် အစားထိုးအသုံးပြုခြင်းဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ကာဗွန်ဒိုင်အောက်ဆိုက်ထွက်ရှိမှုကို လျှော့ချနိုင်သည်။

မြို့ကြီးများတွင် လျှပ်စစ်စကူတာများ၊ လျှပ်စစ်ဘတ်စကားများကိုထုတ်လုပ်လာကြပြီး ထိုသို့ လျှပ်စစ်စွမ်းအင်သုံး သယ်ယူပို့ဆောင်ရေးယာဉ်များကို ရွေးချယ်အသုံးပြုမှုများသည် ဓာတ်ငွေ့ထုတ်လွှတ်မှုကို နည်းပါးစေသော လမ်းကြောင်းတစ်ရပ်ဖြစ်လာသည်။ ဓာတ်ဆီကားတစ်စီးသည် လျှပ်စစ်စကူတာတစ်စီးထက် ကာဗွန် ၁၀ ဆကျော် ထုတ်လွှတ်ကြောင်း လေ့လာတွေ့ရှိရသည်။ ထုတ်လွှတ်မှုများကို တွက်ချက်ရာတွင် ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် လေယာဉ်ကိုစီးကာ ခရီးသွားလေ့ရှိကြောင်း လေ့လာတွေ့ရှိရပြီး လေယာဉ်များစီးကာ ခရီးသွားခြင်းထက် ရထားများစီးကာ ခရီးသွားခြင်းက သဘာဝပတ်ဝန်းကျင်အတွက် ပိုမိုကောင်းမွန်သောရလဒ်ကိုဖြစ်စေနိုင်သည်။ ဥရောပမြို့ကြီးများကြားရှိ ပုံမှန်ရထားလမ်းခရီးသည် လေယာဉ်ဖြင့် ခရီးသွားခြင်းထက် ကာဗွန်ထုတ်လုပ်မှုကို ၉၀ ရာခိုင်နှုန်းထိ လျှော့နည်းစေနိုင်ပါသည်။

**၂။ အသားငါးများထက် အသီးအရွက်များကို များများစားခြင်း**

အသားနှင့် နို့ထွက်ပစ္စည်းရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းမှ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးရခြင်း၊ မြေဆီလွှာညစ်ညမ်းခြင်းနှင့် လေထုညစ်ညမ်းခြင်းများဖြစ်စေသည်ကို မတွေ့ရှိရသေးသော်လည်း ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့(GHG) ထုတ်လွှတ်မှု၏ ၁၅ ရာခိုင်နှုန်းခန့်ကို ဖြစ်စေသည်။ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရန်အတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်းအဖွဲ့(IPCC) က ၂၀၃၀ ပြည့်နှစ်တွင် ဓာတ်ငွေ့ထုတ်လွှတ်မှုကို ထက်ဝက်လျှော့ချရန် လိုအပ်ကြောင်း သတိပေးခဲ့သည်။ ထို့ကြောင့် အသားနှင့် နို့ထွက်ပစ္စည်းများမှ ရရှိသော ပရိုတင်းအစားအစာများအစား အပင်မှ



ပရိုတင်းဓာတ်များသော အစားအစာများသို့ ပြောင်းလဲစားသုံးခြင်းသည် အကြီးမားဆုံးသော ကောင်းကျိုးသက်ရောက်မှုကို ဖြစ်စေနိုင်ကြောင်း IPCC က အလေးပေးပြောကြားခဲ့သည်။

ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရန် အသီးအရွက်များ စားခြင်းသည် ရာသီဥတုသက်ရောက်မှုကို လျော့ပါးသက်သာစေရန် ဆောင်ရွက်လိုသူများအတွက် ကျင့်သုံးရမည့်နည်းလမ်းဖြစ်သည်။ ရာသီဥတု သက်ရောက်မှုကို လျော့ပါးသက်သာစေရန် အပင်အခြေခံအသားအစားထိုးအစားအစာများ ပေါ်များလာခြင်းက အသားငါးများလျှော့စားရာတွင် ပိုမိုလွယ်ကူစေသည်။ သို့သော် ယခုအချိန်ထိ အပင်များသည် လူသားတို့လိုအပ်သောပရိုတင်းဓာတ်၏ နှစ်ရာခိုင်နှုန်းကိုသာ ပံ့ပိုးပေးနိုင်သေးသော်လည်း ၂၀၃၅ ခုနှစ်တွင် ၁၁ ရာခိုင်နှုန်းထိ တိုးလာအောင်ဆောင်ရွက်မည်ဖြစ်ပြီး လူသားတို့၏ အသားနှင့် နို့ထွက်ပစ္စည်း လိုအပ်ချက်ပိုများလာပါက အပင်မှအသားအစားထိုးအစားအစာလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်မည်ဟု Boston Consulting Group မှ သိရသည်။ ထို့ကြောင့် ရာသီဥတုဘေးဒဏ်များသက်သာစေရန် အသားငါးများအစား အသီးအရွက်များကို ပိုမိုစားသုံးခြင်းသည် အကောင်းဆုံးဖြစ်သည်။

**၃။ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးရန် အစိုးရများကို တိုက်တွန်းမှုများဆောင်ရွက်ခြင်း**

Fridays for Future ဆန္ဒပြပွဲများတွင် ကျောင်းသား၊ ကျောင်းသူများသည် ရာသီဥတုဆိုင်ရာ သဘာဝဘေးများအတွက် စုပေါင်းရပ်တည်ရန် ဖြစ်နိုင်ကြောင်း ဆန္ဒပြခဲ့ကြသည်။ နိုင်ငံရေးသမားများသည် ရာသီဥတုဆိုင်ရာဘေးများနှင့်ပတ်သက်ပြီး လုံလောက်အောင် မလုပ်နိုင်သေးသည့်အတွက် ရာသီဥတုဆိုင်ရာ စိုးရိမ်မှုများမြင့်တက်လျက်ရှိသည်။ ထို့ကြောင့် မကြာသေးမီက ဩစတြေးလျနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ ရွေးကောက်ပွဲများ၌ မဲပေးရန် မဲဆွယ်ရာတွင် ရာသီဥတုရည်မှန်းချက်ကို သိသိသာသာမြှင့်တင်ပေးမည်ဟု ကတိပြုမှုများ ပြုလုပ်လာသည်ကို တွေ့ရသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် ဧပြီလတွင် ပြုလုပ်ခဲ့သော Fridays for Future ဆန္ဒပြပွဲမှလူငယ်များသည် ရာသီဥတုဆိုင်ရာအရေးယူဆောင်ရွက်မှုမရှိခြင်းသည် ၎င်းတို့၏ အခြေခံလွတ်လပ်ခွင့်များကို ခြိမ်းခြောက်ပြီး အခြေခံဥပဒေနှင့်မညီကြောင်း ဂျာမန်အထက်တရားရုံးတစ်ခုတွင် ငြင်းခုံခဲ့ကြသည်။ ထိုသို့ ပြုလုပ်ခြင်း၏ ရလဒ်အနေဖြင့် တရားရုံးသည် အစိုးရအား ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးပစ်မှတ်များကို အားကောင်းစေရန် တွန်းအားပေးခဲ့သည့်အတွက် အစိုးရသည် လအနည်းငယ်အကြာတွင် လုပ်ဆောင်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

**၄။ ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုလျှော့ချပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အစားထိုး အသုံးပြုခြင်း**

စွမ်းအင်အတွက် ရုပ်ကြွင်းလောင်စာများမှ ထုတ်ယူခြင်းသည် ကမ္ဘာလုံးဆိုင်ရာဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ အကြီးဆုံးအရင်းအမြစ်ဖြစ်သည်။ လေ သို့မဟုတ် နေရောင်ခြည်ကဲ့သို့သန့်ရှင်းပြီး ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော အရင်းအမြစ်များမှ စွမ်းအင်ထုတ်လုပ်ခြင်းသည် ရာသီဥတုကို ပျက်စီးစေသော ကာဗွန်၏အဓိကအရင်းအမြစ်ကို ဖြတ်တောက်ရန် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။

ထို့ကြောင့် ယခုနောက်ပိုင်းတွင် အိမ် သို့မဟုတ် တိုက်ခန်း၌ နေထိုင်သူများသည် အိမ်ခေါင်မိုးပေါ်တွင် သန့်ရှင်းသောနေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်စွမ်းအင်ကို ထုတ်ယူရန်အတွက် ဆိုလာပြားများ တပ်ဆင်ကာ ရုပ်ကြွင်းလောင်စာများနေရာတွင် အစားထိုးရန် ကြိုးစားလာကြသည်။

**၅။ မီးများကိုမလိုအပ်လျှင် ပိတ်ထားခြင်းဖြင့် အပူကို လျှော့ချခြင်း**

လျှပ်စစ်မီးများကို မလိုအပ်ဘဲဖွင့်ထားခြင်း၊ အသုံးပြုခြင်းကိုလျှော့ချလိုက်ရုံဖြင့် စွမ်းအင်ကို များစွာ ချွေတာနိုင်သည်။ ထို့ကြောင့် စွမ်းအင်အတွက် ရေနံနှင့်ဓာတ်ငွေ့ကို မှီခိုအားထားနေကြရသော နိုင်ငံများသည် နိုင်ငံရေးပဋိပက္ခများကြောင့် စွမ်းအင်အကျပ်အတည်းနှင့်ရင်ဆိုင်နေရချိန်တွင် မလိုအပ်ဘဲ လျှပ်စစ်မီးအသုံးပြုခြင်းကို ကန့်သတ်ခဲ့ကြသည်။ ဥပမာဆိုရသော် ဂျာမနီအစိုးရသည် ယခုဆောင်းရာသီတွင် အများသူငါ အဆောက်အအုံများ၌ အပူဓာတ်ရရှိအောင် ဆောင်ရွက်ပေးထားသောအပူချိန်ကို ၁၉ ဒီဂရီစင်တီဂရိတ်ထိ ကန့်သတ်ထားခဲ့သည်ကို တွေ့ရသည်။

ထို့ပြင် အသုံးပြုပြီးသောကွန်ပျူတာကို ပိတ်ထားခြင်း၊ အီလက်ထရွန်နစ်ပစ္စည်းများကို မလိုအပ်ဘဲ အသုံးပြုခြင်းများကို လျှော့ချခြင်းသည် မီးအားစားခြင်းကို သက်သာစေသည့်အပြင် ရာသီဥတုပြောင်းလဲမှုကိုတားဆီးသည့် နောက်ထပ်လုပ်ဆောင်ချက်တစ်ခုလည်းဖြစ်သည်။ ထို့ပြင် ဂက်စ်မီးဖိုများအစား စွမ်းအင်သက်သာသော စက်ပစ္စည်းများကိုလည်း အသုံးပြုနိုင်သည်။

**၆။ အစားအစာများဖြုန်းတီးခြင်းကို လျှော့ချခြင်း**

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စိုက်ပျိုးထားသော အစားအစာများ၏ သုံးပုံတစ်ပုံခန့်ကို စွန့်ပစ်ဖြုန်းတီးနေကြသည်။ ထိုသို့ အစားအစာဆုံးရှုံးမှုနှင့် စွန့်ပစ်ပစ္စည်းများသည် ကြီးမားသောကာဗွန်ထုတ်လွှတ်မှုကိုဖြစ်စေသည်။ အစားအစာထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းစဉ်များမှ ထွက်ရှိလာသောအစားအစာများကိုဖြုန်းတီးကာ အမှိုက်ပုံများတွင် အဆုံးသတ်သွားသည့် အစားအစာများသည် ဖန်လုံအိမ်ဓာတ်ငွေ့ဖြစ်သော မီသိန်းဓာတ်ငွေ့ကို ထုတ်လွှတ်ပေးသည်။

အမေရိကန်တွင် နှစ်စဉ်ဖြုန်းတီးလိုက်သည့် အစားအစာနှင့် စွန့်ပစ်ပစ္စည်းများသည် ကာဗွန်ဒိုင်အောက်ဆိုက်မက်ထရစ်တန်ချိန် သန်း ၁၇၀ နှင့်ညီမျှသော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ဖြစ်စေသည်။ ထိုသည်မှာ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ ၄၂ ရုံ၏ နှစ်စဉ်ထုတ်လွှတ်သောကာဗွန်ပမာဏနှင့်ညီမျှသည်။ ထို့ကြောင့် အစားအစာများကို ဖြုန်းပစ်မည့်အစား ရေခဲသေတ္တာထဲတွင် ပိုနေသော အစားအစာများကို သိမ်းဆည်းထားခြင်း၊ ဥယျာဉ်မြေဩဇာအတွက် သေချာစနစ်တကျစွန့်ပစ်ခြင်းများ ပြုလုပ်နိုင်သည့်အပြင် စားမကုန်သောအစားအစာအတွက် အိတ်ဖြင့်ထုပ်ပြီး သတ္တဝါများကိုကျွေးမွေးခြင်းများ ပြုလုပ်နိုင်သည်။

**၇။ သစ်ပင်စိုက်ပျိုးခြင်း**

သစ်ပင်များသည် ကမ္ဘာမြေပေါ်တွင် မရှိမဖြစ်လိုအပ်သော ကာဗွန်စုပ်ခွက်များဖြစ်သည်။ သို့သော်လည်း သစ်တောပြုန်းတီးမှုများမှာ စိုးရိမ်ဖွယ်ရာနှုန်းဖြင့် မြင့်တက်လျက်ရှိသည်။ ဥပမာ-အမေဇုန်သစ်တောတွင် သစ်ပင်များခုတ်ထွင်မှုသည် ၂၀၂၀ ပြည့်နှစ်ကထက် ၂၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ သစ်ပင်များစိုက်ပျိုးခြင်းသည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို လျှော့ချရန် လူသားတစ်ဦးချင်းစီ လုပ်ဆောင်နိုင်သည့် အကောင်းဆုံးသောနည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းသည် လေထုကိုသန့်ရှင်းစေပြီး ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားလာစေသည့်အပြင် ကျန်းမာသော မြေဆီလွှာများကို ထိန်းသိမ်းရာတွင်လည်း သစ်ပင်များသည် အလွန်အရေးပါလှသည်။ အထူးသဖြင့် လမ်းပေါ်ရှိသစ်ပင်များသည် အပူဒဏ်ကို ကာကွယ်ပေးကာ လူသားတို့ကို ပိုမိုအေးမြစေသည့်အတွက် လေအေးပေးစက်လိုအပ်မှုကို လျှော့ချပေးနိုင်ပြီး စွမ်းအင်အသုံးပြုမှုကို သက်သာစေကြောင်း Become Carbon Negative အရ သိရသည်။ ထို့ပြင် ဆောင်းရာသီတွင်လည်း သစ်ပင်များသည် နေအိမ်များကို နေဒဏ်လေဒဏ်မှကာကွယ်ပေးပြီး အမိုးအကာ ပြုလုပ်နိုင်သည့်အပြင် အပူကြောင့် သုံးစွဲရမည့်စရိတ်များမှ ၂၅ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်။

ရာသီဥတုဖောက်ပြန်မှုကို လျှော့ကျစေမည့် နည်းလမ်း ခုနစ်သွယ်ကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်သည် ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု အရေအတွက်များလည်း လျော့ကျလာမည်ဖြစ်သည်။ ထိုအခါလူသားတို့ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနစ်နာရမှုများ လျော့နည်းလာမည်ဖြစ်သည့်အတွက် အထက်ပါနည်းလမ်း ခုနစ်သွယ်ကို အတတ်နိုင်ဆုံး လိုက်နာဆောင်ရွက်သင့်ကြောင်း လေ့လာသုံးသပ်ရေးသားလိုက်ရပါသည်။

**7 ways we can help slow climate change ကို ဘာသာပြန်ဆိုပါသည်။**

# ရင်ဝယ်ရည်စူး ကြည်နူးမျှဝေ

ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)




(၁)

"အမယ်လေး"

အိမ်ထဲဝင်လိုက်သည်နှင့် မြင်လိုက်ရသောမြင်ကွင်းကြောင့် ဒေါ်သိန်းမေ အလန့်တကြားအော်လိုက်မိသည်။ သံသေတ္တာအဟောင်းလေးက သော့ခလောက်ပွင့်နေပြီး ဇီးကွက်ရုပ်စုဘူးလေးက အောက်ပိုင်းပွင့်လျက်မို့ ရင်ဝကို ဆူးကြီးကြီးနှင့်ထိုးလိုက် သလိုခံစားလိုက်ရသည်။ အဝတ်လျှော်ပြီး နေ့စဉ် စားသောက်၍ ပိုသမျှပိုက်ဆံလေးများ ချွေတာပြီး စုထားသမျှ အကုန်ပြောင်ပါရောလား။ လုပ်ရက်လိုက်တာ။

"အောင်ဒင် အောင်ဒင်ရယ် နင်မို့ လုပ်ရက်တယ်ဟယ်"

တစ်နှစ်လုံး ချွေးနဲ့စာလေးစုထားတာ အခုတော့ ခဏလေးနှင့် မျက်စိရှေ့ကပျောက်သွားသည်မှာ ရင်ထဲမချိအောင်ခံစားရသည်။ သားဖြစ်သူအရက်သမား၊ လောင်းကစားသမား အောင်ဒင်ကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်သည်မို့ ယူကျုံးမရငိုကြွေးမိသည်။

"လုပ်ရက်လိုက်တာ အောင်ဒင်ရယ်။ လူပျိုတုန်းကလဲ လူပျိုဘဝမို့ ငါ့ကို အမျိုးမျိုးဒုက္ခပေးတယ်။ အခုလဲ အိမ်ထောင်သည်ဘဝရောက်လို့ မိန်းမရတော့လဲ မိန်းမနဲ့ကွဲ ကလေးတစ်ယောက်နဲ့ ဒုက္ခပေါင်းစုံ ပေးတာမဝလို့ အခုတော့ အီး ဟီး ဟီး"

"အဘွား"

အောင်နိုင်တစ်ယောက် ရှိုက်ကြီးတငင်ငိုကြွေးနေသော အဘွားနားပြေးသွားမိသည်။ အောက်ပိုင်းပေါက်နေသော ဇီးကွက်ရုပ်စုဘူးကြီးကိုကြည့်၍ အခြေအနေကို သဘောပေါက်လိုက်သည်။

"ငါ့မြေးရေ မင်းအဖေလူမိုက်ကြီး အဘွားတို့ ချွေတာပြီးစုထားတာလေးတွေ အကုန်ယူသွားပြီ"

အဘွားက သူ့ကိုဖက်ငို၍ အောင်နိုင်လည်း အဘွားကို ဖက်၍ငိုမိသည်။ တစ်ကြိမ်တစ်ခါမဟုတ်။ အကြိမ်ပေါင်းများစွာ သည်လိုလုပ်နေသူမို့ အောင်နိုင့်အတွက် မထူးပေ။ အမေနှင့် အတူရှိစဉ်ကလည်း ဘာအလုပ်မှမလုပ် မူးရူးနေသည်။ လောင်းကစားပါ ဝါသနာပါသူမို့ အဖေ့ဒဏ်မခံနိုင်၍ သူတို့သားအဖကိုထားခဲ့ကာ နယ်စပ်သို့ထွက်သွားခဲ့သော အမေ မမှားပေ။ အဖေ၏ ဒဏ်ကို ဘယ်သူမျှခံနိုင်မည်မဟုတ်။ မလုပ်ကျွေးသည့် အပြင် မူးလာလျှင် ကိုယ်ထိလက်ရောက်ရိုက်နှက်တတ်၍ ကြာရှည်မခံနိုင်သောအမေသည် အဖေနှင့်ဝေးရာသို့ ပြေးသွားသည်မှာ သတင်းအစအနပင်မရတော့ပေ။ ယခုတော့ အဖေ့ဒဏ်ကို အဘွားနှင့် သူက ခံနေရပြီ။ ခုနစ်တန်းကျောင်းသားသူ့အတွက် ကျောင်းတက်ချိန်မှလွဲ၍ ရရာအလုပ်လေးလုပ်ပေးရင်း အဖေ့အရက်ဖိုးရှာပေးရသည်။ နံနက်ပိုင်း ရပ်ကွက်ဈေးထဲတွင် ဈေးသည်များ၏ ကုန်ပစ္စည်းများကူချပေးရင်း မုန့်ဖိုးများရသည်။ နွေရာသီကျောင်းပိတ်ရက်များတွင် ရေခဲချောင်း၊ ဖရဲသီးစိတ်၊ ကြံပန်းခိုင် လည်ရောင်းရင်း ဝင်ငွေရှာနေပြီဖြစ်သည်။ အဘွားလည်း အသက်ကြီးပြီဖြစ်၍ အရင်လို အလုပ်မလုပ်နိုင်သည်ကို အောင်နိုင်သိသည်။ ဤသည်ကို အဖေကနားမလည်ပေ။ သူလိုချင်သည်ကိုမရလျှင်၊ အရက်ဖိုးမပေးလျှင် အမျိုးမျိုးဂျီကျသောင်းကျန်း၍ အဘွားနှင့်သူက အဖေ့အရက်ဖိုးကို မပျက်အောင် ရှာပေးရသည်။ ယခုတော့ သူနှင့် အဘွားကြိုးစားကာ ချွေတာစားပြီး စုထားသောစုဘူးလေး အဖေက ခွဲပြီး ယူသွားပြီမို့ အဘွားနည်းတူရင်ထဲ မချိအောင် ခံစားလိုက်ရသည်။

"အဘွားရယ် တိတ်တော့နော်။ သားတို့ပြန်စုကြမယ်နော်။ သား ညပိုင်း ဟင်းထုပ်လိုက်ရောင်းဖို့ လမ်းထိပ်က အရီးမြကို ပြောထားတယ်။ မငိုတော့နဲ့နော် အဘွား"

"ငါ့မြေးရယ် သနားစရာကောင်းလိုက်တာ။ အဘွား မငိုတော့ဘူးနော် သိလား။ မင်းအဖေ ဒီလိုလုပ်နေတာပဲလေ။ အခုဟာက အခုဟာက အဟင့်"

ပြောရင်းရှိုက်ငိုလိုက်သည်မို့ အောင်နိုင် ပို၍ စိတ်မကောင်းဖြစ်မိသည်။

"တစ်လကျော်လိုပါသေးတယ် အဘွားရယ်။ သားရယ်၊ အဘွားရယ် ကြိုးစားရှာကြမယ်နော်"

"အင်းပါ ငါ့မြေးရယ်"

မြေးအဘွားနှစ်ယောက် မျက်ရည်သုတ်လိုက်ပြီး လုပ်စရာရှိသည်ကိုလုပ်ရန် အိမ်အပြင်ထွက်ခဲ့ကြသည်။

(၂)

စုဘူးထဲက ပိုက်ဆံများယူဖြုန်းပြီးနောက် အောင်ဒင်တစ်ယောက် ကျိုင်းတုံဘက်သို့ အလုပ်သွားလုပ်မယ်ဆိုပြီး ပျောက်သွားသည်မှာ တစ်လကျော်ပြီဖြစ်သည်။ စာမလာ သတင်းမကြား ဘာမှမသိရ၍ ဒေါ်သိန်းမေတစ်ယောက် သူ့အပေါင်းအသင်းများနား လိုက်စုံစမ်းတော့လည်း ဘယ်သူမှမသိကြ၍ သားအတွက် စိတ်ပူပြီး နေနေရသည်။ နောက်ထပ် စုဘူးလေးဝယ်ပြီး မြေးအဘွားနှစ်ယောက် စုလိုက်ကြသည်မှာ တစ်လကျော်အတွင်း တော်တော်ရနေပြီဖြစ်သည်။ သား အောင်ဒင် အရက်ဖိုးမပေးရတော့ ပို၍စုမိကြသည်။

မြေးလေးအောင်နိုင်လည်း နံနက်ပိုင်း ရပ်ကွက်ဈေးလေးကရသောမုန့်ဖိုးရော၊ ညပိုင်း ဟင်းထုပ်ရောင်းလို့ရသည့်ငွေလေးပါ တိုးလာ၍ စုဘူးလေးက အမြန်ပြည့်သည်ဟုထင်မိသည်။ သူလည်း အဝတ်လျှော်ပြီးပြန်လာတိုင်း အိမ်အတွက် လိုအပ်တာလေးဝယ်ပြီးလျှင် ပိုသမျှပိုက်ဆံလေးကို စုဘူးထဲထည့်သည်။ စိတ်ကဆောင်၍လားမသိ ယခုတစ်လော ကျန်းမာရေးကောင်းနေသည်။ အရင်လို မမောတော့သည်ကို အံ့သြနေမိသည်။

(၃)

"အဘွားရေ ကထိန်သင်္ကန်းအတွက် ဘုန်းကြီးကျောင်းမှာ သားစာရင်းပေးခဲ့ပြီနော်။ နောက်နေ့မှ ငွေပေးလဲရတယ်တဲ့။ ငွေပဒေသာပင်လေးလဲလှူမယ်လို့ ဘုန်းဘုန်းကို လျှောက်ခဲ့တယ် အဘွားရေ"

"ဟုတ်လား ငါ့မြေးရယ် ဝမ်းသာလိုက်တာ။ ဒီတစ်ခါတော့ အထမြောက်ပါပြီကွယ်"

ဝမ်းသာ၍ ကျလာသည့်ပီတိမျက်ရည်များကို ပခုံးပေါ်က တဘက်ကလေးနှင့် သုတ်နေမိသည်။ လေး၊ ငါးရက်ပဲလိုတာမို့ မြေးအဘွားနှစ်ယောက် ကြိုးစားပြီး ပိုစုကြသည်။ တစ်ရာတန်၊ နှစ်ရာတန်၊ ငါးရာတန်၊ တစ်ထောင်တန်လေးများက ကော်စုဘူးလေးထဲ နေရာတော်တော်ယူနေပြီဖြစ်သည်။

"ဒီတစ်ခါတော့ အဘွားတို့ဆန္ဒလေးပြည့်ပြီ ငါ့မြေးရယ်။ အဘွား သေပျော်ပါပြီကွယ်"

"အဘွားရယ် နောက်နှစ်တွေလဲ လှူနိုင်အောင် ကြိုးစားကြမယ်နော်"

"ဟုတ်တယ် ငါ့မြေးရယ်။ အဘွားလုပ်နိုင်သရွေ့ တတ်အားသမျှ လှူနိုင်အောင် ကြိုးစားမှာပဲ။ အဘွားမြေးလေးက အရွယ်နဲ့မလိုက်အောင်သိတတ်လို့ အဘွားနေရတာ စိတ်ချမ်းသာလိုက်တာကွယ်"

ဒေါ်သိန်းမေတစ်ယောက် မြေးလေးအောင်နိုင်ကို ရင်ခွင်ထဲဖက်ထားကာ ပီတိမျက်ရည်များကျရတော့သည်။ မိဘများပစ်ထားခဲ့သော်လည်း အလိုက်သိလိမ္မာလွန်းသည့် မြေးလေးကို သနားကရုဏာပိုမိသည်။ အရွယ်လေးနှင့်မလိုက် လောကဓံကို ရင်ဆိုင်နိုင်ပြီမို့ သူသေသွားလျှင်တောင် မြေးလေးအတွက် စိတ်ချရပြီဖြစ်သည်။ နောက်ဆယ်နှစ်လောက် နေချင်သေးသည်။ ဒါမှ မြေးလေးအောင်နိုင် အရွယ်ရောက် သူ့ဘဝသူ ရပ်တည်ရန်အဆင်ပြေမည်။

(၄)

"အမေ အမေ"

အိမ်ရှေ့က အော်သံကြောင့် ဒေါ်သိန်းမေ လန့်နိုးလာသည်။

"ညသန်းခေါင်ကြီး ဘယ်သူများပါလိမ့်"

"အမေ အမေ တံခါးဖွင့်ပါအုံး။ သားအောင်ဒင်ပါ"

ကြားလိုက်ရသည့်အသံကြောင့် ဒေါ်သိန်းမေ ဝမ်းသာအားရ တံခါးပေါက်နားသွားကာ ဖွင့်ပေးလိုက်သည်။ အမှောင်ထဲမှာမို့ သားအောင်ဒင်၏ မျက်နှာကို မသဲကွဲပေ။ ဖယောင်းတိုင်မီးလေးကို အမြန်ထွန်းလိုက်ရင်း လအတော်ကြာပျောက်သွားသည့် သားကိုဖက်ပြီး ဝမ်းသာအားရငိုမိသည်။

"အောင်ဒင် ငါ့သား ဘယ်တွေသွားနေတာလဲကွယ်။ အမေ မင်းအတွက် စိတ်ပူလိုက်ရတာ"

"အမေ ကျုပ်ပိုက်ဆံလိုနေလို့ ပေးစမ်းပါဗျာ"

သားဖြစ်သူစကားကြောင့် ဒေါ်သိန်းမေ ထိတ်လန့်သွားမိသည်။

"ဘာ အောင်ဒင် ငွေလိုတယ်ဟုတ်လား။ ငါ့မှာ ဘယ်လိုလုပ်ရှိမှာလဲ"

"ကျုပ် အရေးတကြီးလိုနေလို့ပါဗျာ။ အကြွေးဆပ်ရမှာမို့"

"ဟဲ့ အောင်ဒင် ငါ့မှာ မရှိဘူးလို့ပြောနေတယ်လေ။ စုထားတဲ့ပိုက်ဆံလေး နင်ဖြုန်းလိုက်တာလေ။ ငါတို့ မြေးအဘွားနှစ်ယောက် စားဖို့တောင် အနိုင်နိုင်ဟဲ့ လူမိုက်ကြီးရဲ့"

"ဟာ အပိုတွေပြောမနေနဲ့ဗျာ။ ကောင်းကောင်းတောင်းတာမပေးရင် ရှာယူမှာပဲ"

လူမိုက်ကြီးက အိမ်အနှံ့လိုက်ရှာတော့သည်။ ဒေါ်သိန်းမေတစ်ယောက် နောက်ကလိုက်ရင်း စုထားသည့်ပိုက်ဆံလေးပါသွားရင်မဖြစ်၍ သံသေတ္တာအဟောင်းလေးရှေ့တွင် ရပ်လိုက်သည်။

"ဖယ်နော်အမေ ကျုပ်ငွေလိုနေတယ်"

"မဖယ်ဘူး။ ဘာမှမရှိဘူး အောင်ဒင်။ နင် နင် ထွက်သွား လူမိုက်"

"ဟာဗျာ တော်တော်ရှုပ်တဲ့အဘွားကြီး"

အရှေ့မှာပိတ်ရပ်နေသောဒေါ်သိန်းမေကို လူစိတ်ပျောက်နေသော အောင်ဒင်တစ်ယောက် ဘေးသို့တွန်းလိုက်တော့သည်။

"အမယ်လေး"သံသေတ္တာအဟောင်းလေးကိုဖွင့်၍ သူတို့မြေးအဘွားနှစ်ယောက်စုထားသော ကော်စုဘူးလေးကိုယူ၍ အောင်ဒင်တစ်ယောက် သဘောကျစွာ ရယ်မောနေသည်။

"ဟား ဟား ငွေလိုနေတာပါဆို အသာတကြည် တောင်းတာ မပေးချင်ဘူး။ သွားပြီဗျာ"

"အောင်ဒင် မယူနဲ့၊ ယူမသွားပါနဲ့ ငါ့သားရယ်။ လူမိုက်ကြီး အမေ့ကို သနားပါကွယ်။ အမေ့ဆန္ဒလေးကို မဖျက်ဆီးပါနဲ့ငါ့သားရယ်။ ပြန်ပေးပါအောင်ဒင်"

"အဘွား အဘွား ဘာဖြစ်တာလဲ ဘယ်မှာလဲအဖေ။ အဖေ ပြန်လာတာလားဟင်"

မြေးဖြစ်သူအောင်နိုင်လှုပ်နိုးမှ ဒေါ်သိန်းမေတစ်ယောက် အိပ်မက်ဆိုးကြီးထဲက လန့်နိုးလာတော့သည်။ တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနေတော့သည်။ အိပ်ရာထဲက အမြန်ထကာ သံသေတ္တာလေးကိုဖွင့်လိုက်သည်။ အထဲတွင် စုဘူးလေးတွေ့မှသာ သက်ပြင်းချနိုင်တော့သည်။

"ဟူး အောင်ဒင်ရယ် နင် ငါ့ကို အိပ်မက်ထဲထိ တောင် ဒုက္ခပေးပါလား လူမိုက်ကြီးရယ်"

ကော်စုဘူးလေးကို ရင်ခွင်ထဲ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားသည့်အဘွားကိုကြည့်ရင်း အောင်နိုင်တစ်ယောက် နားမလည်နိုင်စွာ ခေါင်းကုတ်နေမိသည်။

(၅)

သည်နေ့ ကထိန်လှူညတော့မှာမို့ အောင်နိုင်တစ်ယောက် ငွေပဒေသာပင်အသေးလေးကို ဘုန်းကြီးကျောင်းက တောင်းလာသည်။ သည်နေ့ကျောင်းပိတ်

စာမျက်နှာ ၂၇သို့ ➤

# လပွတ္တာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၇၈၀ စိုက်ပျိုးမည်



**လပွတ္တာ အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၇၈၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ လပွတ္တာမြို့နယ်တွင် ငရုတ်ဧက ၇၈၀ ကို နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါငရုတ်များကို ဒေသများရှိ စိုက်ပျိုးရေးသီးနှံဆိုင်များတွင် ငရုတ်မျိုးစေ့ဝယ်ယူပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့်တောင်သူများပူးပေါင်း၍ စနစ်တကျ ပျိုးထောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ်ဧက ၇၈၀ လျာထားစိုက်ပျိုးသွားမှာဖြစ်တယ်။ ငရုတ်သီးဈေးသာ လက်ရှိဈေးအောက် မကျဘူးဆိုရင် စိုက်တဲ့သူအားလုံး အဆင်ပြေမှာပါ။ ဆောင်းငရုတ်ကို စိုက်ကွက်ဖော်ပြီးတာနဲ့ ဆက်လက် စိုက်သွားမှာဖြစ်ပါတယ်။ ငရုတ်တွေစိုက်တဲ့ နည်းစနစ်မှန်ကန်စေဖို့နဲ့ အလေအလွင့်အပျက်အစီးမရှိစေဖို့ စနစ်တကျ စိုက်ပျိုးသွားမှာဖြစ်ပါတယ်”ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ကို ကျေးရွာ ၁၉ ရွာမှ ဒေသခံတောင်သူ ၂၀၃ ဦးက အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် ဆောင်းငရုတ်များ အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ်မကျရောက်စေရန် စနစ်တကျစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာပေါင်းမြို့နယ် တောင်ကလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**သာပေါင်း အောက်တိုဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် တောင်ကလေးကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ် နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ က တောင်ကလေးကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။



သာပေါင်းမြို့နယ် တောင်ကလေးကျေးရွာတွင် အရှည်ပေ ၈၅၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းအသုံးပြုကာ ကျေးရွာပြည်သူလူထုကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ၉၈ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်ထံမှ သိရသည်။ **ချစ်ဦးကို**

➤ စာမျက်နှာ ၂၆မှအဆက်

ရက်ဖြစ်၍ ရပ်ကွက်ကထိန်လေးတွင် ပါဝင်ရမှာမို့ အထူးပျော်ရွှင်နေမိသည်။

မြေးအဘွားနှစ်ယောက် ကော်စုဘူးကြီးကို ဝမ်းသာအားရဖောက်ပြီး ငွေစက္ကူလေးများကို ဝမ်းသာအားရရေနေကြသည်။ စုစုပေါင်း ငွေကျပ်သုံးသောင်း နှစ်ထောင်ရ၍ မြေးအဘွားနှစ်ယောက် ဝမ်းသာအားရဖက်ပြီး ငိုလိုက်ရသည်။ သင်္ကန်းဖိုးနှင့်ကျောင်းအတွက်အလှူငွေ စုစုပေါင်း ၁၅၀၀၀ ကို ဖယ်လိုက်ပြီး ကျန်ငွေလေးနှင့် ငွေပဒေသာပင်အသေးလေးတွင် မြေးအဘွားနှစ်ယောက် အပ်ချည်ကြိုးဖြင့် ချိတ်ဆွဲကြသည်။ ပျော်ရွှင်ကြည်နူးနေကြ၍ လှူတန်းရန်အတွက် ပီတိကပို၍ ချိုမြိန်နေပြီဖြစ်သည်။ နံနက်ကတည်းက အပျော်ကြောင့် မြေးအဘွားနှစ်ယောက် ဘာမျှစားမဝင်ခဲ့ပေ။ အပျော်နှင့် ဗိုက်ပြည့်နေပြီဖြစ်သည်။ ရပ်ကွက်ဘုန်းကြီးကျောင်းက အသံချဲ့စက်ဖြင့် ကထိန်လှည့်တော့မည်ဖြစ်ကြောင်း အားလုံးအဆင်သင့်နေရာယူကြရန် ဆော်ဩနေပြီဖြစ်၍ မြေးအဘွားနှစ်ယောက် သူတို့ရှိသမျှထဲက အကောင်းဆုံးအဝတ်အစားလေးရွေးကာ ရေမိုးချိုးပြီး ပြင်ဆင်လျက် ဘုန်းကြီးကျောင်းသို့ ရောက်လာခဲ့သည်။ သင်္ကန်းဖိုးပေးပြီး သင်္ကန်းတစ်စုံယူလိုက်သည်။ ဒေါ်သိန်းမေတစ်ယောက် သင်္ကန်းထုပ်လေးရင်ခွင်ပိုက်၍ အများနည်းတူတန်းစီလိုက်သည်။ အောင်နိုင်လည်း ငွေပဒေသာပင်လေးကိုင်၍ တန်းစီနေပေပြီ။ ကထိန်လှည့်ရန် အားလုံးအဆင်သင့်ဖြစ်ပြီမို့ ကထိန်တန်းကြီးက ဘုန်းကြီးကျောင်းက စထွက်လာတော့သည်။

“ဘုံကထိန် ဘုံကထိန် ဘုံကထိန်လှည့်လို့လာ ဘုံကထိန် ဘုံကထိန် ဘုံကထိန်လှည့်လို့လာ လမ်းဘေးကကြည့်သူတွေ ကြိတ်ကြိတ်တိုးလို့တအားစည်” ကထိန်သီချင်းလေးက တစ်လမ်းလုံးပျံ့လွင့်လာသည်။ ယခင်နှစ်တွေတုန်းကတော့ အောင်နိုင်တို့မြေးအဘွားနှစ်ယောက်က ကထိန်လှည့်သူများကို ကြည့်ရသည့်သူ၊ သူများလှူနေသည်ကို အားကျစွာကြည့်ရသည့် ပရိသတ်များဖြစ်သည်။ ယခုတော့ လှူတန်းသူများနှင့်အတူတူ ကထိန်လှည့်ပါဝင်ရပြီမို့ သူတို့ရည်မှန်းချက်လေး အထမြောက်ခဲ့ပြီဖြစ်သည်။

“ဟဲ့ ဟိုမှာ အဝတ်လျှော်တဲ့ ဒေါ်သိန်းမေကြီးမဟုတ်လား”

“အမယ် ကထိန်သင်္ကန်းပိုက်လို့ သားသားနားနားနဲ့တော်”

“ဟုတ်ပအေ”

“လှလို့ပလို့တော့”

“အမယ် ရှေ့က သူ့မြေးအောင်နိုင်မဟုတ်လား ငွေပဒေသာပင်ကိုင်လို့တော်”

“ပြုံးပျော်နေကြတာ မြေးအဘွားနှစ်ယောက်”

ဒေါ်သိန်းမေတစ်ယောက် ကျလာသောမျက်ရည်များကို သုတ်ရင်း သူတို့မြေးအဘွား၏ ချွေးနဲ့စာနှင့် ရင်းခဲ့သောကထိန်အလှူလေးအထမြောက်ပြီမို့ သွားလေသူခင်ပွန်း ကိုအောင်မင်းကို စိတ်ထဲတမ်းတပြီး-

“အဘိုးကြီးရေ ရှင့်ကိုရည်စူးပြီး ကထိန်သင်္ကန်းလေးလဲကပ်နိုင်ပြီနော်။ ငွေပဒေသာပင်လေးလဲ စိတ်ကူးရည်စူးထားတဲ့အတိုင်း တတ်နိုင်သလောက်လှူနိုင်ပြီမို့ ရေစက်ချအမျှဝေရင်း ရောက်တဲ့အရပ်က သာဓုခေါ်ပါနော်”

“ဗုဒ္ဓဘာသာအလှူရှင်များ ရည်စူးဒါနပြုကြသူဌာ ပဒေသာပင်တွေဝေဝေဆာ အတီး၊ အမှုတ်၊ အကခုန်တွေလဲပါ”

ဒေါ်သိန်းမေစိတ်ထဲ မရှိလို့မလှူ မလှူလို့မရှိ ဆိုသည့်စကား ရင်ဝယ်ထားခဲ့သည်။ တစ်မူးရလို့ တစ်ပဲလှူဆိုသည့်သီချင်းလေးအတိုင်း မိမိတို့မြေးအဘွား၏ သမ္မာအာဇီဝကျသည့် ရိုးသားစွာအပင်ပန်းခံကာ ချွေတာစုဆောင်းခဲ့သည့် ငွေလေးနှင့် အခက်အခဲများကြားထဲက ရှုန်းကန်အားတင်းရင်း လှူရသည့်အလှူလေးဖြစ်သည်။ ရည်မှန်းထားသည့်အတိုင်း စိတ်ကဆောင်၍ လုပ်ဆောင်နိုင်ခဲ့သဖြင့် ယခုတော့ ကထိန်အလှူလေး အထမြောက်ခဲ့ပြီဖြစ်သည်။ မိမိတို့ကထိန်ကုသိုလ်အလှူလေးကို အားလုံးရရှိကြပါစေဟု စိတ်ထဲကဆုတောင်း၍ အမျှပေးဝေလိုက်ပါတော့သည်။

## ဆောင်းရောက်ပြီလေ

\- ဆောင်းရောက်ပြီလေ
ရွက်ဝါကြွေ မြေမှာခ၊
နှင်းမှုန်ရည် ပုလဲစက်တို့
ဖျန်းပက်ကာလ။

\- ဆောင်းရောက်ပြီလေ
ခိုက်တုန်ပေ တို့အများ၊
ရာသီဒဏ် ကာကွယ်ရေးအတွက်
မီးမွှေးစို့လား။

\- ဆောင်းရောက်ပြီလေ
စိမ်းဝါရွှေ စပါးခင်း၊
ရိတ်သိမ်းချိန် တန်ပြီမို့
လယ်ထဲသို့ဆင်း။

\- ဆောင်းရောက်ပြီလေ
နွဲ့ကြပေ မီးပုံပွဲ၊
မြူးပျော်ကာ ကခုန်ပြေးလို့
တေးသံမစဲ။

\- ဆောင်းရောက်ပြီလေ
ခြယ်သပေ အလှထူး၊
ဆေးပန်းချီ ရေးသကဲ့သို့
ဖွဲ့မမီဘူး။

\- ဆောင်းရောက်ပြီလေ
ဗုဒ္ဓမြေ ကထိန်ပွဲ၊
မြန်မာ့ဓလေ့ စည်ကာဖြိုးပါလို့
ရိုးရာဆင်နွှဲ။ ။

**မင်းသူရိန်(သာကီနွယ်)**

# လဟယ်မြို့နယ် ယွန်တိုင်းကျေးရွာ၌ ဆပ်ပြာရည်အမျိုးမျိုးပြုလုပ်နည်းသင်တန်းဆင်း

**လဟယ် အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ယွန်တိုင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုဆပ်ပြာရည်အမျိုးမျိုးပြုလုပ်နည်းသင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသူ ၁၅ ဦးကို သင်တန်းတွင် လက်တွေ့ပြုလုပ်ခဲ့သည့် ဆပ်ပြာရည်ဘူးများနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၄ ရက်မှ အောက်တိုဘာ ၂၉ ထိ ခြောက်ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပေးခဲ့ကြောင်း လဟယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းက ပြောပြ၍ သိရသည်။

**အတွေး**

# မန်းရတနာပုံလေကြောင်းလိုင်းက ရန်ကုန်-မန္တလေး-မြစ်ကြီးနား-မန္တလေး-ရန်ကုန် ခရီးစဉ်ကို နိုဝင်ဘာ ၁ ရက်မှ စတင်ပျံသန်းပြေးဆွဲပေးသွားမည်




**ရန်ကုန် အောက်တိုဘာ ၃၁**

မန်းရတနာပုံလေကြောင်းလိုင်းက ရန်ကုန်-မန္တလေး-မြစ်ကြီးနား-မန္တလေး-ရန်ကုန်ခရီးစဉ်ကို နိုဝင်ဘာ ၁ ရက်မှ စတင်ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း၏ သတင်းများအရ သိရသည်။

မန်းရတနာပုံလေကြောင်းလိုင်းအနေဖြင့် ရန်ကုန်-မန္တလေး-မြစ်ကြီးနား-မန္တလေး- ရန်ကုန်ခရီးစဉ်ကို နိုဝင်ဘာ ၁ ရက်မှစတင်၍ အပတ်စဉ်အင်္ဂါ၊ ကြာသပတေးနှင့် တနင်္ဂနွေနေ့တို့တွင် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ပြီး လေယာဉ်ပျံသန်းပြေးဆွဲပေးမည့် အချိန်စာရင်းကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန်းရတနာပုံလေကြောင်းလိုင်းဖြင့်သွားလာမည့် ပြည်တွင်းခရီးသွားများသည် ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြု ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို လွန်ခဲ့သော ၁၄ ရက်ကျော်က အကြိမ်ပြည့်ထိုးနှံထားသော ဆေးထိုးလက်မှတ် ပြသရန်လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးထားသော လူကြီးများနှင့် အသက် ၁၂ နှစ်မှ ခြောက်နှစ်ကလေးများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ အသိအမှတ်ပြုဆေးရုံ၊ ဆေးခန်း၊ ဓာတ်ခွဲခန်းများနှင့် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ၄၈ နာရီအတွင်း RDT Test မဖြစ်မနေ စစ်ဆေးထားသော ကိုဗစ်-၁၉ ရောဂါပိုး ကင်းရှင်းကြောင်း ထောက်ခံချက်ကို လေဆိပ် Check in တွင် ပြသရန်လိုအပ်ကြောင်း၊ အသက် ခြောက်နှစ်အောက် ကလေးငယ်များမှာမူ RDT Test ကို ကင်းလွတ်ခွင့်ရှိကြောင်း သိရသည်။

မန်းရတနာပုံလေကြောင်းလိုင်း၏ လေယာဉ်လက်မှတ်များကိုနီးစပ်ရာ လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်များ (Travels & Tours) သို့မဟုတ် Call Center ဖုန်းနံပါတ်ဖြစ်သည့် ၀၉-၄၀၄၄၆၀၀၀၆ နှင့် ၀၉-၄၀၄၄၆-၀၀၀၇ သို့ နံနက် ၉ နာရီမှ ညနေ ၅ နာရီ မိနစ် ၃၀ အတွင်း ဆက်သွယ် စုံစမ်းဝယ်ယူနိုင်ကြောင်း၊ ထို့ပြင် Onlineမှဝယ်ယူလိုပါက MYP Chatbot m.me/ Mann YadanarPon Airlines နှင့် website www.airmyp.com တွင် MPU ,VISA, MASTER card အပါအဝင် 2C2P paymentmethod များဖြင့် ငွေပေးချေ၍ ဝယ်ယူနိုင်ကြောင်း မန်းရတနာပုံ လေကြောင်းလိုင်းမှ သိရသည်။

(၃၃၆)

# အောင်လံမြို့နယ် ဟိုင်းကြီးဒိုးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**အောင်လံ အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဟိုင်းကြီးဒိုးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဒေါ်ကေဇာသွယ်နှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်ဇေယျတို့က ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်မြို့နယ် ဦးစီးမှူးက လုပ်ငန်းအားလုံး သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ဟိုင်းကြီးဒိုးကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၆၀၀ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် အကျယ်နှစ်လက်မ၊ အရှည်ပေ ၃၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၂၄ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အင်ဂျင်နီယာစုဖွဲ့မှုဖြင့် ဇွန်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဟိုင်းကြီးဒိုးကျေးရွာရှိ အိမ်ခြေ ၂၁၄ အိမ်၊ လူ ၈၄၇ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် နွေရာသီကာလ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်ဇေယျကပြောပြ၍ သိရသည်။

ကိုလှိုင်

# ရပ်စောက်မြို့နယ် လယ်တော်ကျေးရွာ၌ ဖြုန်းကျောက်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရပ်စောက် အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်လမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေရရှိစေရန်အတွက် Cash for Work စီမံကိန်းဖြင့် လယ်တော်ကျေးရွာ၌ ဖြုန်းကျောက်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာ၊ ရပ်စောက်မြို့နယ်ဦးစီးမှူး ဦးရှေးရယ်နှင့် တာဝန်ရှိသူများကကျေးရွာကော်မတီဝင်များနှင့်အတူ Cash for Work စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် လယ်တော်ကျေးရွာ၌ အရှည်ပေ ၃၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်



လက်မရှိ ကျေးရွာတွင်းလမ်း ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

လယ်တော်ကျေးရွာ၌ Cash for Work စီမံကိန်းဖြင့် ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် လယ်တော်ကျေးရွာရှိ အိမ်ခြေ ၈၅ အိမ်၊ လူဦးရေ ၃၁၀ တို့ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရှိုသန်းညွန့်

# ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကွတ်ခိုင် အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ခိုလုံကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ခိုလုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

နိုးမိုးကျော်



# တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တို့တွင် ဂျုံမျိုးစေ့ထုတ်ကွက် ၆၂၇ ဧက စိုက်ပျိုးမည်

**ဟားခါး အောက်တိုဘာ ၃၁**

ချင်းပြည်နယ် တီးတိန်မြို့နယ်နှင့်တွန်းဇံမြို့နယ်တို့တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီက ဂျုံမျိုးစေ့ထုတ်ကွက် ၆၂၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးက ပြောပြ၍ သိရသည်။

ချင်းပြည်နယ် တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ရေဆင်း(၈)၊ ရေဆင်း(၉)၊ ရေဆင်း(၁၀)၊ ရေဆင်း(၁၂)၊ ဂျုံဖြူစသည့် ဂျုံမျိုးစေ့ထုတ်ကွက် ၆၂၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“တီးတိန်မြို့နယ်နဲ့ တွန်းဇံမြို့နယ်တို့မှာ အကျိုးဆောင်တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဂျုံမျိုးစေ့ထုတ်ကွက် ဧက ၆၀၀ ကျော် စိုက်ပျိုးသွားမှာ ဖြစ်တယ်။ လိုအပ်တဲ့ မျိုးစေ့တွေကိုလဲ ဌာနကပံ့ပိုးပေးသွားမှာဖြစ်တဲ့အပြင် မျိုးစေ့ထုတ်ကွက်ကနေ ထွက်ရှိလာမဲ့မျိုးတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနကနေ ပြန်လည်ဝယ်ယူသွားမှာ ဖြစ်ပါတယ်”ဟု ချင်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးက ပြောပြသည်။

ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ပူးပေါင်း၍ တီးတိန်မြို့နယ်အတွင်း ကျေးရွာနှစ်ရွာ၌ ရေဆင်း(၉)၊ ရေဆင်း(၁၀)ဂျုံမျိုးစေ့ထုတ်ကွက် ၄၁၉ ဧကကို လည်းကောင်း၊ တွန်းဇံမြို့နယ်အတွင်း ကျေးရွာသုံးရွာ၌ ရေဆင်း(၈)၊ ရေဆင်း (၁၂)၊ ဂျုံဖြူမျိုးစေ့ထုတ်ကွက် ၂၀၈ ဧကကိုလည်းကောင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများ၊ နယ်ခြားဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင် တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့်သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# နမ့်ခမ်းမြို့နယ်၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းပြီးစီးမှု စစ်ဆေး

**နမ့်စမ်း အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် မန်ကန်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မန်ကန်ကျေးရွာ၌ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မန်ကန်ကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမ အလျားပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါဘက်စုံသုံးခန်းမ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ရာသီမရွေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးက ပြောပြ၍ သိရသည်။



**ကျော်ခိုး**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၂-၁၂-၂၀၂၂ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံးအရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www. myawady.net.mm/Sgt(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၀-၂၀၂၂ ရက်နေ့မှ ၃၀-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့ မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁)အရာခံနှင့်အကြပ်ကြီး သင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့်အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S(Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ်သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ(၁၄၄၀၀၀) ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံ လစာ(၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အခြေခံ လစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာနှင့် သတ်မှတ်စရိတ်များခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင်(၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေး သူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြား ရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ လွတ်လပ်ပြီးတရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ဖို့ဟာ အလွန်အရေးကြီးပါတယ်။ ရွေးကောက်ပွဲဟာ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာနဲ့သက်ဆိုင်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါတယ်။ လွတ်လပ်ပြီးတရားမျှတမှုသာ ပြည်သူတွေလိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မြဲစေပြီး နိုင်ငံရဲ့ နိုင်ငံရေးသမိုင်းနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာလည်း ဂုဏ်သိက္ခာမြင့်မားစေမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုတွေကျူးလွန်ခြင်း၊ နည်းမျိုးစုံနဲ့ မသမာမှုလုပ်ဆောင်ခြင်းစတာတွေ ပေါ်ပေါက်လာတယ်ဆိုရင်တော့ နိုင်ငံရဲ့ ပုံရိပ်ကျဆင်းစေပြီး နိုင်ငံရဲ့ ဒီမိုကရေစီခရီးလမ်းဟာလည်း အနုတ်လက္ခဏာဆောင်မှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲမသမာမှုတွေဟာ နိုင်ငံရဲ့ ဒီမိုကရေစီယဉ်ကျေးမှုလမ်းကြောင်းကို ပုံရိပ်ကျသွေဖည်သွားစေခဲ့ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

၁-၈-၂၀၂၂

**ရာသီဥတုဖောက်ပြန်မှုကို လျော့ကျစေမည့် နည်းလမ်းခုနစ်သွယ် ဆောင်းပါး** စာမျက်နှာ - ၂၅

**အောက်တိုဘာ ၃၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိ တွေ့ရှိ** 

**အောက်တိုဘာ ၃၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါစာတ်ခွဲအတည်ပြုလူနာသစ် ၉၁ ဦး တွေ့ရှိ** စာမျက်နှာ - ၁၇

**မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို အနိုင်ရရှိ** စာမျက်နှာ - ၆

# PDF အကြမ်းဖက်အဖွဲ့များထံ ဆေးဝါးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ပေးနေသည့် တရားခံများကို ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ




**နေပြည်တော် အောက်တိုဘာ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကို အားပေးကူညီလျက်ရှိသောလူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ ပြည်တွင်း၊ ပြည်ပမှ အစွန်းရောက် အကြမ်းဖက်ထောက်ခံသူများထံမှ ငွေကြေးများကောက်ခံကာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို အကြမ်းဖက်အဖွဲ့များထံသို့ နည်းမျိုးစုံသုံး၍ ပေးပို့လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသော တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးတိုင်ကြားမှုကြောင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် ပုလဲ-ဂန့်ဂေါသွားကားလမ်းဆုံ၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များထံ ထောက်ပံ့မည့် တရားမဝင်ဆေးဝါးနှင့် ဆေးပစ္စည်းများတင်ဆောင်၍ ယာဉ်မောင်း **ကျော်လွင်ထက်(ခ) သားသား** မောင်းနှင်ပြီး ယာဉ်နောက်လိုက် **စွာကျဲအို** လိုက်ပါလာသည့် ခြောက်ဘီးယာဉ်ပေါ်မှ **မေ့ဆေးစက် တစ်လုံး၊ ဆေးပစ္စည်းမျိုးစုံကတ်ထူ ၂၅ ဖာ၊** စာမျက်နှာ ၁၈ ကော်လံ ၁ ☆

**MYAWADDY TRADING LIMITED**





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257